ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်၊ သောကြာနေ့၊ (19-12-2014) (၈၀၅၉)

## ယခုလည်းကောင်း နောင်လည်းကောင်း

- ပကာသန၊ မပါကြဘဲ
ဒါနစုစု၊ ကောင်းအောင်ပြုလော့၊
- တစ်ခုဒါန၊ ပါရှုံမျှဖြင့်
သံသရာကြီး၊ လမ်းခရီးကား
ဘယ်နည်းနှင့်မျှ၊ မဖြောင့်ကြဘူး၊
- သီလအကျင့်၊ လုံအောင်ကျင့်လျက်
အသင့်မေတ္တာ၊ ကရုဏာနှင့်
သစ္စာခန္တီ၊ စိတ်လည်းရှည်၍
ကိုယ်စီစိတ်မူ၊ ကောင်းအောင်ပြုမှ
ယခုလည်းကောင်း၊ နောင်လည်းကောင်းလိမ့်။

မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို အုတ်မြစ်ချ လုပ်ဆောင်ပေးသွားမည်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၊ ဒုတိယဝန်ကြီးများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ကလေးမြို့နယ် ကျီကုန်းကျေးရွာ ရာဇဂီရိကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်ထားသော မဟာသာက ပဋ္ဌိမာရေဆန်ကျွန်းမြတ် ဗုဒ္ဓရုပ်ပွားတော်မြတ်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မဟာသာက ပဋ္ဌိမာရေဆန်ကျွန်းမြတ် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ကပ်လှူပူဇော်ဖူးမြော်ကြည်ညိုသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဗုဒ္ဓရုပ်ပွားတော်မြတ်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးငွေအောင်က ဗုဒ္ဓရုပ်ပွားတော်မြတ်ပုံတော်ကို ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

> **အသေးစားစက်မှုလုပ်ငန်းများမှ ထွက်ရှိလာသည့် ထုတ်ကုန်များကို ပြည်တွင်းပြည်ပ ပို့ကုန်အဖြစ် ထုတ်လုပ်ရောင်းချနိုင်မည်ဖြစ်။**

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဗုဒ္ဓရုပ်ပွားတော်မြတ်၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး သာသနိကအဆောက်အအုံများကို လှည့်လည်ကြည့်ရှုလေ့လာသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ကလေးမြို့ ပင်လုံရပ်ကွက်ရှိ ဥပုသ်ချောင်းကူးတံတားဖြစ်သည့် ဆိပ်ကမ်းသာတံတားသစ် တည်ဆောက်ပြီးစီးမှုနှင့် ဥပုသ်ချောင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ကလေးမြို့တွင် မြို့ပြဖွံ့ဖြိုးတိုးတက်နေမှုအခြေအနေများကို **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကလေးမြို့ မြို့တော်ခန်းမတွင် ကလေး၊ ကလေးဝ၊ မင်းကင်း၊ တမူးနှင့် မော်လိုက်ခရိုင်များမှ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# ရန်ကုန်စတော့အိတ်ချိန်းထူထောင်ရန် ကြိုးပမ်းမှုများခရီးရောက်နေပြီ

**ရန်ကုန် ဒီဇင်ဘာ ၁၈**

စတော့အိတ်ချိန်းဈေးကွက်များသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် အဓိကတွန်းအားတစ်ရပ်ဖြစ်သည်။ ကာလရှည်အရင်းအနှီးများစုစည်းရာ၊ စီးဆင်းရာဈေးကွက်တစ်ခုဖြစ်သည်။ ယခုအခါ နိုင်ငံအတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသောအချက်ဖြစ်သည့် အဆိုပါစတော့အိတ်ချိန်းဈေးကွက် ဖော်ဆောင်မှုများ အကောင်အထည်ပေါ်နေပြီဟု သိရသည်။

ရန်ကုန်စတော့အိတ်ချိန်းထူထောင်ရန်အတွက် မြန်မာ့စီးပွားရေးဘဏ်နှင့် ဂျပန်နိုင်ငံမှ ဒိုင်ဝါ ဂျပန်စတော့အိတ်ချိန်းအုပ်စုတို့ ဖက်စပ်သဘောတူစာချုပ်ကို ယခုလအတွင်းရေးထိုးရန်ရှိကြောင်း၊ ဥပဒေကိုမူ ၂၀၁၃ ခုနှစ်တွင် ပြဋ္ဌာန်းပြီးဖြစ်၍ နည်းဥပဒေများရေးဆွဲခြင်းလည်း ပြီးစီးသွားပြီဖြစ်ကြောင်း၊ ကြီးကြပ်အုပ်ချုပ်မည့် ငွေချေးသက်သေခံလက်မှတ်ကြီးကြပ်ရေးကော်မရှင်(Securities Exchange Commission of Myanmar)ကိုလည်း အဖွဲ့ဝင် ခုနစ်ဦးဖြင့် ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ ယင်းရုံးအဖွဲ့ကိုလည်း ဖွဲ့စည်းပြီးဖြစ်၍ သင်တန်းများပေးလျက်ရှိကြောင်း၊ ရုံးထိုင်မည့်နေရာ၊ ရန်ကုန်စတော့အိတ်ချိန်း ထူထောင်မည့်နေရာများကို ပြင်ဆင်ခြင်းများလည်း စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ဒီဇင်ဘာ ၁၄ ရက် နံနက်က ရန်ကုန်မြို့ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း သင်တန်းခန်းမ၌ ပေါ်ပေါက်လာတော့မည့် "ရန်ကုန်စတော့အိတ်ချိန်းမိတ်ဆက်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ" ဟောပြောပွဲတွင် ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ ဘဏ္ဍာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက ပြောကြားခဲ့သည်။

ဆက်လက်၍ ရှေ့လုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများကို လိုင်စင်ထုတ်ပေးတော့မည်ဖြစ်ကြောင်း၊ လုံခြုံရေးကုမ္ပဏီနှင့်ပတ်သက်၍ လိုင်စင်လေးမျိုးထုတ်ပေးရန်ရှိကြောင်း၊ ၎င်းလိုင်စင်များမှာ ငွေချေးသက်သေခံလက်မှတ်များကို တာဝန်ခံ၍ တစ်ဆင့်ဖြန့်ချိရောင်းချခြင်းလုပ်ငန်း၊ ငွေချေးသက်သေခံလက်မှတ်များ ကိုယ်ပိုင်ရောင်းဝယ်ခြင်းလုပ်ငန်း၊ ငွေချေးသက်သေခံလက်မှတ် အကျိုးဆောင် သို့မဟုတ် ကိုယ်စားလှယ်လုပ်ငန်း၊ ငွေချေးသက်သေခံလက်မှတ် ရင်းနှီးမြှုပ်နှံမှုအတွက် အကြံပေးခြင်းလုပ်ငန်းတို့ဖြစ်ကြောင်း၊ ယင်းလိုင်စင်များနှင့် ပတ်သက်၍ သတ်မှတ်ချက်များကို မကြာမီ ကြေညာသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ဟောပြောပွဲသို့ စိတ်ဝင်စားသူ ၆၀၀ ခန့် တက်ရောက်ခဲ့သည်။ **(ကြေးမုံ)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၈-၁၂-၂၀၁၄

| | | | | |
|---|---|---|---|---|
| ဗန်းမော် | သုည | ဒသမ | ၅၉ | လက်မ |
| လားရှိုး | သုည | ဒသမ | ၄၈ | လက်မ |
| မချမ်းဘော | သုည | ဒသမ | ၄၃ | လက်မ |
| ပူတာအို | သုည | ဒသမ | ၂၄ | လက်မ |
| ကန့်ဘလူ | သုည | ဒသမ | ၂၄ | လက်မ |

UPVC Windows & Doors
Manufacturing
The Best Windows
Weather Proof Water Proof
The quality products
UPVC Window & Door များကို ကိုရီးယားနိုင်ငံမှ နည်းပညာအသစ်ဖြင့် အရည်အသွေးမြင့် ထုတ်လုပ်ထားသော ကုန်ကြမ်းများကို တိုက်ရိုက်တင်သွင်းပြီး ကိုရီးယား စက်ကြီးများဖြင့် ကိုရီးယားနည်းပညာအတိုင်း ထုတ်လုပ်ထားပါသည်။ မှလွန်းအေးလွန်းသည့် ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိခြင်း၊ UV Coated ပါရှိခြင်းကြောင့် အရောင်မပြောင်းလဲဘဲ နှစ်ကာလကြာရှည် ခိုင်ခံ့ခြင်း၊ အသံလုံ၍ အသုံးပြုရ ပေါ့ပါးခြင်း စသည့် အားသာချက်တို့ကို ရရှိစေပါသည်။
ကိုရီးယား ABS Moulding Door အမျိုးမျိုး၊
ကိုရီးယား UPVC Window & Door ဆိုဒ်အမျိုးမျိုး တို့ကို မိမိစိတ်တိုင်းကျ Order မှာယူနိုင်ပါသည်။
- Vinyl Tiles
- Carpet Tiles
- Eco Art Tiles
Floor Tiles အမျိုးမျိုးတို့ကို စိတ်ကြိုက်အော်ဒါမှာယူနိုင်ပါသည်။
HOME GALAXY Interior Mall
Showroom (1) : Building No.7, Junction Square Shophouse, Junction Square Shopping Centre, Pyay Road, Yangon, Myanmar
Showroom (2) : No.15, Corner of Pyay Road & Wek Zar Nyi Naung St, 9 miles, Yangon, Myanmar.
Tel - 01-2304337, 01-2304351, 01-2304352, 09-421145756, 09-448541513, 01-664675, 01-663309

ကြေးမုံ စာတည်းရှုထောင့် ၁၉-၁၂-၂၀၁၄၊ သောကြာနေ့

# အဆောက်အအုံများ ကြံ့ခိုင်

တိုးပွားလာနေသော လူဦးရေနှင့်အတူ မြို့ပြဖွံ့ဖြိုးမှု စနစ်တကျရှိစေရေး ရေတိုရေရှည်စီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေသည်။ အထူးသဖြင့် မြို့ပြဧရိယာ တိုးချဲ့ခြင်းများကို မဖြစ်မနေ ဆောင်ရွက်ပေးရမည့် အခြေအနေများရှိလာနေပြီ။

နမူနာအားဖြင့် လှိုင်မြစ်အနောက်ဘက်ကမ်း တွံတေးတူးမြောင်းနှင့် ပန်းလှိုင်မြစ်အကြား အနောက်ဘက်မှာ တွံတေး-လှိုင်သာယာကားလမ်း အနားသတ်ပေးထားသော ဤအဝန်းအဝိုင်းသည် လတ်တလောမှာ ဖွံ့ဖြိုးမှုနိမ့်ကျနေသည့် နေရာတစ်ခုဖြစ်နေဆဲ။ ရန်ကုန်ဘက်ကမ်းတွင် ပင်လယ်ကူးသင်္ဘောကြီးများ ဝင်၊ ထွက်သွားလာစည်ကားမပျက်ရှိနေချိန်။ အနောက်ကမ်းမျက်နှာစာမလှမပရှိနေသည်မှာ နိုင်ငံ၏ ပုံရိပ်ကို ထိခိုက်ဖွယ်ရာဖြစ်နေသည်။

မဟာရန်ကုန်နှင့် အနီးစပ်ဆုံး ဤနေရာကို မြို့ပြအင်္ဂါရပ်နှင့်အညီ ပွင့်လင်းမြင်သာစွာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပြီဆိုပါလျှင် အနောက်ဘက်ကမ်းဒေသဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေပြီး မြို့ပြမျက်နှာစာလည်း သန့်ရှင်းလှပကာ တစ်ချက်ခုတ် နှစ်ချက်ပြတ် အကျိုးဖြစ်ထွန်းသွားစေမည်အမှန်ဖြစ်ပါသည်။

လတ်တလောတိုးပွားလာသော လူဦးရေကို ဖြေရှင်းနည်းတစ်မျိုးမှာ မြို့ပြရပ်ဝန်းများ အထူးသဖြင့် သာကေတ၊ သဃ်န်းကျွန်း၊ ဥက္ကလာပနှင့် မြို့သစ်များတွင် ကန်ထရိုက်တိုက်များ အမြောက်အမြား ထိုးထိုးထောင်ထောင် ပေါ်ပေါက်လာခြင်းဖြစ်သည်။ မိသားစုနေအိမ်ကို မိသားစု ၁၀ စုမကနေလို့ရအောင် ဤလုပ်ဆောင်ချက်သည် တိုးပွားလာသော မြို့ပြလူဦးရေအတွက် နေရေးကိုဖြေရှင်းနည်းတစ်မျိုးဟုဆို၍ရပါသည်။

ကိုယ်ပိုင်မှ အများပိုင်ဖြစ်သွားရသော ကန်ထရိုက်တိုက်များတွင် မှန်မှန်ကန်ကန်အင်ဂျင်နီယာပညာနှင့်စနစ်တကျ တည်ဆောက်မှုများရှိသလို မမှန်မကန်နှင့် ကြံ့ခိုင်မှုမရှိဖြစ်သလိုဆောက်လုပ်နေကြသော ကန်ထရိုက်တိုက်များက ရှိနေသည်။ စည်ပင်မှစနစ်တကျစိစစ်လာသောအခါ ရပ်တန့်ကာ ဒဏ်ကြေးပေးဆောင်နေရသော ကန်ထရိုက်တိုက်များ၊ ပြန်လည်ဖြိုချခံနေရသော ကန်ထရိုက်တိုက်များရှိနေသည်။ တချို့တိုက်များဆိုလျှင် ဆောက်ပြီးသည်နှင့် အားနည်းချက်များကို တွေ့ရသည်။ တက်ရောက်နေထိုင်သော မိသားစုများအတွက် အန္တရာယ်ဖြစ်စေမည့် မမှန်မကန် ကန်ထရိုက်တိုက်များရှိလာနေခြင်းက မြို့ပြ၏ဖွံ့ဖြိုးမှုအတွက် အနှောင့်အယှက်တစ်ရပ်ဖြစ်သည်။

အထပ်မြင့်အိမ်ရာများဆောက်လုပ်ရာတွင် အထူးသတိပြုသင့်သည့်အချက်တစ်ရပ်မှာ ငလျင်ပြတ်ရွေ့များပင်ဖြစ်သည်။ ရန်ကုန်မြို့ အရှေ့ဘက် ကီလိုမီတာ ၂၀ အကွာတွင် စစ်ကိုင်းပြတ်ရွေ့၊ အနောက်မြောက်ဘက်တွင် တိုက်ကြီး၊ ပဲခူးရိုးမအနောက်ခြမ်းပြတ်ရွေ့နှင့် အနောက်တောင်ဘက်တွင် ကျိုက်လတ်နှင့် ဒေးဒရဲတို့ကိုဖြတ်သွားသည့် ဒေးဒရဲပြတ်ရွေ့များရှိသည်။ ပညာရှင်များက ဤပြတ်ရွေ့များသည် ငလျင်ကြီးများလှုပ်ခတ်စေနိုင်သည်ဆိုငြားလည်း အမှန်တကယ် အန္တရာယ်ပေးနိုင်သည့်ပြတ်ရွေ့မှာ စစ်ကိုင်းပြတ်ရွေ့ဖြစ်ကြောင်း သုံးသပ်ထားကြသည်။

ယခုနှစ်ဩဂုတ် ၄ ရက် ညနေက ရစ်ချ်တာစကေး ၄ ဒသမ သုညအဆင့်ရှိ ငလျင်တစ်ခုသည် ရန်ကုန်မြို့ ကမ္ဘာအေးမြေငလျင်စခန်း၏ အနောက်မြောက်ဘက် တစ်မိုင်ဝန်းကျင်ခန့်ကို ဗဟိုပြုလှုပ်ခတ်သွားခဲ့သည်။ ထိုစဉ်က ဆောက်လုပ်ပြီးစ တိုက်တစ်လုံး တိမ်းစောင်းသွားမှုဖြစ်သွားခဲ့သည်။ အောက်ခြေမခိုင်၊ ကြံ့ခိုင်မှုမရှိသော ကန်ထရိုက်တိုက်များအား ရန်ကုန်ငလျင်က ကြိုတင်သတိပေးသွားခြင်းဟုဆိုရမည်။

မည်သို့ဆိုစေ လူနေမှုစနစ်အရ ရန်ကုန်မြို့၏ဖွဲ့စည်းမှုပကတိအခြေအနေအရ တိုးပွားလာသော လူဦးရေကို တစ်နည်းတစ်ဖုံ ဖြေရှင်းပေးနေသော ဤကန်ထရိုက်တိုက်များဆောက်လုပ်နေကြရာတွင် ငလျင်ပြတ်ရွေ့များကိုလည်း သတိထားသင့်ပါသည်။ အနာဂတ် ရန်ကုန်၏အဆင့်မြင့်၊ အထပ်မြင့်တိုက်များသည် ငလျင်ဒဏ်ခံအဆောက်အအုံများ ဖြစ်နေပါမှ အန္တရာယ်ကင်းဘေးရှင်းနိုင်မည်ဖြစ်ပါကြောင်း ကြေးမုံက ကြိုတင်အသိပေးလိုက်ရပါသည်။ ။

---

# ယာဉ်မှတ်ပုံတင်နယ်မြေ ပြင်ဆင်သတ်မှတ်

ရန်ကုန် ဒီဇင်ဘာ ၁၈

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ယာဉ်မှတ်ပုံတင်လုပ်ငန်းများနှင့် ယာဉ်မောင်းလိုင်စင်လုပ်ငန်းများအား ဖော်ပြပါအတိုင်း နယ်မြေပြင်ဆင်သတ်မှတ်မည်ဖြစ်ရာ (က) ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) အင်းစိန်ရုံးတွင်ပါဝင်သည့် မရမ်းကုန်းမြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်တို့အား ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း) မြင်သာရုံးသို့လည်းကောင်း၊ (ခ) ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မှ မဟာအောင်မြေမြို့နယ်အား ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)သို့လည်းကောင်း၊ မိုးကုတ်မြို့နယ်အား ခရိုင်ရုံး (ပြင်ဦးလွင်)သို့လည်းကောင်း ပြင်ဆင်သတ်မှတ်မည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် မရမ်းကုန်းမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ မဟာအောင်မြေမြို့နယ်နှင့် မိုးကုတ်မြို့နယ် လိပ်စာဖြင့် မှတ်ပုံတင်ထားရှိသောယာဉ်နှင့် ယာဉ်မောင်းလိုင်စင်လုပ်ငန်းများအား အထက်ဖော်ပြပါ ပြင်ဆင်သတ်မှတ်သည့် ရုံးများတွင် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

---

# ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများကို ၂၀၁၈ ခုနှစ် မတ်လမတိုင်ခင် နိုင်ငံသားစိစစ်မှု ပြုလုပ်ပေးမည်ဖြစ်

နေပြည်တော် ဒီဇင်ဘာ ၁၈

ထိုင်းနိုင်ငံက ထုတ်ပေးသော နေထိုင်အလုပ်လုပ်ကိုင်ခွင့်ကတ်ရရှိထားသည့် မြန်မာအလုပ်သမား ခြောက်သိန်းကျော် အပါအဝင် ထိုင်းနိုင်ငံအတွင်းရှိ မြန်မာရွှေ့ပြောင်းအလုပ်သမား အထောက်အထားမရှိသူများကို ၂၀၁၇ ခုနှစ် မတ် ၃၁ ရက်မတိုင်ခင် နိုင်ငံသားစိစစ်မှု ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်က ယနေ့ပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာသူများနေ့ အခမ်းအနားအပြီး မီဒီယာများနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ လူဦးရေ၏ ငါးရာခိုင်နှုန်းခန့်သည် ရွှေ့ပြောင်းလုပ်သားများအဖြစ် နိုင်ငံအသီးသီးတွင် သွားရောက်လုပ်ကိုင်လျက်ရှိကြပြီး ထိုင်းနိုင်ငံတွင် အများဆုံး ရွှေ့ပြောင်းသွားရောက် လုပ်ကိုင်လျက်ရှိသည်။

ဒုတိယဝန်ကြီးက “ထိုင်းနိုင်ငံတွင် ရောက်ရှိနေတဲ့ ရွှေ့ပြောင်းအလုပ်သမားများနည်းတူ မလေးရှားနိုင်ငံမှာလည်း အခုလို ဆက်လက်ဆောင်ရွက်နိုင်ဖို့ အစီအစဉ်တွေလုပ်နေပါတယ်။ အခြေအနေတွေကြည့်နေပါတယ်။ ဒါပေမယ့် သူတို့မှာက ကန့်သတ်ချက်တစ်ခုရှိတာက ယခုနှစ် ဒီဇင်ဘာ ၃၁ ရက်နောက်ပိုင်းဆိုလို့ရှိရင် တရားမဝင် အလုပ်သမားတွေကို ထိထိရောက်ရောက် အရေးယူမှုတွေလည်း ရှိတယ်ဆိုတော့ သူတို့နိုင်ငံရဲ့ ပေါ်လစီတွေနဲ့ ကိုယ်က ဆောင်ရွက်မယ့် အစီအစဉ်တွေကို ဘယ်လိုဝင်အောင်လုပ်ရမလဲဆိုတာ သူတို့နဲ့ညှိနှိုင်းပြီးတော့ ဆောင်ရွက်သွားဖို့ရှိပါတယ်”ဟု ပြောကြားသည်။

တရားဝင်သွားပါက နှစ်နိုင်ငံရေး ထိုးထားသော သဘောတူညီချက်နှင့် နားလည်မှုများရှိသည့်အတွက် ရွှေ့ပြောင်း အလုပ်သမားများအနေဖြင့် ရသင့်ရထိုက်သည့် အခွင့်အရေးများ မရဘဲ အခက်အခဲကြုံနေပါက အစိုးရအနေဖြင့် သော်လည်းကောင်း၊ အေဂျင်စီများအနေဖြင့်သော်လည်းကောင်း၊ အေဂျင်စီအဖွဲ့ချုပ်အနေဖြင့် သော်လည်းကောင်း ပြဿနာ ဖြစ်ပွားရာသို့ သွားရောက်ပြီး စနစ်တကျ ဆောင်ရွက်ပေးနိုင်သည့်အနေအထား ရှိပြီး တောင်းဆိုပိုင်ခွင့်၊ အရေးဆိုပိုင်ခွင့်များရှိကြောင်း သိရသည်။

**(ကျော်သူထက်)**

---

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် နိုဝင်ဘာ ၁၈

| | | | |
|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၆၆၆၀၀ - | ၆၆၇၆၀၀ |
| မန္တလေး | ရွှေဈေး | ၆၆၆၆၀၀ - | ၆၆၇၆၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၈၄၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၀၂၅ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၈၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၅ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၀၂၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၇၈. ၅ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၆၅. ၄၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၁. ၀၈၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၉၅. ၀၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၁၃၅ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၈၆၃. ၁၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၂. ၉၀၇ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၃၂. ၇၉ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၈၀. ၃၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း






ပြည်တွင်းရေးရာ

# ဒီမိုကရေစီအလေ့အထများ ဆက်လက်ရှင်သန်ခိုင်မာရေး ရင်းနှီးပွင့်လင်းစွာဆွေးနွေး



**နေပြည်တော်　　ဒီဇင်ဘာ　　၁၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နော်ဝေနိုင်ငံ ဝန်ကြီးချုပ်ဟောင်းနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ်ဟောင်း ဒေါက်တာ ဂရိုဟာလမ် ဘရွန့်တ်လန့်ဒ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိနိုင်ငံတော်သမ္မတအိမ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ယင်းသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဦးဝဏ္ဏမောင်လွင်၊ ဦးအောင်မင်း၊ ဦးအုန်းမြင့်၊ ဦးခင်ရီ၊ ဒေါက်တာသန်းအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ နိုင်ငံရေးဆွေးနွေးပွဲများ စဉ်ဆက်မပြတ် ပြုလုပ်သွားနိုင်ရေး၊ ဒီမိုကရေစီအလေ့အထများ ဆက်လက်ရှင်သန်ခိုင်မာရေး၊ ပြည်ထောင်စုတစ်ဝန်းလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးဆိုင်ရာကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# အမေရိကန် ဒေါ်လာ ၅၀၀၀ ဆုချီးမြှင့်မည့် ဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

**မန္တလေး ဒီဇင်ဘာ ၁၈**

စင်ကာပူနိုင်ငံ ASIA Geographic အဖွဲ့အစည်းက ကျင်းပသော အမေရိကန်ဒေါ်လာ ၅၀၀၀ ဆုချီးမြှင့်မည့် ASIAN GEOGRAPHIC IMAGES OF ASIA ဓာတ်ပုံပြိုင်ပွဲအတွက် မြန်မာနိုင်ငံမှ ဓာတ်ပုံဝါသနာရှင်များ ဝင်ကြေးတစ်ဝက်နှုန်းဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်ရန် အဆိုပါပြိုင်ပွဲတွင် Co-sponsor အဖြစ် ပံ့ပိုးပါဝင်မည့် TODAY Group of Companies မှ ဖိတ်ခေါ်လျက်ရှိကြောင်းသိရသည်။ ဝင်ကြေးထက်ဝက်နှုန်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်မည့် အစီအစဉ်မှာ TODAY Group of Companies မှတစ်ဆင့် ဝင်ရောက်ယှဉ်ပြိုင်ရန် လိုအပ်ပြီး ဓာတ်ပုံတစ်ပုံလျှင် ပြိုင်ပွဲဝင်ကြေး USD 10 အစား USD 5 ဖြင့် ပေးပို့ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။ မိမိကိုယ်တိုင် Online မှ ငွေပေးချေရန်အဆင်ပြေသူများအနေဖြင့် www. asiangeo. com/awb တွင် ဝင်ရောက်ပြီး တိုက်ရိုက်ဆက်သွယ်ပေးပို့နိုင်သော်လည်း Code နံပါတ် - TODAY ကို အသုံးပြုမှသာ ပြိုင်ပွဲဝင်ကြေး USD 5 ဖြင့် ပေးပို့နိုင်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံတိုင်းသည် ပြိုင်ပွဲဝင်ကိုယ်တိုင် ရိုက်ကူးထားသည့် မူလလက်ရာဓာတ်ပုံ အရည်အသွေးအတိုင်းဖြစ်ရမည်ဖြစ်ကာ ဓာတ်ပုံအား အရောင်နှင့်အလင်းအမှောင်ပြုပြင်ခြင်း၊ ပြတ်သားအောင် ပြုလုပ်ခြင်း၊ နောက်ခံဝါးခြင်း အစရှိသည့် ကွန်ပျူတာဖြင့် ပြုပြင်ခြင်းများကို ခွင့်ပြုမည် မဟုတ်ဟု သိရသည်။ မူလဓာတ်ပုံမှ ၁၀ ရာခိုင်နှုန်း Crop ပြုလုပ်ခြင်းကိုသာ ခွင့်ပြုထားပြီး ဓာတ်ပုံများကို Infra Red, Gauze, Mosaic, Vivid စသည့် Post-production filter များဖြင့် ပြင်ဆင်ခြင်းများ ခွင့်ပြုမည်မဟုတ်ဘဲ ဓာတ်ပုံပြုပြင်ခြင်းဆိုင်ရာ စည်းမျဉ်းများကို မလိုက်နာသည့် ဓာတ်ပုံများကို ပြိုင်ပွဲဝင်ခွင့် အရည်အသွေးမပြည့်မီသည့် ဓာတ်ပုံများအဖြစ် သတ်မှတ်မည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲသို့ ယမန်နှစ်က မြန်မာနိုင်ငံက ပါဝင်ယှဉ်ပြိုင်ခဲ့ရာ GRAND Prize Winner အဖြစ် မြန်မာနိုင်ငံမှ ကိုကျော်ဝင်းလှိုင်က ဆွတ်ခူးရရှိခဲ့သည်။ ၂၀၁၅ ခုနှစ်အတွက် ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၂၀၁၅ ခုနှစ် မတ် ၁၀ ရက် နောက်ဆုံးထားပေးပို့ရမည်ဖြစ်ပြီး TODAY Group of Companies အမှတ် H လှိုင်မြင့်မိုရ် ကန်လမ်း ကန်ရိပ်မွန်အိမ်ရာ လှိုင်မြို့နယ် ရန်ကုန် ဖုန်း - ၅၀၇၃၈၅၊ ၅၀၇၃၉၀၊ ၅၀၇၃၉၂၊ ၅၀၇၃၉၃ နှင့် အမှတ်(၄)၂၆ ဘီလမ်း (၇၈×၇၉ ကြား) မီးရထားတိုက်တန်းချမ်းအေးသာစံမြို့နယ် မန္တလေး ဖုန်း- ၀၉-၇၃၂၄၃၂၆၉၊ ၀၉-၉၁၀၂၇၅၂၄ သို့ ပေးပို့နိုင်ကာ ပြိုင်ပွဲစည်းကမ်းအသေးစိတ်ကို အဆိုပါရုံးများတွင် မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။ **(ဝဝ၂)**

# ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော်　ဒီဇင်ဘာ　၁၈

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

# ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းအသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ်အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့်ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူ အမည်ပြောင်းလျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများဖြင့် စိစစ်၍ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ၁၈-၁၂-၂၀၁၄ ရက်က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ပုံနှိပ်လုပ်ငန်းသက်တမ်းတိုး ၁၁၀ နှင့် ထုတ်ဝေသူသက်တမ်းတိုး ၈၄ ဦး ပေါင်းသက်တမ်းတိုး ၁၉၄ ဦးအားလည်းကောင်း၊ ပုံနှိပ်လုပ်ငန်းအသစ်လျှောက်ထားသူ ၁၂ ဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ သတင်းစာထုတ်ဝေခွင့်တစ်ဦး၊ ဂျာနယ်ထုတ်ဝေခွင့် ၁၁ ဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် ခုနစ်ဦး၊ အထွေထွေထုတ်ဝေခွင့် ၂၁ ဦး ပေါင်းပုံနှိပ်လုပ်ငန်းနှင့်ထုတ်ဝေခွင့် ၅၂ ဦးတို့အား အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။ လျှောက်ထားသူများအနက် ပုံနှိပ်လုပ်ငန်းသက်တမ်းတိုးတစ်ဦးနှင့် အသစ်လျှောက်ထားသူတစ်ဦး ပေါင်းနှစ်ဦးတို့အား ၎င်းတို့တင်ပြသော ပုံနှိပ်လုပ်ငန်းအမည်နှင့်ပတ်သက်၍ ပြင်ဆင်ရန်အကြောင်းကြားထားဆဲဖြစ်ပါသည်။ အသိအမှတ်ပြုလက်မှတ်အသစ်လျှောက်ထားသူများအနက် ဂျာနယ်ထုတ်ဝေခွင့်လျှောက်ထားသူ နှစ်ဦးတင်ပြလျှောက်ထားသော ဂျာနယ်များ၏ Logo မှာ လက်ရှိထုတ်ဝေခွင့်ပြုထားသော ဂျာနယ်၏ Logo နှင့် ဆင်တူရိုးမှားဖြစ်နေသဖြင့် စိစစ်ဆဲဖြစ်ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက်သက်တမ်းတိုး ၁၆၃ ဦးနှင့် အသစ်လျှောက်ထားသူ ၄၅ ဦးအားလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး ၁၇၉ ဦးနှင့် အသစ်လျှောက်ထားသူ ၁၇၀ အားလည်းကောင်း စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ဂျာနယ်ထုတ်ဝေခွင့်အသစ်လျှောက်ထားသူ ငါးဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့်အသစ်လျှောက်ထားသူ နှစ်ဦး၊ အထွေထွေထုတ်ဝေခွင့်အသစ်လျှောက်ထားသူတစ်ဦးနှင့် သက်တမ်းတိုးလျှောက်ထားသူတစ်ဦး၊ ပုံနှိပ်လုပ်ငန်းအသစ်လျှောက်ထားသူတစ်ဦးတို့ကို အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ပြီး ဂျာနယ်ထုတ်ဝေခွင့်အသစ်လျှောက်ထားသူတစ်ဦးမှာ ထုတ်ဝေခွင့်ရရှိပြီးဖြစ်သော ဂျာနယ်၏ အမည်နှင့် Logo ဆင်တူနေ၍ ကန့်ကွက်သူရှိပါသဖြင့် ခွင့်မပြုခဲ့ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**



**နိုင်ငံတကာ**

# ကိုလံဘီယာ သူပုန်များ အပစ်အခတ်ရပ်စဲကြောင်း ကြေညာထုတ်ပြန်

**ဟာဗားနား ဒီဇင်ဘာ ၁၈**

ကိုလံဘီယာမှ အက်ဖ်အေအာစီသူပုန်များသည် စနေနေ့မှစတင်၍ အချိန်အကန့်အသတ်မရှိ တစ်ဖက်သတ် အပစ်အခတ်ရပ်စဲရေး ကြေညာလိုက်ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ယခုအပစ်အခတ်ရပ်စဲရေးသည် ယာယီ အပစ်အခတ်ရပ်စဲရေးသာဖြစ်မည်၊ ၎င်းတို့ တိုက်ခိုက်ခြင်းခံရလျှင် ရပ်ဆိုင်းသွားမည်ဖြစ်သည်ဟု လက်ဝဲသူပုန်များက ပြောသည်။

ကိုလံဘီယာအစိုးရနှင့် ငြိမ်းချမ်းရေး ဆွေးနွေးလျက်ရှိသည့် ကျူးဘားနိုင်ငံ၌ အက်ဖ်အေအာစီက ယင်းသို့ ကြေညာခြင်းဖြစ်သည်။

သူပုန်များသည် လက်နက်တပ်ဆင်ရန်နှင့် ပြန်လည်စုစည်းရန် တစ်ဖက်သတ် အပစ်အခတ်ရပ်စဲရေးကို အသုံးပြုခြင်းဖြစ်သည်ဟု သမ္မတ ဂွမ်မာန်ချူရဲလ်ဆန်းတို့(စ်)က ဝေဖန်ခဲ့ပြီး စစ်ရေးလှုပ်ရှားမှုများကို ရပ်တန့်ရန် ငြင်းပယ်ခဲ့သည်။ **ဘီဘီစီ။**

# အစ္စရေးနှင့် ပါလက်စတိုင်းတို့ ငြိမ်းချမ်းရေး တည်ဆောက်ရန် လုံခြုံရေးကောင်စီဆုံးဖြတ်ချက် မူကြမ်းတွင် ဖော်ပြ

**ကုလသမဂ္ဂ ဒီဇင်ဘာ ၁၈**

အစ္စရေးနှင့် ပါလက်စတိုင်းအကြား ငြိမ်းချမ်းရေး တည်ဆောက်ရန် တိုက်တွန်းထားသည့် ဆုံးဖြတ်ချက်မူကြမ်းတစ်ရပ်ကို ဂျော်ဒန်နိုင်ငံက ကုလသမဂ္ဂလုံခြုံရေးကောင်စီထံ ဒီဇင်ဘာ ၁၇ ရက်က တင်သွင်းလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

အစ္စရေးနှင့် ပါလက်စတိုင်းအကြား ငြိမ်းချမ်းရေး တည်ဆောက်မှုကို တစ်နှစ်အတွင်း ပြုလုပ်ရန်နှင့် ပါလက်စတိုင်း နယ်မြေများအား အစ္စရေးနိုင်ငံက သိမ်းပိုက်မှုကို ၂၀၁၇ ခုနှစ် နှစ်ကုန်ထက်နောက်မကျဘဲ အဆုံးသတ်ရန် အဆိုပါ ဆုံးဖြတ်ချက်မူကြမ်း၌ ဖော်ပြထားသည်။ ယင်းဆုံးဖြတ်ချက် မူကြမ်းကို အဖွဲ့ဝင် ၁၅ နိုင်ငံပါဝင်သော လုံခြုံရေးကောင်စီက အမြန်ဆုံး မဲခွဲဆုံးဖြတ်ရန် လိုအပ်ကြောင်း ပါလက်စတိုင်းတာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

အဆိုပါဆုံးဖြတ်ချက်မူကြမ်းနှင့်ပတ်သက်၍ ဆွေးနွေးရန် ရက်သတ္တပတ်အတန်ကြာမျှ အချိန်ယူရမည်ဖြစ်ကြောင်း သံတမန်များက ပြောကြားသည်။ ဆုံးဖြတ်ချက်ကို လုံခြုံရေးကောင်စီက တစ်ခဲနက်အတည်ပြုချမှတ်မည်ဟု မျှော်လင့်ကြောင်း ဂျော်ဒန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးသံတမန် ဒီနာကာဝါက ပြောကြားသည်။ ပါလက်စတိုင်းနှင့် သက်ဆိုင်နေသော ယခင်ဆုံးဖြတ်ချက်မူကြမ်းကို အောက်တိုဘာလက တင်သွင်းခဲ့ရာတွင် အမေရိကန်နှင့် ၎င်း၏ မဟာမိတ်နိုင်ငံအချို့က ပယ်ချခဲ့သည်။ **ရိုက်တာ။**



ဒီဇင်ဘာ ၁၇ရက်က ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အစည်းအဝေးကျင်းပစဉ်။

# ဗီယက်နမ်နိုင်ငံတွင် ဥမင်လိုဏ်ပြိုကျ အလုပ်သမား ၁၂ ဦး ပိတ်မိနေ

**ဟန္နိုင်း ဒီဇင်ဘာ ၁၈**

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းဒေသတွင် ဥမင်လိုဏ်ခေါင်း အစိတ်အပိုင်းတစ်ခု ပြိုကျမှုကြောင့် မြေအောက်တွင် ပိတ်မိနေသောအလုပ်သမား၁၂ဦးအား ကယ်တင်နိုင်ရေးအတွက် ကယ်ဆယ်ရေးလုပ်သားများက ကြိုးပမ်းနေကြောင်း ဒေသဆိုင်ရာ သတင်းများ၌ ဖော်ပြသည်။

အဆိုပါ အလုပ်သမားများသည် တောင်ကုန်းတောင်တန်းထူထပ်သည့် လမ်ဒေါင်းပြည်နယ်မှ ဒါဒေါင်ဒါချိုမို ရေအားလျှပ်စစ်စက်ရုံ၏ ဥမင်လိုဏ်ခေါင်းအတွင်း အလုပ်လုပ်နေစဉ် ဒီဇင်ဘာ ၁၆ရက်နံနက်ပိုင်း၌ မိုးသည်းထန်စွာရွာခဲ့ပြီးနောက် ဥမင်ပြိုကျခဲ့ခြင်းဖြစ်သည်။

ဗီယက်နမ် တာဝန်ရှိသူများက ကျောက်စိုင်ကျောက်သားများကို လွန်ဖြင့် တူးဖောက်ကာ မြေအောက်တွင် ပိတ်မိသူများထံ အောက်ဆီဂျင်ခဓာတ်ငွေ့များ မှုတ်သွင်းပေးနေပြီး အုတ်ကျိုးအုတ်ပဲ့များကို ဖယ်ရှားရှင်းလင်းနေသည်။

နိုင်ငံအတွင်းမှ စွမ်းအင်အရင်းအမြစ် တိုးမြှင့်ထုတ်လုပ်ရေးအတွက် ဗီယက်နမ်နိုင်ငံတစ်ဝန်းတွင် ဒါဇင်များစွာသော ရေအားလျှပ်စစ်စက်ရုံများကို တည်ဆောက်လျက်ရှိသည်။

ဒီဇင်ဘာ ၁၆ရက် ဒေသစံတော်ချိန် နံနက် ၇နာရီတွင် ဥမင်ဝင်ပေါက်အနီးမှ အလျားမီတာ ၅၀၀ (၁၆၄၀ပေ) ရှိသော ဥမင်အစိတ်အပိုင်းပြိုကျခဲ့ကြောင်း ဒေသဆိုင်ရာသတင်းများ၌ ဖော်ပြသည်။

ကယ်ဆယ်ရေးလုပ်သား ၂၀၀ ခန့်က မြေအောက်တွင် ပိတ်မိနေသူများအတွက် အောက်ဆီဂျင်ပေးသွင်းခြင်းနှင့် ဥမင်၏ အခြားအစိတ်အပိုင်းများ ပြိုမကျစေရေးအတွက် အရေးတကြီးလုပ်ဆောင်ခြင်းနှင့် ပြိုကျပြီးသောခဲများ၊ မြေသားများနှင့် ကျောက်ခဲများအား ရှင်းလင်းခြင်းတို့ကို လုပ်ဆောင်နေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ **ဘီဘီစီ။**

# လူလိုက်ပါခြင်းမရှိသော ထိပ်ဖူးတပ် အကြီးမားဆုံးဒုံးယာဉ် အိန္ဒိယလွှတ်တင်

နယူးဒေလီ ဒီဇင်ဘာ ၁၈

**အာကာသတွင်းသို့ အာကာသယာဉ်မှူးများ လွှတ်တင်နိုင်မည့် အကြီးမားဆုံးသော ဒုံးယာဉ်တစ်စင်းကို အိန္ဒိယနိုင်ငံက ယနေ့အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ပြီး ယင်းဒုံးယာဉ်တွင် လူလိုက်ပါခြင်းမရှိသော ထိပ်ဖူးကိုတပ်ဆင်ထားကြောင်း ယနေ့ဘီဘီစီ သတင်းတွင်ဖော်ပြသည်။**

အဆိုပါဒုံးယာဉ်ကို အိန္ဒိယနိုင်ငံ တောင်ပိုင်း အန်ဒရာပရာဒေ့ရှ်ပြည်နယ်ရှိ ဆရီဟာရီကိုတာ အာကာသယာဉ် လွှတ်တင်ရေးစခန်းမှ ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် လွှတ်တင်ခဲ့ကြောင်း၊ ယင်းဒုံးယာဉ်မှာ တန်ချိန် ၆၃၀ အလေးချိန် ရှိသော မြေကမ္ဘာချိန်သားကိုက် ဂြိုဟ်တုလွှတ်တင်ရေးယာဉ်(အမ်အေ-၂)အမျိုးအစားဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။




အိန္ဒိယနိုင်ငံ၏ အကြီးဆုံးသော ဒုံးယာဉ်ကို လွှတ်တင်ခြင်းမရှိမီ တွေ့ရစဉ်။

ယခုလွှတ်တင်ခဲ့သော ဒုံးယာဉ်သည် အလေးချိန် ပမာဏကြီးမားသော ဂြိုဟ်တုများကို အာကာသအတွင်းသို့ ပို့ဆောင်နိုင်စွမ်းရှိသည်။

အိန္ဒိယနိုင်ငံသည် မကြာသေးသော နှစ်များအတွင်းကပင် အပေါ့စားဂြိုဟ်တုများအား အာကာသတွင်းသို့ အောင်မြင်စွာ လွှတ်တင်လာနိုင်ခဲ့သော်လည်း ကြီးမားလေးလံသော ဂြိုဟ်တုများအား အာကာသတွင်းသို့ ပို့ဆောင်ရေးအတွက် အခက်အခဲများနှင့် ရင်ဆိုင်နေရသည်။

ယခုလွှတ်တင်ခဲ့သော ဒုံးယာဉ်သည် အလေးချိန် ကီလိုဂရမ် ၄၀၀၀ ခန့်ရှိသော ဆက်သွယ်ရေးဂြိုဟ်တုကို သယ်ဆောင်နိုင်စွမ်းရှိကြောင်း သတင်းများတွင်ဖော်ပြသည်။ ယင်းမှာ အိန္ဒိယအနေဖြင့် ယင်းအလေးချိန်ရှိသော ဂြိုဟ်တုများ အာကာသတွင်းသို့ လွှတ်တင်ရေးအတွက် ပြည်ပနိုင်ငံများအပေါ် မှီခိုအားထားရန် မလိုတော့ဟူသော အဓိပ္ပာယ်သက်ရောက်သည်။

ယင်းဒုံးယာဉ်လွှတ်တင်အောင်မြင်မှုနှင့်ပတ်သက်၍ အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီက ၎င်း၏ အင်တာနက်တွစ်တာတွင် ဂျီအက်အယ်ဗွီ အမ်ကေ-၂ ဒုံးယာဉ် အောင်မြင်စွာ လွှတ်တင်နိုင်မှုသည် အိန္ဒိယသိပ္ပံပညာရှင်များ၏ ကြိုးပမ်းအားထုတ်မှုကြောင့် ရရှိသည့် လက်ဖျားခါလောက်သည့် အောင်မြင်မှုဖြစ်ကြောင်းနှင့် ၎င်းတို့၏ ကြိုးပမ်းအားထုတ်မှုအား ဂုဏ်ယူပါကြောင်း ဖော်ပြသည်။

အိန္ဒိယအာကာသနှင့် သုတေသနအဖွဲ့အစည်း (အိုင်အက်အာရ်အို)၏ အကြီးအကဲ ကေရာဒ်ဟာ ခရစ္စရှနန်ကလည်း ယင်းဒုံးယာဉ်လွှတ်တင်အောင်မြင်မှုသည် အိန္ဒိယ၏ အာကာသ သိပ္ပံသမိုင်းတွင် အလွန်ထင်ရှားကြီးကျယ်သောနေ့ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ ဒုံးယာဉ်၏ အဓိက ကုန်တင်ခန်းသည် အိန္ဒိယနိုင်ငံလုပ် ထိပ်ဖူးဖြစ်ပြီး ယင်းအထဲတွင် အာကာသယာဉ်မှူးနှစ်ဦး သို့မဟုတ် သုံးဦးအား အာကာသတွင်းသို့ သယ်ဆောင်နိုင်သည်ဟုဆိုသည်။ **ဘီဘီစီ။**

# ကုန်သွယ်ရေး ပိတ်ဆို့မှုရုပ်သိမ်းရန် အမေရိကန်ကို ကျူးဘား တိုက်တွန်း

**ဝါရှင်တန် ဒီဇင်ဘာ ၁၈**

နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်ရန် တရားဝင် ဆွေးနွေးပြီးနောက် အမေရိကန် ပြည်ထောင်စုအား ကုန်သွယ်ရေးပိတ်ဆို့ထားခြင်းကို ရုပ်သိမ်းပေးရန် ကျူးဘားသမ္မတရာအူးကက်စထရိုက တိုက်တွန်းလိုက်သည်။

နှစ်ပေါင်း ၅၀ ကြာ ပိတ်ဆို့ထားခြင်းကြောင့် ပြည်သူအများအပြားထိခိုက်မှုများ ရှိခဲ့ပြီး စီးပွားရေးလည်း ဆုံးရှုံးမှုများဖြစ်ခဲ့ရကြောင်း ၎င်းကပြောကြားသည်။

သို့သော် ကုန်သွယ်ရေးပိတ်ဆို့ထားခြင်းကို ရုပ်သိမ်းရန် အခွင့်အာဏာသည် အမေရိကန်ကွန်ဂရက်၌သာရှိကြောင်း၊ ရီပတ်ဗလီကန်များက ယင်းသို့ ရုပ်သိမ်းပေးရန်ကို ပြင်းထန်စွာ ဆန့်ကျင်လျက်ရှိသေးကြောင်း ဘီဘီစီ သတင်းထောက်က ပြောသည်။

အမေရိကန်သမ္မတ ဘာရက်အိုဘားမားနှင့် ကျူးဘားသမ္မတ ရာအူးကက်စထရိုတို့သည် ဆက်ဆံရေး တိုးတက်ကောင်းမွန်ရန် နည်းလမ်းအချို့ကို ဗုဒ္ဓဟူးနေ့တွင် သဘောတူခဲ့ကြသည်။

အဆိုပါနည်းလမ်းများတွင် အမေရိကန်ကန်ထရိုက်တာ အလန်ဂရော့စ်ကို ကျူးဘားက ပြန်လွှတ်ပေးရေး၊ အမေရိကန်နိုင်ငံ၌ ထိန်းသိမ်းထားသော ကျူးဘားနိုင်ငံသား သုံးဦးကို ပြန်လွှတ်ပေးရေးနှင့် ကျူးဘား၌ နှစ်ပေါင်း ၂၀ ကြာ ထောင်ကျနေသော အမည်မဖော်သော အမေရိကန်ထောက်လှမ်းရေးတစ်ဦးအား လွှတ်ပေးရေးတို့ ပါဝင်သည်။

ကျူးဘားနိုင်ငံတွင် တော်လှန်ရေးဖြစ်ပွားပြီး ကွန်မြူနစ်တို့ အာဏာရလာသောအခါ အမေရိကန် ပြည်ထောင်စုက ၎င်းနိုင်ငံအပေါ် ကုန်သွယ်ရေးပိတ်ဆို့၍ သံတမန်ဆက်ဆံရေး ဖြတ်တောက်ပြီးနောက် ၎င်းနှစ်နိုင်ငံ အကြား ဆက်ဆံရေးမှာ ရပ်ဆိုင်းသွားခဲ့သည်။

သို့သော် ဗုဒ္ဓဟူးနေ့တွင် နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦး မမျှော်လင့်ဘဲ တွေ့ဆုံခဲ့ရာတွင် အိုဘားမားက ကျူးဘားနိုင်ငံကို အထီးကျန်စေသော တင်းကျပ်၍ ခေတ်မမီတော့သည့် မူဝါဒများကြောင့် မအောင်မြင်ရခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

လာမည့်လများတွင် ဟာဗားနား၌ အမေရိကန်သံရုံးဖွင့်လှစ်ရန် စီစဉ်လျက်ရှိပါကြောင်း အိုဘားမားက ထပ်လောင်းပြောကြားခဲ့သည်။ **ဘီဘီစီ။**



သာယာလှပသော မြို့တော်ဟာဗားနားကို ဝေဟင်မှ စီးမိုးတွေ့မြင်ရစဉ်။

ပြည်တွင်းရေးရာ

# ပြည်ထောင်စုအစိုးရနှင့် ပြည်ထောင်စုလွှတ်တော်တို့က ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက များစွာအကျိုးရှိမည်ဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာဥပဒေကြမ်း တင်သွင်းရေးနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း တက်ရောက်၍ အမှာစကားပြောကြားသည်။**(ယာပုံ)**

ပြည်ထောင်စုလွှတ်တော်နာယက က အမှာစကားပြောကြားရာတွင် ယခုအစည်းအဝေးသည် မိမိတို့နိုင်ငံအတွက် အရေးကြီးသည့်အစည်းအဝေးဟု မှတ်ယူရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုလွှတ်တော်၏ သက်တမ်းမှာ လာမည့် ဇန်နဝါရီ ၃၁ ရက်တွင် လေးနှစ်ပြည့်မြောက်ပြီဖြစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သက်တမ်းမှာလည်း လာမည့် မတ် ၃၁ ရက်တွင် လေးနှစ်ပြည့်မြောက်ပြီဖြစ်ကြောင်း၊ လာမည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်သည် ပြည်ထောင်စုအစိုးရက ပြည်ထောင်စုလွှတ်တော်သို့ နှစ်စဉ်တင်သွင်းရမည့် အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းတို့ကို ပြည်ထောင်စုလွှတ်တော်အနေဖြင့် နောက်ဆုံးစိစစ်ခွင့်ပြုပေးရမည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းမှာ နိုင်ငံနှင့် နိုင်ငံသား၊ ပြည်သူများအကျိုးစီးပွားအတွက် အကျိုးသက်ရောက်မှုများစွာရှိပြီး ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့၏ သက်တမ်းအတွင်း လုပ်ဆောင်ချက်များအတွက် အဆုံးအဖြတ်ပေးမည့် ဆောင်ရွက်ချက်များဖြစ်ပါကြောင်း။

ယခုကျင်းပသည့်အစည်းအဝေး၏ ရလဒ်များသည် နိုင်ငံနှင့်နိုင်ငံသားများ၏ အကျိုးစီးပွားအတွက်ဖြစ်ကြောင်း၊ နိုင်ငံနှင့်နိုင်ငံသားများ၏ အကျိုးစီးပွားတိုးတက်ဖြစ်ပေါ်ခြင်းသည် ပြည်ထောင်စုအစိုးရနှင့် ပြည်ထောင်စုလွှတ်တော်အတွက်လည်း ဂုဏ်သိက္ခာပိုမိုမြင့်မားရရှိစေမည်ဖြစ်ပါကြောင်း၊





ထို့ကြောင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် ပြည်ထောင်စုအစိုးရနှင့် ပြည်ထောင်စုလွှတ်တော်တို့က ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက များစွာအကျိုးရှိမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်ပူးပေါင်းကော်မတီ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌတို့က ဆွေးနွေးတင်ပြကြသည်။

ယင်းနောက်ပြည်ထောင်စုလွှတ်တော်နာယကက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။ **(သတင်းစဉ်)**




# အမျိုးသမီးရေးရာအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုများ ကွင်းဆင်းပံ့ပိုး

**လွိုင်ကော် ဒီဇင်ဘာ ၁၈**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယကများနှင့် ဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှုဆောင်များသည် ဒီဇင်ဘာ ၁၆ ရက်တွင် ရှမ်းပြည်နယ် ပင်လောင်းမြို့နှင့် ဖယ်ခုံမြို့သို့ ရောက်ရှိပြီး အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးကာ အလှူငွေများနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ ကယားပြည်နယ် လွိုင်ကော်မြို့သို့ ရောက်ရှိပြီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့မှ ဆောင်ရွက်နေသော အသေးစားချေးငွေလုပ်ငန်းများဖြစ်သည့် စက်ရက်ကန်းလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ တံမြက်စည်းလုပ်ငန်းများအား ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို မှာကြားခဲ့သည်။

ဒီဇင်ဘာ ၁၇ ရက်တွင် အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ နာယကများနှင့် ဗဟိုအလုပ်အမှုဆောင်များသည် နံနက် ၉ နာရီက ဒီးမော့ဆိုမြို့နယ် ပန်ပက်ကျေးရွာသို့ ရောက်ရှိကာ ဒေသခံတိုင်းရင်းသူများနှင့်တွေ့ဆုံပြီး အမျိုးသမီးရေးရာလုပ်ငန်းများနှင့် အသိပညာ၊ဗဟုသုတများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ ၎င်းနောက် ဆန်၊ ဆီ၊ စောင်၊ အဝတ်အထည်၊ အသုံးအဆောင်ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြသည်။**(ဝဲပုံ)**

ဆက်လက်၍နာယကများနှင့်အဖွဲ့ဝင်များသည်ဒီးမော့ဆိုမြို့နယ် ဒေါပိုးစီကျေးရွာရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ ရောက်ရှိကာ သင်္ကန်း၊ အလှူငွေ၊ စာရေးကိရိယာနှင့် စားသောက်ဖွယ်ရာများလှူဒါန်းခဲ့ကြသည်။

ထိုမှတစ်ဆင့် လွိုင်ကော်မြို့ပြည်နယ် ဘိုးဘွားရိပ်သာသို့ သွားရောက်၍ ဘိုးဘွားများအား အနွေးထည်များ၊ စားသောက်ဖွယ်ရာ၊ အလှူငွေများ ပေးအပ်လှူဒါန်းပြီး မဟာဓမ္မဝိဟာရီ သီလရှင် စာသင်တိုက်သို့ သွားရောက်ကာ စောင်၊ အဝတ်အထည်၊ ဆန်၊ ဆီ၊ စာရေးကိရိယာနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။

နာယကများနှင့် ဗဟိုအလုပ်အမှုဆောင်များသည် ဒီဇင်ဘာ ၁၈ ရက်တွင် လွိုင်ကော်မြို့ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ အစည်းဝေးခန်းမ၌ ကယားပြည်နယ်အတွင်းရှိ ခရိုင်နှစ်ခုနှင့် မြို့နယ် ရှစ်ခုတို့မှ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ လုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းအကြံပြုခဲ့ကြသည်။ အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကယားပြည်နယ်အတွင်းရှိ လျှပ်စစ်မီးမရရှိသေးသည့် ကျေးရွာစာသင်ဝိုင်းများသို့ ဆိုလာပြားအစုံ ၅၀ နှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်ပြည်သူ့ဆေးရုံကြီး၌ ဆေးဝါးကုသမှုခံယူနေကြသည့် ကျေးရွာများမှ လူနာများအား အားပေးစကားပြောကြားပြီး အဝတ်အထည်၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ၊ ဆရာဝန်များအား လုပ်ငန်းသုံးဝတ်စုံများ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ထို့နောက် လွိုင်ကော်မြို့နယ် ကုန်းသာကျေးရွာရှိ တောင်မော့ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ သွားရောက်ပြီး အဝတ်အထည်များ၊ စောင်များ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများ၊ စာရေးကိရိယာများ ပေးအပ်လှူဒါန်းခဲ့သည်။

၎င်းခရီးစဉ်တွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယကများဖြစ်ကြသော ဒေါ်နီနီဝင်းနှင့် ဒေါ်မြသီဂီတို့နှင့်အတူ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်ခင်မာထွန်း၊ ဒုဥက္ကဋ္ဌ ဒေါ်တင်တင်လတ်၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဒေါ်မြင့်မြင့်စိုး၊ ဒေါ်ခင်စန္ဒာထွန်းနှင့် ဒေါ်ခင်မေလတ်တို့ လိုက်ပါလာကြပြီး စုစုပေါင်း လှူဒါန်းထောက်ပံ့ငွေမှာ ကျပ်သိန်း ၁၅၀ ဖြစ်ကြောင်း သတင်းရရှိသည်။

**(ပြည်နယ်ပြန်/ဆက်)**




လပြည့် 09-50-37438 532200
မြို့တွင်း/ပြင်ခရီးစဉ်မျိုးစုံနှင့်လ/နှစ်ချုပ်ကားမျိုးစုံ ငှားရန်အသင့်ရှိသည်
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။

NEW WAY
ကျိုက်ထီးရိုး (မှစ) 9000
ချောင်းသာ (နေ့စဉ်) 13000
ကားမျိုးစုံ၊ စီးလုံးငှား ဆောင်ရွက်ပေးသည်
Discount
09-73238655, 09-252312962

# မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး(သို့မဟုတ်)မြန်မာနိုင်ငံအတွက် စီးပွားရေးအခွင့်အလမ်းကောင်းများ

**နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော အစည်းအဝေး**

နိုင်ငံတော်အကြီးအကဲဖြစ်သူ သမ္မတကြီးဦးသိန်းစိန်၏ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် ပဉ္စမအကြိမ် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးသို့ မကြာမီ တက်ရောက်မည့် သတင်းကို သတင်းစာများ၌ဖတ်ရှုလိုက်ရပါသည်။

**ရာဇဝင်ထဲက မဟာမဲခေါင်**

ရာဇဝင်နှင့်ချီ၍ ထင်ရှားလှသော မဲခေါင်မြစ်သည် ကီလိုမီတာ ၄၂၀၀ အရှည်ရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံတောင်ပိုင်း ယူနန်ပြည်နယ်မှ စတင်မြစ်ဖျားခံစီးဆင်းပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် မြန်မာ၊ လာအို၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နိုင်ငံတို့ကို ဖြတ်သန်းစီးဆင်းလျက်ရှိပါသည်။ မှတ်တမ်းများအရ မဲခေါင်ဒေသသည် လူဦးရေ သန်း ၃၀၀ ခန့် နေထိုင်ပြီး မြေဧရိယာ အကျယ်အဝန်း စတုရန်းကီလိုမီတာ ၂ ဒသမ ၆ သန်း ရှိပါသည်။

**စီးပွားရေးအတွက် အချက်အချာ မဟာမဲခေါင်ဒေသ**

မဟာမဲခေါင်ဒေသခွဲသည် သဘာဝသယံဇာတ အရင်းအမြစ်များ ဖြစ်ထွန်းပေါများမှုအပြင် လူ့စွမ်းအားအရင်းအမြစ်လည်း ကြွယ်ဝသောနေရာဖြစ်လေရာ အရှေ့တောင်အာရှဒေသတွင်သာမက တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် တောင်အာရှနိုင်ငံများအကြားတွင်ပါ စီးပွားရေးဆိုင်ရာနှင့်ပတ်သက်၍ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်သော အချက်အချာကျသည့် နေရာဒေသတစ်ခုဖြစ်ပါသည်။

**GMS ၏နောက်ခံသမိုင်း**

မဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (Greater Mekong Subregion Economic Cooperation Program-GMS) သည်မဲခေါင်မြစ်ဖြတ်သန်းစီးဆင်းရာ နိုင်ငံခြောက်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်ခိုင်မာလာစေရန် ရည်ရွယ်ပြုလုပ်သည့်အစီအစဉ်ဖြစ်ပါသည်။ထိုသို့စီးပွားရေးတိုးတက်လာခြင်းအားဖြင့် မဲခေါင်ဒေသခွဲအတွင်း ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်နှင့်ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်ရန် ရည်ရွယ်သည်ဟု သိရှိရပါသည်။

GMS အစီအစဉ်ကို ၁၉၉၂ ခုနှစ်မှစတင်၍ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏အကူအညီဖြင့် ဆောင်ရွက်ခဲ့ပါသည်။ အာရှဖွံ့ဖြိုးရေးဘဏ်သည် မဲခေါင်ဒေသခွဲအပါအဝင် အခြားသော ဒေသတွင်းနှင့် ဒေသခွဲ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိရာ မဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်သည် နှစ်ကာလအရှည်ကြာဆုံးနှင့် အောင်မြင်မှု အဖြစ်ထွန်းဆုံးသော အစီအစဉ်တစ်ရပ်ဖြစ်သည်ဟု သိရှိရပါသည်။

**GMS ၏ ဦးစားပေးလုပ်ငန်းကဏ္ဍ (၉) ရပ်**

GMS အစီအစဉ်တွင် ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၌ ဦးစားပေးလုပ်ငန်းကဏ္ဍ (၉) ရပ် သတ်မှတ်ထားပြီး ယင်းတို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) သယ်ယူပို့ဆောင်ရေးကဏ္ဍ
(၂) စွမ်းအင်ကဏ္ဍ
(၃) ဆက်သွယ်ရေးကဏ္ဍ
(၄) လယ်ယာစိုက်ပျိုးရေးကဏ္ဍ
(၅) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သဘာဝ အရင်းအမြစ်ကဏ္ဍ
(၆) ခရီးသွားလုပ်ငန်းကဏ္ဍ
(၇) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးကဏ္ဍ
(၈) ကုန်သွယ်ရေးနှင့်သယ်ယူပို့ဆောင်ရေး
(၉) ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကဏ္ဍ

**ဝန်ကြီးများအစည်းအဝေးနှင့်ထိပ်သီးအစည်းအဝေးများ ကျင်းပခြင်း**

အဆိုပါကဏ္ဍ(၉)ရပ်တွင် လုပ်ငန်းများလွယ်ကူစွာ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံအလိုက်သက်ဆိုင်ရာဌာနများ ပါဝင်သော မဲခေါင်ဒေသတွင်းဖိုရမ်များနှင့်လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းထားရှိပြီး ၎င်းတို့၏တင်ပြချက်များအပေါ် အဆင့်မြင့်အရာရှိများအစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေးပြီး သဘောတူညီမှုများကို ဝန်ကြီးအဆင့်အစည်းအဝေးက ချမှတ်ပါသည်။ ဝန်ကြီးများအစည်းအဝေးကို နှစ်စဉ်ကျင်းပပြုလုပ်ပါသည်။

GMS အစီအစဉ်၏ (၁၀)နှစ်မြောက်ဖြစ်သည့် ၂၀၀၂ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် အဖွဲ့ဝင် ခြောက်နိုင်ငံမှ နိုင်ငံ့ခေါင်းဆောင်များ၏ ပထမအကြိမ်ထိပ်သီးအစည်းအဝေးကို ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်ပင်မြို့၌ ကျင်းပနိုင်ခဲ့ပါသည်။ ယင်းအစည်းအဝေးမှအစပြု၍ မဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေးများကို အက္ခရာစဉ်အလိုက် သုံးနှစ်တစ်ကြိမ်ကျင်းပခဲ့ရာ စတုတ္ထအကြိမ်မြောက်ထိပ်သီးအစည်းအဝေးကို မြန်မာနိုင်ငံနေပြည်တော်၌ ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်မှ ၂၀ ရက်အထိ ကျင်းပခဲ့ပြီးဖြစ်ပါသည်။ ပေါင်းစည်းစွမ်းအင်ကို အလေးထားသည့် GMS မဲခေါင်အတွက် ပိုမိုခိုင်မာသော ဂျီအမ်အက်စ်လက်တွဲပေါင်းစည်းရေး” ဖြစ်ပါသည်။

၂၀၀၈ ခုနှစ် တတိယအကြိမ်အဖြစ် လာအိုနိုင်ငံတွင် ကျင်းပခဲ့သည့် ဗီယင်ကျန်း ထိပ်သီးအစည်းအဝေး၏ Theme မှာ “ပိုမိုဆက်သွယ်ယှက်နွယ်မှုဖြင့် အရည်အသွေးပိုမိုကောင်းမွန်ရေး”ဖြစ်ပါသည်။

၂၀၁၁ ခုနှစ် စတုတ္ထအကြိမ်အဖြစ် မြန်မာနိုင်ငံတွင် ကျင်းပခဲ့သည့် နေပြည်တော် ထိပ်သီးအစည်းအဝေး၏ Theme မှာ “၂၀၁၂ ခုနှစ်အလွန် မဲခေါင်ဒေသခွဲဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာပူးပေါင်းဆောင်ရွက်ရေးဆယ်စုနှစ်သစ်ဆီသို့”ဖြစ်ပါသည်။




မဟာမဲခေါင်ဒေသခွဲ စီးပွားရေးစင်္ကြံလမ်းများ အခြေပြပုံ။

ဒေသခွဲထိပ်သီးအစည်းအဝေးများတွင် အဖွဲ့ဝင်ခြောက်နိုင်ငံ၏ နိုင်ငံ့ခေါင်းဆောင်များတက်ရောက်ကြပြီး အဖွဲ့၏ အနာဂတ်မျှော်မှန်းချက်များကိုချမှတ်ကာ အရေးပါသော ပူးတွဲကြေညာချက်များကို ထုတ်ပြန်လေ့ရှိကြရာ ယင်းအစည်းအဝေးများသည် GMS အစီအစဉ်၏ သမိုင်းဝင် အထိမ်းအမှတ်မှတ်တိုင်များပင်ဖြစ်ပါသည်။ ထုတ်ပြန်သည့်ကြေညာချက်များကို လေ့လာမည်ဆိုပါက ပူးပေါင်းဆောင်ရွက်မှုကို အဓိကထားသော မဟာဗျူဟာဖြစ်ကြောင်း ယနေ့အထိ ကျင်းပပြီးစီးခဲ့ပြီဖြစ်သော ထိပ်သီးအစည်းအဝေးများ၏ အဓိကရည်ရွယ်ချက်များကို ကြည့်ပါက ပေါ်လွင် ထင်ရှားနေပါသည်။

၂၀၀၂ ခုနှစ် ပထမအကြိမ်အဖြစ် ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပခဲ့သည့် ဖနွမ်ပင်ထိပ်သီးအစည်းအဝေး၏ Theme မှာ “မဲခေါင်ဒေသအတွင်းတိုးတက်မှု၊ ညီမျှမှုနှင့် သာယာဝပြောမှုအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မဟာဗျူဟာတစ်ရပ်ဖြစ်ထွန်းရေး”ဖြစ်ပါသည်။

၂၀၀၅ ခုနှစ် ဒုတိယအကြိမ်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပခဲ့သည့် ကူမင်းထိပ်သီးအစည်းအဝေး၏ Theme မှာ “သာတူညီမျှ သာယာဝပြောရေး

**ထိပ်သီးအစည်းအဝေး မြန်မာနိုင်ငံတွင် ကျင်းပခဲ့စဉ်က ထူးခြားမှုများ**

ထိုစဉ်က မြန်မာနိုင်ငံသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်သည့် အစိုးရသစ်၏ ကနဦးကာလများဖြစ်ပြီး နိုင်ငံသားအားလုံး ရည်မှန်းတောင့်တသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဖြစ်ပေါ်ရေးအတွက် ကဏ္ဍပေါင်းစုံတွင် ပြုပြင်ပြောင်းလဲမှုများစွာအတွက် အခြေတည်အုတ်မြစ်ချလုပ်ဆောင်နေချိန်ဖြစ်ပါသည်။ ထို့အပြင် GMS စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်မှာ ၂၀၁၂ ခုနှစ်က နှစ် ၂၀ ပြည့်မြောက်ခဲ့ရာ ဒေသခွဲအဆင့်ဖွံ့ဖြိုးတိုးတက်ရေးတွင် လက်ရှိဆောင်ရွက်လျက်ရှိသည့် မိတ်ဖက်ပြု ပူးပေါင်းဆောင်ရွက်မှုအဆင့်မှ မဟာဗျူဟာအဆင့်အထိ မြှင့်တင်ရန် ရည်မှန်းချက်ချမှတ်နိုင်ခဲ့ခြင်းမှာ မော်ကွန်းမှတ်တိုင်တစ်ခုအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။ တစ်နည်းအားဖြင့်ဆိုသော် ယင်းထိပ်သီးအစည်းအဝေးတွင် နောင်လာမည့်ဆယ်နှစ်တာကာလအတွက် GMS မဟာဗျူဟာမူဘောင်အသစ် ၂၀၁၂-၂၀၂၂ ကို အတည်ပြုချမှတ်နိုင် ခဲ့ပြီး အခန်းကဏ္ဍသစ်တစ်ရပ်ကို ဖွင့်လှစ်နိုင်ခဲ့ခြင်းပင် ဖြစ်သည်။

ယင်းအပြင် အဆိုပါ မဟာဗျူဟာမူဘောင်သစ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းအားဖြင့် မြန်မာနိုင်ငံအနေဖြင့် ပြုပြင်ပြောင်းလဲမှုဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များတွင် အကျိုးများစွာ သက်ရောက်စေနိုင်မည် ဖြစ်သည်။

**မဲခေါင်ဒေသခွဲစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တွင် မြန်မာနိုင်ငံမှ ပူးပေါင်းဆောင်ရွက်မှုနှင့် အကျိုး ဖြစ်ထွန်းမှုများ**

မြန်မာနိုင်ငံသည် မဲခေါင်ဒေသခွဲ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သကဲ့သို့ အခြားအာရှလမ်းမကြီး၊ အာဆီယံအက်မက်စ်၊ ဘင်းစတက် လမ်းမကြီးများနှင့် ဆက်သွယ်ပါဝင်လျက်ရှိသည်။ ထို့ကြောင့်လည်း နိုင်ငံတော်သမ္မတကြီးက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် နိုဝင်ဘာ ၇ ရက်၌ ကျင်းပသော APEC CEO ထိပ်သီးအစည်းအဝေးတွင် “မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးလုပ်ငန်းများအတွက် အာရှတွင်နောက်ဆုံးပေါ်ပေါက်လာသည့် နယ်မြေသစ်အဖြစ် တင်စားပြောဆိုလျက်ရှိကြောင်း” ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ထိုသို့ ဂုဏ်ယူဖွယ်ပြောဆိုနိုင်ခြင်းမှာလည်း မြန်မာနိုင်ငံ၏အချက်အချာကျမှုကို နိုင်ငံတကာက မျက်ဝါးထင်ထင် သိမြင်ပြီး အသိအမှတ်ပြုပူးပေါင်းဆောင်ရွက်မှုများက သက်သေပြဆိုလျက်ရှိသည်။ ဥပမာအားဖြင့် ယခုဆောင်ရွက်လျက်ရှိသည့် မဲခေါင်ဒေသခွဲစီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်တွင် မြန်မာနိုင်ငံ၏ မဲခေါင်ဒေသတွင် စီးပွားရေးစင်္ကြံလမ်းများ၌ ပါဝင်ပတ်သက်နေမှုကို လက်လှမ်းမီသလောက်တင်ပြလိုပါသည်။

**စီးပွားရေးစင်္ကြံလမ်းများနှင့် မြန်မာနိုင်ငံ၏အခန်းကဏ္ဍ**

မဲခေါင်ဒေသခွဲလမ်းများအနေဖြင့် မြန်မာနိုင်ငံတွင် R3, R4 နှင့် R7 ဟူ၍ သတ်မှတ်လမ်းကြောင်းသုံးကြောင်းနှင့် စင်္ကြံလမ်းကြောင်း ငါးခုပါဝင်သည်ဟု သိရပါသည်။ ယင်းတို့မှာ -

(၁) R3- တာချီလိတ်-ကျိုင်းတုံ-မိုင်းလားလမ်း ၂၅၆ ကီလိုမီတာ
(၂) R4- လားရှိုး-မူဆယ်လမ်း ၁၇၆ ကီလိုမီတာ
(၃) R7- ကျိုင်းတုံ-လွိုင်လင်-သီပေါ-လားရှိုးလမ်း ၆၆၆ ကီလိုမီတာ
(၄) အရှေ့-အနောက် စင်္ကြံလမ်း (East-West Economic Corridor- EWEC)မော်လမြိုင်-ဒါနန်းလမ်း (ဗီယက်နမ်)
(၅) တောင်-မြောက်စင်္ကြံလမ်း (North-South Economic Corridor- NSEC) ကူမင်း-မြန်မာ(မိုင်းလား-တာချီလိတ်)-ဗန်ကောက်လမ်း
(၆) တောင်ပိုင်း စင်္ကြံလမ်း (Southern Economic Corridor-SEC) ဗန်ကောက်-ကန်ချနာဘူရီ-ထားဝယ် တိုးချဲ့အပိုင်း
(၇) အနောက်-မြောက်စင်္ကြံလမ်း (North Western Corridor-NWC)အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံလမ်း
(၈) မြောက်ပိုင်းစင်္ကြံလမ်း (Northern Corridor-NC)ကူမင်း-ရွှေလီ-မူဆယ်-မန္တလေး-တမူး-အင်ဖာ

စင်္ကြံလမ်းများနှင့်စပ်လျဉ်း၍ အရှေ့-အနောက် စင်္ကြံလမ်းနှင့် တောင်-မြောက်စင်္ကြံလမ်းတို့သည် မူလစင်္ကြံလမ်းများဖြစ်ပြီး ကျန်စင်္ကြံလမ်း သုံးလမ်းသည် နောက်မှထပ်တိုးသော စင်္ကြံလမ်းများဖြစ်ပါသည်။ ထပ်တိုးစင်္ကြံလမ်းများသည် ဂျီအမ်အက်စ်နိုင်ငံများနှင့် တောင်အာရှနိုင်ငံများ ဆက်သွယ်ရေးအတွက် ပိုမိုကောင်းမွန်စေမည့် အစီအမံများဖြစ်ပါသည်။

အဆိုပါ စီးပွားရေးစင်္ကြံလမ်းများ၏ ဆက်နွှယ်မှုမှတစ်ဆင့် မဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ် ဦးစားပေးကဏ္ဍ (၉)ရပ်သည်လည်း ဖွံ့ဖြိုးဖြစ်ထွန်းတိုးတက်လာမည်ဖြစ်လေရာ ယင်းစီမံကိန်းများတွင် ပါဝင်သည့် မြန်မာနိုင်ငံအနေဖြင့်လည်း ကျွဲကူး

စာမျက်နှာ ၇ သို့◆



၂၀၁၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင်ကျရောက်မည့် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဗိုလ်ရှုခံအခမ်းအနားကို ကြိုဆိုသောအားဖြင့် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုလမ်းမကြီးနှင့် ရာဇသင်္ဂဟလမ်းမကြီးဆုံရာ သပြေကုန်းအဝိုင်းအနီးတွင် ကြိုဆိုဂုဏ်ပြုစိုက်ထူထားသည့်မုခ်ဦးကို ဒီဇင်ဘာ ၁၈ ရက်က တွေ့ရစဉ်။

မင်းရဲမာန်(နေပြည်တော်)

## (၆၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်(၄)ရပ်

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် ထိန်းသိမ်းကာကွယ်ရေး။

☆ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဉမကွဲသိုက်မပျက် အတူတကွ ရာသက်ပန်ပူးပေါင်းနေထိုင်ရေး။

☆ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သည့် စစ်မှန်သောထာဝရ ငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

◆ **စာမျက်နှာ ၆မှ**

ရေပါဆိုသလို ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ စီးပွားရေးစကြ်လမ်းကြီးများကို မဟာဗျူဟာအဆင့်ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည်နှင့်အမျှ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရလဒ်ကောင်းများကို ရရှိလာပြီး အလုပ်အကိုင်အခွင့်အလမ်းများနှင့်အတူ ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးကိုပါ အတိုင်းအတာတစ်ခုအထိ ထိထိရောက်ရောက် အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

**နိုင်ငံသားအားလုံး၏ဆန္ဒ**

နိုင်ငံတကာသတင်းမီဒီယာများတွင် ဖော်ပြနေမှုများအရ မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုမှာ ထိုက်သင့်သော အောင်မြင်မှုများရရှိနေပြီဖြစ်သော်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာမူ နှေးကွေးနေဆဲဖြစ်ပြီး တိုးတက်သင့်သလောက် မတိုးတက်သေးကြောင်း မှတ်ချက်ပြုမှုများကို မြင်တွေ့နေရပါသည်။

အိမ်တစ်အိမ်ကို ဥပမာပြု၍ ဆိုရမည်ဆိုပါက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသာ အိမ်သူအိမ်သားတို့၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးအပါအဝင် ကဏ္ဍအရပ်ရပ်ကို မတောင့်မတ မကြောင့်မကြနှင့် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ကျန်းမာရေး၊ ပညာရေးတို့ ပြည့်စုံသည်နှင့်အမျှ ပိုမိုသာလွန်ကောင်းမွန်သော လူနေမှုဘဝကို ထပ်ဆင့်ဖန်တီးနိုင်ပြီး ဆွေစဉ်မျိုးဆက် အေးချမ်းသောမိသားစု၊ သာယာသောမိသားစု၊ ပျော်ရွှင်ချမ်းမြေ့သောမိသားစုအဖြစ် အမွေခံကောင်းများကို ဖန်တီးပေးနိုင်မည်ဖြစ်ပေသည်။ သို့မှသာ အိမ်နီးဝန်းကျင်ရှိ လူများ၏ အသိအမှတ်ပြုမှု၊ ရိုသေလေးစားမှု၊ ချစ်ခင်အားကိုးမှုကိုရရှိပြီး လူတန်းစေ့သောမိသားစုအဖြစ် တင့်တောင့်တင့်တယ် ရပ်တည်နိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်လေရာ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်မည့် ပဥ္စမအကြိမ် မဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးများသို့ နိုင်ငံအကြီးအကဲကိုယ်တိုင် တက်ရောက်ခြင်းအားဖြင့် နိုင်ငံသားအားလုံး၏ မျှော်လင့်ချက်တစ်ခုဖြစ်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ထွန်းစေမည့် အခွင့်အလမ်းကောင်းများကို ဆောင်ကြဉ်းပေးနိုင်မည်ဟု အလေးအနက် ယုံကြည်မျှော်လင့်မိပါကြောင်း။ ။

## တက္ကသိုလ်(၁၆၉)ခု၏ ပညာရေးလုပ်ငန်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲမှ ဆွေးနွေးရရှိချက်များအားပေါင်းစပ်ပြီး နည်းဥပဒေနှင့် ဆက်စပ်ဥပဒေကြမ်းရေးဆွဲခြင်းကို တက္ကသိုလ်များတွင် ထပ်ဆင့်ဆွေးနွေးခြင်းများပြုလုပ်ရန် ညှိနှိုင်းရရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၈**

ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ တက္ကသိုလ်စိန်ရတုခန်းမ၌ တတိယနေ့(နောက်ဆုံးနေ့)အဖြစ်ကျင်းပသော ပညာရေးလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲမှ ဆွေးနွေးရရှိချက်များနှင့်ပေါင်းစပ်ပြီး အမျိုးသားပညာရေးနည်းဥပဒေနှင့် ဆက်စပ်ဥပဒေကြမ်းရေးဆွဲခြင်းများပြုလုပ်၍ တက္ကသိုလ်များတွင် ထပ်ဆင့်ဆွေးနွေးခြင်းများ ပြုလုပ်သွားရန် ညှိနှိုင်းရရှိကြသည်။

အဆိုပါ ပညာရေးလုပ်ငန်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲသို့ ပညာရေးကဏ္ဍနှင့်သက်ဆိုင်သောအငြိမ်းစားပညာရှင်ကြီးများ၊ ပြင်ပပညာရှင်များ၊ ပညာရေးဝန်ကြီးဌာနနှင့် နီးနွယ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ် (၁၆၉)ခုမှ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ တက္ကသိုလ်၊ ကောလိပ်များမှ ကိုယ်စားလှယ်များ၊ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း(CESR)မှ တာဝန်ရှိသူများ၊ ပညာရပ်ဆိုင်ရာနယ်ပယ်အသီးသီးမှ ပညာရှင်ပေါင်း ၃၉၀ ကျော်ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(ကြေးမုံ)**

## နိုင်ငံခြားသားခရီးသွားတစ်ဦး ပင်လယ်အတွင်း လမ်းမှားကာ ကော့သောင်းကျေးရွာကမ်းခြေသို့ ရောက်ရှိ

**ကော့သောင်း ဒီဇင်ဘာ ၁၈**

ကနေဒါနိုင်ငံသား ခရီးသွားတစ်ဦးသည် အပျော်စီးကနူးလှေငယ်တစ်စင်းဖြင့် ပင်လယ်ပြင်အတွင်း မျက်စိလည်လမ်းမှားကာ ဒီဇင်ဘာ ၁၇ ရက် ညနေပိုင်းက ကော့သောင်းမြို့ ချမ်းဖန်းကျေးရွာအုပ်စု ဘန်းတော်ကျေးရွာ ပင်လယ်ကမ်းခြေသို့ရောက်ရှိကြောင်း သိရသည်။**(အောက်ပုံ)**

၎င်းမှာ မစ္စတာ အန်ထော်နီ နီကိုလပ် (Mr.Anthony Nicholas) အသက် (၆၃)နှစ် ပတ်စပို့စာအုပ်အမှတ် B-295565၊ ကနေဒါနိုင်ငံသားတစ်ဦးဖြစ်ပြီး လွန်ခဲ့သည့် ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းက ထိုင်းနိုင်ငံ ရနောင်းမြို့မှတစ်ဆင့် တစ်ဦးတည်း ကနူးလှေငယ်ဖြင့် ပင်လယ်အတွင်း အပျော်စီးနင်းလှော်ခတ်ရင်း မြန်မာနိုင်ငံရေပိုင်နက်ထဲသို့ ဝင်ရောက်မိပြီး ကော့သောင်းမြို့နယ် ချမ်းဖန်းကျေးရွာအုပ်စု ဘန်းထော်ကျေးရွာ ပင်လယ်ကမ်းခြေသို့ မျက်စိလည် လမ်းမှားရောက်ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၏ သတင်းပို့ချက်အရ မြို့နယ်ရဲတပ်ဖွဲ့နှင့် လူဝင်မှုကြီးကြပ်ရေးဌာနမှ တာဝန်ရှိသူများ သွားရောက်စစ်ဆေးကြည့်ရှုပြီး လိုအပ်သည့်ကူညီမှုများပေးကာ ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် မူလထွက်ခွာလာရာ ထိုင်းနိုင်ငံ ရနောင်းမြို့သို့ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**



## ကျေးလက်ဒေသဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၈**

သဘာဝသယံဇာတအရင်းအမြစ်များ စုပေါင်းစီမံခန့်ခွဲမှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၈ နာရီတွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးခင်မောင်အေးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ဖော်ဆောင်နိုင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်ကို ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး ရေရှည်တည်တံ့နေစေရန် လူထုအခြေပြုလမ်းစဉ်အတိုင်း အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့်လည်း အတူလက်တွဲဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လူထုအခြေပြုဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကမ္ဘာ့ဘဏ်၏ကူညီထောက်ပံ့မှုဖြင့် ဆောင်ရွက်လျက်ရှိသော လူထုအခြေပြုစီမံကိန်း (CDD)၊ (ADD)မှ ကူညီထောက်ပံ့ပေးသည့် JFPR စီမံကိန်းနှင့် အစိုးရဘတ်ဂျက်ဖြင့် ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်ကျေးရွာစီမံကိန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ကျေးရွာများ၏ အခြေခံအဆောက်အအုံနှင့် လုပ်ငန်းများတိုးတက်မှုကို ကျေးရွာအဖွဲ့အစည်းများကိုယ်တိုင် ဆောင်ရွက်လာနိုင်ပြီး ကျေးရွာလူနေမှုဘဝနှင့် ဝင်ငွေမြင့်မားလာစေမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရမှ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအား အာရုံစိုက်ဆောင်ရွက်မှုနှင့်အတူ နိုင်ငံတကာအဖွဲ့အစည်းများမှ လူ့အရင်းအမြစ်၊ နည်းပညာနှင့် ငွေကြေးပံ့ပိုးမှုများသည် မိမိတို့၏ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များအား အောင်မြင်စွာအကောင်အထည်ဖော်ရာတွင် အထူးအထောက်အကူ ဖြစ်စေပါကြောင်းပြောကြားသည်။

**(ကြေးမုံ)**



## ကံမမြို့နယ်၌ ယာဉ်တိမ်းမှောက်သဖြင့် လူငါးဦးသေဆုံး

**ကံမ ဒီဇင်ဘာ ၁၈**

သရက်ခရိုင် ကံမမြို့နယ် ပျဉ်ထောင်ကျေးရွာအနီး ကံမ-ပြကြီးကားလမ်း မိုင်တိုင်အမှတ် (၁၂/၅)နှင့် (၁၂/၆) အကြားတွင် ဒီဇင်ဘာ ၁၇ ရက် ညနေ ၄ နာရီခန့်က ကံမမြို့ဘက်သို့ ယာဉ်မောင်းနန်းဝင်း မောင်းနှင်လာသော ယာဉ်အမှတ် စ/----ဟီးနိုးစိမ်းပြာရောင် ခြောက်ဘီးယာဉ်သည် ဝါးများတင်ဆောင်၍ ဝါးခုတ်သမားရှစ်ဦးနှင့်အတူ မောင်းနှင်လာစဉ် ဘရိတ်ပေါက်ပြီး လမ်း၏လက်ဝဲဘက်သို့ တိမ်းမှောက်ခဲ့သည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်းနန်းဝင်း(၃၃)နှစ်၊ ကတ်ကျော်(၅၀)နှစ်၊ မျိုးမင်းဇော်(၂၂)နှစ်၊ မင်းဇော် (၃၅)နှစ်နှင့် ခင်ဦး(၄၀)နှစ်တို့မှာ အခင်းဖြစ်ပွားသည့်နေရာတွင် သေဆုံးခဲ့ကြပြီး ဒေါ်လှမြင့်(၆၀)နှစ်မှာ ယာဘက်ခြေထောက်ပေါက်ပြဲဒဏ်ရာနှင့် ဝဲဘက်ဒူးခေါင်းအထက်ကျိုးသွားခဲ့ပြီး ကျန်သုံးဦးမှာ ပွန်းပဲ့ဒဏ်ရာများ သာရရှိခဲ့ကြပြီး စိုးရိမ်ဖွယ်ရာမရှိကြောင်းနှင့် ကံမမြို့ ပြည်သူ့ဆေးရုံတွင် ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(Iprd)**

□□

**မြို့တွင်း တစ်နာရီ မိုင် (၃၀)ထက် ပို မမောင်းရ**

## ပြည်တွင်းရေးရာ

❖ **ရှေ့ဖုံးမှ**

မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ကလေးတက္ကသိုလ်သို့ ရောက်ရှိကြရာ ဒုတိယပါမောက္ခချုပ် ဒေါက်တာ ထွန်းချွန်၊ ပါမောက္ခ/ဌာနမှူးများ၊ ပါမောက္ခများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူလေးများက အသစ်တည်ဆောက်ဆဲ ဘွဲ့နှင်းသဘင်ခန်းမရှေ့မှ ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ကလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်ထားရှိမှု အခြေအနေများကို အသေးစိတ်ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများအား တည်ဆောက်မှုလုပ်ငန်းများကို အသေးစိတ်စစ်ဆေးရန်၊ ခံ့ညားထည်ဝါမှုရှိရေး စနစ်တကျစီမံဆောင်ရွက်ရန်နှင့် ကြပ်မတ်စစ်ဆေးပြီး အချိန်မီ အပြီးသတ်ဆောင်ရွက်ရန် လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ကလေးတက္ကသိုလ်တွင် တက်ရောက်ပညာဆည်းပူးနေကြသည့် ကျောင်းသား ကျောင်းသူများအား ပညာသင်ကြားမှု အခြေအနေများနှင့် ဘဝရည်မှန်းချက်များကို ရင်းနှီးပွင့်လင်းစွာ မေးမြန်းပြီး ရင်းနှီးနွေးထွေးစွာ နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ကလေးမြို့ မြို့တော်ခန်းမသို့ရောက်ရှိပြီး ကလေး၊ ကလေးဝ၊ မင်းကင်း၊ တမူးနှင့် မော်လိုက်ခရိုင်များမှ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများအားတွေ့ဆုံ အမှာစကားပြောကြားရာတွင် မိမိသည် ကလေးမြို့တွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသောကြောင့် ဤဒေသသည် မိမိဒေသဟုပင် ပြောရမည်ဖြစ်ပါကြောင်း၊ မေ့လို့မရသည့် ဒေသလည်းဖြစ်ပါကြောင်း၊ ယခင်ဤဒေသ၌ တာဝန်ထမ်းဆောင်စဉ်ကနှင့် နှိုင်းယှဉ်လျှင် ယခုကလေးမြို့သည် တစ်နှစ်ထက်တစ်နှစ် များစွာတိုးတက်ဖွံ့ဖြိုးလာသည်ကို တွေ့ရှိရပါကြောင်း။

ကလေးမြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးရန်နှင့် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ၂၀၁၂ ခုနှစ်အတွင်းကလည်း ကလေးမြို့သို့ ရောက်ရှိခဲ့ပါကြောင်း၊ ၂၀၁၃ ခုနှစ်တွင် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး လက်ခံကျင်းပရသည့် အချိန်အခါနှင့် ၂၀၁၄ ခုနှစ်တွင်လည်း အာဆီယံဥက္ကဋ္ဌတာဝန်ယူရသည့် အချိန်အခါတိုက်ဆိုင်သည့်အချိန်ဖြစ်ခဲ့၍ ယခုမှပင် ဤဒေသကိုရောက်ရှိရခြင်းဖြစ်ပါကြောင်း။

မိမိတို့အစိုးရသက်တမ်းကျန်သည့် တစ်နှစ်တာကာလအတွင်း နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ ပြုပြင်ပြောင်းလဲမှုများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ ဤဒေသ၏ အလိုအပ်ဆုံးမှာ လျှပ်စစ်မီးပင်ဖြစ်ပါကြောင်း၊ လျှပ်စစ်မီးရရှိရေးအတွက်လည်း မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်းနှင့် ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းများမှ ရောက်ရှိလာမည့် လျှပ်စစ်ဓာတ်အားများကို မဟာဓာတ်အားလိုင်းမှတစ်ဆင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဆည်တည်ဆောက်ခြင်းအားဖြင့် စိုက်ပျိုးသီးနှံများကို



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မဟာသာက ပဋိမာရေဆန်ကျွန်းမြတ် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ကပ်လှူပူဇော်ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

တစ်သီးမှနှစ်သီး စိုက်ပျိုးထုတ်လုပ်နိုင်မည်ဖြစ်၍ ဒေသခံပြည်သူများ ဝင်ငွေ ပိုမိုတိုးတက်ရရှိလာမည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားများသာမကဘဲ ဒေသခံလက်လုပ်လက်စားများပါ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိပြီး ဝင်ငွေတိုးလာမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများအတွက် အမှန်တကယ်အကျိုးရှိမည်ဖြစ်ကြောင်း။

လျှပ်စစ်ဓာတ်အား ရရှိလာသည့်အခါ အသေးစား စက်မှုလက်မှုလုပ်ငန်းများပါ လုပ်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မည်သည့်အသေးစား စက်မှုလုပ်ငန်းများ လုပ်ကိုင်သွားနိုင်မည်ဆိုသည်ကို ကြိုတင်လေ့လာစဉ်းစားထားရန် လိုအပ်ကြောင်း၊ အသေးစား စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသည့် ထုတ်ကုန်များကို ပြည်တွင်းပြည်ပ ပို့ကုန်အဖြစ်ထုတ်လုပ်ရောင်းချနိုင်မည်ဖြစ်ကြောင်း။

ဒေသ၏ လိုအပ်ချက်များဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ စိုက်ပျိုးရေရရှိရေး စသည့်ကဏ္ဍများကို ချက်ချင်း လုပ်ပေးနိုင်သည်များအား ချက်ချင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အချိန်ယူဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်း စနစ်တကျစီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နိုင်ငံတစ်ဝန်းရှိ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းအတွင်း ပြီးစီးအောင်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်း မိမိတို့အစိုးရလက်ထက်မှာ အုတ်မြစ်ချလုပ်ဆောင်ပေးသွားမည်ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ဤဒေသကို မိမိအမြဲတမ်းသတိတရရှိပါကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို မျက်ခြည်မပျက်စောင့်ကြည့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တက်ရောက်လာကြသည့် မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ကလေးမြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာခဲ့ကြရာ နေပြည်တော်သို့ မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကလေးတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် တက်ရောက်ပညာဆည်းပူးနေကြသည့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

### ယာဉ်ရပ်နားရန်နေရာ ထောက်ခံချက်ရှိမှ ယာဉ်တင်သွင်းဝယ်ယူခွင့် လိုင်စင်ခွင့်ပြုမည်

**ရန်ကုန် ဒီဇင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီးအတွင်း အိမ်ထောင်စုစာရင်းဖြင့် နေထိုင်သူများအနေဖြင့် မော်တော်ယာဉ်တင်သွင်းဝယ်ယူခွင့် လျှောက်ထားခြင်းအတွက် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ ယာဉ်ရပ်နားရန်နေရာ (Car Parking) ထောက်ခံချက်ပါရှိမှသာ သွင်းကုန်လိုင်စင်ခွင့်ပြုမည်ဖြစ်ကြောင်းနှင့် ယင်းထောက်ခံချက်ပုံစံများကို သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများတွင် စုံစမ်းကြည့်ရှုနိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**

## လယ်ယာမြေဥပဒေ ပညာပေးဟောပြော

**ဒေါ့ဖုန်းယန် ဒီဇင်ဘာ ၁၈**

ကချင်ပြည်နယ် ဒေါ့ဖုန်းယန်မြို့ သိန်လုံကျေးရွာ တောင်သူများလယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ မြေလွတ်မြေရိုင်းဥပဒေ၊ နည်းဥပဒေအကြောင်းများကို သိရှိနားလည်နိုင်ရန်ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲကို သိန်လုံကျေးရွာမွေ့ရုံ၌ ဒီဇင်ဘာ ၁၆ ရက်က ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အောင်က လယ်ယာမြေနှင့်ပတ်သက်သော ဥပဒေများအကြောင်းဟောပြောပြီး မြေစာရင်းဦးစီးဌာနမှူး ဦးဝင်းဇော်က ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ မြေလွတ်မြေရိုင်းဥပဒေ၊ နည်းဥပဒေအကြောင်းများကို ကျေးရွာတောင်သူ ၅၆ ဦးနှင့် ပတ်ဝန်းကျင်ကျေးရွာမှ တောင်သူများအား ဟောပြောဆွေးနွေးခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

## ပြင်ဆင်ဖတ်ရှုပါရန်

(၁၈-၁၂-၂၀၁၄) ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၈) ကော်လံ (၃)နှင့် စာမျက်နှာ(၉) ကော်လံ(၁)နှင့် ကော်လံ(၆)တို့တွင် ပါရှိသော "ရာဇဂြိုလ်" အသုံးများအစား ရေးထုံးအမှန် ဖြစ်သည့် "ရာဇဂြိုဟ်"ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(ကြေးမုံ)**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကလေး၊ ကလေးဝ၊ မင်းကင်း၊ မော်လိုက်၊ ဖောင်းပြင်တို့မှ မြို့မိမြို့ဖများအား တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၁၈**



စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကလေး၊ ကလေးဝ၊ မင်းကင်း၊ မော်လိုက်နှင့် ဖောင်းပြင်မြို့များမှ မြို့မိမြို့ဖများအား ဒီဇင်ဘာ ၁၇ ရက် ညနေ ၆ နာရီတွင် ကလေးမြို့ တပ်နယ်အောင်ဇေယျရိပ်သာ၌ တွေ့ဆုံသည်။**(ယာပုံ)**

ရှေးဦးစွာ တက်ရောက်လာကြသည့် မြို့မိမြို့ဖများက မြို့ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို တင်ပြဆွေးနွေးကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက မြို့နယ်များ၏ လူမှုစီးပွားတိုးတက်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ ဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

**●ကျောဖုံးမှ**

လက်ရှိအချိန်တွင် Globalization ဖြစ်စဉ်နှင့် ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးအခြေအနေပြောင်းလဲလာမှုများနှင့်အတူ နိုင်ငံတစ်နိုင်ငံချင်းစီ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ပိုမိုကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းရရှိမှု၊ လူနေမှုအဆင့်အတန်း ကွာဟမှုစသည့် အမျိုးမျိုးသော အခြေအနေများကြောင့် နိုင်ငံတစ်နိုင်ငံက အခြားတစ်နိုင်ငံသို့ အလုပ်အကိုင်ရှာဖွေရန် သွားရောက်ကြသည့် ရွှေ့ပြောင်းအလုပ်သမားများ၏ အရေအတွက်သည် တစ်နေ့တခြား တိုးတက်များပြားလာသည်ကို မြင်တွေ့နေရပါကြောင်း၊ အလုပ်သမားစေလွှတ်သည့်နိုင်ငံများနှင့် ရောက်ရှိအလုပ်လုပ်ကိုင်သည့်နိုင်ငံများအတွက်သာမက ရွှေ့ပြောင်းအလုပ်သမားများကိုယ်တိုင် အကျိုးစီးပွားဖြစ်ထွန်းမှုများအပေါ် မူတည်ပြီး ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ခြင်းကို အပြုသဘောဆောင်သော အမြင်တစ်ရပ်ဖြင့်ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြု လက်ခံလာကြပြီဖြစ်ပါကြောင်း။

နိုင်ငံတကာ ရွှေ့ပြောင်းသွားလာနေထိုင်လုပ်ကိုင်မှုသည် မည်သည့်အခါမျှ ရပ်တန့်နေမည်မဟုတ်ဘဲ တိုးတက်ဖြစ်ထွန်းနေမည်ဖြစ်ပါကြောင်း၊ ရွှေ့ပြောင်းသွားလာနေထိုင်သူများ၊ အထူးသဖြင့် ကျွမ်းကျင်မှုနိမ့်သည့် ရွှေ့ပြောင်းလုပ်သားများသည် စွန့်စားမှုများစွာကို ရင်ဆိုင်နေကြရပါကြောင်း၊ အလားတူ ရွှေ့ပြောင်းအလုပ်သမားများသည် အခြေခံအခွင့်အရေးနှင့် ဝန်ဆောင်မှုများကို အနိမ့်ဆုံးအဆင့်ဖြင့်သာ ခံစားခွင့်ရရှိနေရပြီး ခြိမ်းခြောက်အနိုင်ကျင့်ခံရခြင်း၊ ဆိုးရွားစွာ အကြမ်းဖက်ခံရခြင်း၊ ခွဲခြားဆက်ဆံခံရခြင်းနှင့် အလေးထားတန်ဖိုးထားမှုမခံရခြင်းစသည်တို့ကို ကြုံတွေ့ခံစားရလျက်ရှိပါကြောင်း။

ထို့ကြောင့် ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရေးနှင့်မြှင့်တင်ရေး ရွှေ့ပြောင်းသွားလာမှုအတွက် လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ကုန်ကျစရိတ်များ လျှော့ချနိုင်ရေး၊ ရွှေ့ပြောင်းသွားလာမှုမှ အကျိုးတရားများ အများဆုံးရရှိနိုင်ရေးတို့အတွက် သင့်တော်ကောင်းမွန်သည့် မူဝါဒနှင့် လုပ်ငန်းစဉ်များချမှတ်ပြီး မြှင့်တင်ဆောင်ရွက်ပေးနိုင်ရေးအတွက် တွန်းအားပေးဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့အစိုးရအနေဖြင့်လည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်သော မူဝါဒများချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အမျိုးမျိုးသော လေ့လာထားချက်များအရ ရွှေ့ပြောင်းသွားလာလုပ်ကိုင်ခြင်းသည် လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုရေးဆိုင်ရာ အရင်းအနှီး တိုးပွားစေရေးနှင့် ဆင်းရဲမှုလျှော့ချစေရေးတို့ကို သိသာထင်ရှားသည့် အတိုင်းအတာတစ်ခုအထိ အထောက်အကူပြုနိုင်သည်ကို အသိအမှတ်ပြုပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းအတွက် ကောင်းမွန်သည့်အခြေအနေများ ဖန်တီးပေးပြီး ရွှေ့ပြောင်းလုပ်သားများကို “သားကောင်များ”မဟုတ်ဘဲ “အဓိကဇာတ်ကောင်များ”ဖြစ်စေရန် ကြိုးပမ်းသွားရမည်ဖြစ်ပါကြောင်း။

တစ်ချိန်တည်းတွင် ပြည်တွင်းပြည်ပအလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ဖြစ်ပေါ်စေရေးအတွက် အလုပ်ရှင်နှင့် အလုပ်သမား တစ်နေရာတည်းတွင် တွေ့ဆုံနိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲများ ကျင်းပပေးလျက်ရှိသကဲ့သို့ အရွယ်ရောက်ပြီး အလုပ်လုပ်နိုင်သူတိုင်း ကောင်းမွန်သည့်အလုပ်အကိုင်ရရှိရန်၊ အလုပ်အကိုင် အမျိုးအစားသစ်များ တိုးတက်ဖြစ်ပေါ်စေရန်နှင့် ကျွမ်းကျင်လုပ်သားများ ပြုစုပျိုးထောင် မွေးထုတ်ပေးရန်အတွက် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ရေးဆွဲပြီး အတည်ပြုပြဋ္ဌာန်းထုတ်ပြန်နိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အတူ ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန်နှင့် မှန်ကန်သည့်သတင်းအချက်အလက်များပေးနိုင်ရန်အတွက် ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီပေးရေးဗဟိုဌာန (Migrant Resource Center)များကို ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ဖွင့်လှစ်ပေးထားပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်လည်း ရွှေ့ပြောင်းအလုပ်သမားသတင်းပို့ဌာန (Migrant Workers Reporting Counter)ကို ဖွင့်လှစ်ပေးထားပြီးဖြစ်ပါကြောင်း။

ရွှေ့ပြောင်းအလုပ်သမားများ တိုင်ကြားနိုင်သည့်ဌာန (Complaint Mechanism Center)များကို နေပြည်တော်နှင့် ရန်ကုန်တို့တွင် ဖွင့်လှစ်ပြီး ပြည်တွင်းပြည်ပတွင် အလုပ်လုပ်နေကြသည့် မြန်မာအလုပ်သမားများနှင့်ပတ်သက်သည့် ပြဿနာများကိုလည်း ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့အပြင် အာဆီယံရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ပေးခြင်းဆိုင်ရာ အာဆီယံစာချုပ်(မူကြမ်း)ကိုလည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ညှိနှိုင်းအစည်းအဝေးပွဲများကျင်းပပြီး ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါကြောင်း။

ရွှေ့ပြောင်းသွားလာမှုသည် ၂၁ ရာစု၌ အမှန်တကယ် တစ်နေ့တခြားတိုးတက်များပြား ကြီးထွားလာသည့် ဖြစ်စဉ်တစ်ခုဖြစ်နေသည့်အတွက် ရွှေ့ပြောင်းအလုပ်သမားများကို တန်းတူအခွင့်အရေးပေးပြီး အားလုံးပါဝင်သည့် ရေရှည်တည်တံ့ခိုင်မြဲသော လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကလုပ်ဆောင်နေသူများအဖြစ် အသိအမှတ်ပြုပြီး ရွှေ့ပြောင်းသွားလာသူများအပေါ် ခွဲခြားမှုမပြုဘဲ နွေးထွေးစွာ ကြိုဆိုဆက်ဆံသွားကြရန် ပြောကြားလိုပါကြောင်း။

သန်းပေါင်းများစွာသော ရွှေ့ပြောင်းအလုပ်သမားများ၏ ရဲရင့်မှု၊ စူးစိုက်လုပ်ကိုင်နိုင်သည့် ဇွဲလုံ့လနှင့် ၎င်းတို့၏ ကောင်းမွန်သည့် စိတ်ကူးအိပ်မက်များကို နွေးထွေးစွာ ကြိုဆိုပြီး အသွင်အမျိုးမျိုးဖြင့် ဖွံ့ဖြိုးတိုးတက်ပြီး ကြွယ်ဝချမ်းသာသော လူ့အဖွဲ့အစည်းကြီး ပေါ်ထွန်းလာရေးအတွက် ရွှေ့ပြောင်းအလုပ်သမားများ၏ အခန်းကဏ္ဍ အရေးပါမှုကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ပေးရန် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးအကာအကွယ်ပေးခြင်းနှင့် ဘေးအန္တရာယ်ကင်းရှင်းသည့် ရွှေ့ပြောင်းသွားလာမှု ဆက်လက်တိုးတက်ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို လူသားဆန်သည့် အကူအညီများ တိုးမြှင့်ပေးနိုင်ရန်အတွက် သက်ဆိုင်ရာအစိုးရဝန်ကြီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများအနေဖြင့် ပိုမိုပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ယင်းနောက် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း ဌာနေကိုယ်စားလှယ် မစ္စတာ ကီရမ်ဂေါ်မန်ဘက်စ်က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်နှင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း ညွှန်ကြားရေးမှူးချုပ်ထံမှ ပေးပို့သော သဝဏ်လွှာများကို ဖတ်ကြားသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အဆိုပါခန်းမအတွင်း ပြသထားသည့် ရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာ လှုပ်ရှားမှုဓာတ်ပုံများနှင့် အလုပ်သမားများအတွက် အထောက်အထားထုတ်ပေးရေးလုပ်ငန်းသုံးစက်ကိရိယာများအား လှည့်လည်ကြည့်ရှုခဲ့သည်။ **(သတင်းစဉ်)**

**■အင်ဒိုနီးရှားမှ**

ဓာတ်မြေသြဇာလုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ကြေးနန်းနှင့် ဆက်သွယ်ရေးလုပ်ငန်း၊ ဘဏ္ဍာရေးလုပ်ငန်း၊ အကြီးစား ဆောက်လုပ်ရေးလုပ်ငန်း၊ တိရစ္ဆာန် အစားအစာ ထုတ်လုပ်သည့် လုပ်ငန်း၊ ဆေးဝါးနှင့် ဆေးပစ္စည်း ထုတ်လုပ်သည့် လုပ်ငန်း၊ ချည်မျှင်နှင့် အထည်လုပ်ငန်း၊လေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ကုန်ပစ္စည်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ မီးရထားသယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ စက်ပစ္စည်း ကိရိယာနှင့် အပိုပစ္စည်း ထုတ်လုပ်သည့်လုပ်ငန်း စသည့် ကဏ္ဍများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံနိုင်ရေးတို့အတွက် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့အကြား နှစ်နိုင်ငံ ကုန်သွယ်မှုကဏ္ဍသည် ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း တဖြည်းဖြည်း တိုးမြှင့်လာခဲ့ပြီး လာမည့် ၂၀၁၆ ခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုပမာဏကို အမေရိကန်ဒေါ်လာ တစ်ဘီလီယံအထိ တိုးမြှင့်သွားရန် နှစ်နိုင်ငံသမ္မတများက သဘောတူ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟု သိရသည်။ ပြီးခဲ့သည့် ၂၀၁၃- ၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှု ပမာဏမှာ အမေရိကန်ဒေါ်လာ သန်း ၅၀၀ နီးပါးအထိ ရှိခဲ့ကြောင်း သိရသည်။

**(ဝဝ၁)**

# သဘာဝသယံဇာတများ ထာဝစဉ်တည်တံ့စေရေး အသိပညာပေးအစီအစဉ်များ ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား UNESCO World Heritage Centre မှ Director Mr.Kishore Rao၊ UNESCO Myanmar မှ Head of Office Mr.Sardar Umar Alam၊ National Federation of UNESCO Associations in Japan မှ Mr.Akito Terao နှင့် Mr.Noboru Noguchi တို့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကြပြီး ယူနက်စကိုမှ ဆောင်ရွက်လျက်ရှိသည့် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်နေရာများ၊ မြန်မာနိုင်ငံ၏ ပထမဆုံးကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် ပျူမြို့ဟောင်းသုံးမြို့အတွက် ယူနက်စကိုနှင့် ပူပေါင်းဆောင်ရွက်မှုများနှင့်အလားတူ ကမ္ဘာ့သဘာဝအမွေအနှစ် စာရင်းဝင်နေရာအဖြစ် အလားအလာရှိသည့်ဒေသများ ရွေးချယ်မှု၊ အာဆီယံ အမွေအနှစ်ဥယျာဉ်အဖြစ် သတ်မှတ်ခံထားရသည့် မြန်မာနိုင်ငံမှ သဘာဝနယ်မြေနှင့် ဘေးမဲ့တောများ၊ ကမ္ဘာ့သဘာဝအမွေအနှစ် စာရင်းဝင်နေရာအဖြစ် ယူနက်စကိုသို့ပေးပို့ထားသည့် ခါကာဘိုရာဇီအမျိုးသားဥယျာဉ်အား ရွေးချယ်မှု၊အင်းလေးကန်အား ဇီဝအဝန်းကြိုးဝိုင်းအဆိုပြုထားမှု၊ သဘာဝသယံဇာတများ ထာဝစဉ်တည်တံ့စေရေးအတွက် ဒေသခံများအား အသိပညာပေးမည့် အစီအမံများနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး အစီအစဉ်များ၊ အမျိုးသားဥယျာဉ်နှင့်ဘေးမဲ့တောများအား ထာဝစဉ်ဖွံ့ဖြိုးတိုးတက်စေရန်၊ ဇီဝအုပ်ချုပ်မှုစီမံကိန်းများ ရေးဆွဲရန် နည်းပညာအကူအညီရရှိရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်မှုတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(ကြေးမုံ)**

**○မြန်မာအသင်းမှ**

တွေ့ဆုံကာ ဘောလုံးကိစ္စရပ်များ ဆွေးနွေးခဲ့ပြီး မြန်မာဘောလုံးပရိသတ်များ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို လာရောက်အားပေးလိုပါက ပြည်ဝင်ခွင့် ဗီဇာများကို အချိန်မီရရှိရေး ကူညီပေးစေလိုကြောင်း ဆွေးနွေးခဲ့သည်။ ထို့ပြင် မြန်မာယူ-၂၀ အသင်းသည် ပြိုင်ပွဲကျင်းပမည့် နယူးဇီလန်နိုင်ငံ၌ ပြိုင်ပွဲမတိုင်မီ နှစ်ပတ် သို့မဟုတ် သုံးပတ်ကြိုတင်သွားရောက်ကာ လေ့ကျင့်မှုများပြုလုပ်သွားရန် စီစဉ်ထားကြောင်း သိရသည်။

မြန်မာယူ-၂၀အသင်းသည် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ပဏာမကစားသမား ၂၄ ဦးဖြင့် နိုဝင်ဘာ ၁၇ ရက်မှစ၍ လေ့ကျင့်လျက်ရှိပြီး ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၈ ရက်မှ ၁၂ ရက်အထိ ကျင်းပမည့် မာရာဟာလင်ဖလားပြိုင်ပွဲကို စတင် ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲအပြီးတွင် ကာတာ၊ မော်ရိုကိုနှင့် ဥရောပနိုင်ငံများသို့သွားရောက်ကာ လေ့ကျင့်မှုများပြုလုပ်မည်ဖြစ်ပြီး ခြေစမ်းပွဲများယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ သတင်းထုတ်ပြန်ကြေညာ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ
## သတင်းထုတ်ပြန်ကြေညာချက်

**(၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ ၁၉ ရက်)**

**(၁၃၇၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်)**

၁။ နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာအပိုင်းအသီးသီးပါ မြေသိမ်းမှုပြဿနာများကို လျင်မြန်စွာ ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၁၆-၉-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၉/၂၀၁၃)ဖြင့် ဖွဲ့စည်းခဲ့ပါသည်။ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီတွင် ဒုတိယသမ္မတက ဥက္ကဋ္ဌအဖြစ် ဦးဆောင်ပါဝင်ဆောင်ရွက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က ဒုတိယဥက္ကဋ္ဌများအဖြစ်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်ဖွဲ့စည်းထားရှိပါသည်။

၂။ ထို့အပြင် မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီအား အထောက်အကူပြုနိုင်ရန်၊ မြေပြင်တွင် လုပ်ငန်းကဏ္ဍအလိုက် သိသာထင်ရှားသော တိုးတက်မှုအကျိုးရလဒ်ရရှိအောင် ဆောင်ရွက်နိုင်ရန်နှင့် အတားအဆီးအခက်အခဲဖြစ်နေသည့် ပြဿနာကိစ္စရပ်များအား ညှိနှိုင်းဖြေရှင်းနိုင်ရန်အတွက် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာအုပ်စု မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီ အဆင့်ဆင့်ကိုလည်း ဖွဲ့စည်းပေးခဲ့ပါသည်။

၃။ ယင်းကော်မတီအဆင့်ဆင့်အနက် အခြေခံအကျဆုံးဖြစ်သည့် ရပ်ကွက်/ကျေးရွာအုပ်စု မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီတွင် ရပ်မိ/ရပ်ဖဖြစ်သည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် တောင်သူလယ်သမားကိုယ်စားလှယ်ဖြစ်သည့် တရားဝင်ဖွဲ့စည်းထားသော လယ်ယာကုန်ထုတ် သမဝါယမအသင်းများမှ ကိုယ်စားလှယ်တို့ကို အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းထားပါသည်။ အလားတူ မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီတွင်လည်း ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌတို့ကိုလည်း အဖွဲ့ဝင်များအဖြစ် ထည့်သွင်းဖွဲ့စည်းထားပါသည်။

၄။ ထို့အပြင် နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်နာယကထံသို့ ၂၈-၂-၂၀၁၄ ရက်နေ့ ပေးပို့သည့် သဝဏ်လွှာတွင် **မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ကြီးကြပ်မှုအောက်၌ မြေပြင်ကွင်းဆင်းဆောင်ရွက်လျက်ရှိသော မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီအသီးသီးတွင် သက်ဆိုင်ရာမြို့နယ်အလိုက် ရွေးကောက်တင်မြှောက်ခံထားရသည့် လွှတ်တော်ကိုယ်စားလှယ်များက ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အများပြည်သူတို့ မနစ်နာစေရန် ပွင့်လင်းမြင်သာစွာရှင်းလင်းဆောင်ရွက်နေမှုအား အထောက်အကူပြုစေမည့်အပြင် ပကတိအခြေအနေမှန်ကိုလည်း လွှတ်တော်များက အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်မည်ဖြစ်ပါ၍ စီစဉ်ပေးနိုင်ပါရန်** တိုက်တွန်းထားသဖြင့် ဒေသအသီးသီး၌ မြေကိစ္စများဖြေရှင်းဆောင်ရွက်ရာတွင် ပြည်သူများရွေးကောက်တင်မြှောက်ထားသော လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**စုံစမ်းရေးကော်မရှင်မှ ပေးပို့သော အစီရင်ခံစာအပိုင်း(၁)၊ (၂)၊ (၃)ပါ မြေကိစ္စများအပေါ် လက်ခံရရှိမှုနှင့် စိစစ်ဖြေရှင်းဆောင်ရွက်ပြီးစီးမှုအခြေအနေ**

၅။ ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်သည် အောက်ဖော်ပြပါမြေကိစ္စအမှုတွဲများအားဖြေရှင်းပေးနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ပေးပို့ခဲ့သဖြင့် မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီမှ စိစစ်ဖြေရှင်းဆောင်ရွက်ခဲ့ပါသည်-

**(က) အစီရင်ခံစာအပိုင်း(၁)၊ (၂)၊ (၃)ပါ မြေကိစ္စများအပေါ် လက်ခံရရှိမှု**

| စဉ် | အစီရင်ခံစာအပိုင်း | ပြည်ထောင်စုလွှတ်တော်မှ ပေးပို့သည့်ရက်စွဲ | အမှုတွဲအရေအတွက် |
|---|---|---|---|
| ၁ | အပိုင်း(၁) | ၁၃-၉-၂၀၁၃ | ၅၆၅ မှု |
| ၂ | အပိုင်း(၂) | ၁၃-၉-၂၀၁၃ | ၆၃ မှု |
| ၃ | အပိုင်း(၃) | ၁၃-၉-၂၀၁၃ | ၁၁၇ မှု |
| စုစုပေါင်း | | | ၇၄၅ မှု |

**(ခ) အစီရင်ခံစာအပိုင်း(၁)၊ (၂)၊ (၃)ပါ မြေကိစ္စများအပေါ် စိစစ်ဖြေရှင်းဆောင်ရွက်ပြီးစီးမှု။** အစီရင်ခံစာအပိုင်း (၁)၊ (၂)၊ (၃)ပါမြေကိစ္စ (၇၄၅)မှုအပေါ် (၂၄-၆-၂၀၁၄)ရက်နေ့အထိ စိစစ်ပြီးစီးမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ကြောင်း နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်သို့ (၂၅-၆-၂၀၁၄)ရက်တွင် သဝဏ်လွှာပေးပို့ခဲ့ပြီးဖြစ်ပါသည်-

(၁) အသုံးပြုရန်လိုအပ်ချက်အရ မစွန့်လွှတ်သည့်မြေကိစ္စ (၃၈၆) မှု
(၂) အသုံးပြုရန်ထက်ပိုမိုမှုကြောင့် စွန့်လွှတ်သည့်မြေကိစ္စ (၆၂) မှု
(၃) အသုံးမပြု၍ အားလုံးစွန့်လွှတ်သည့် မြေကိစ္စ (၁၀၉) မှု
(၄) အကြောင်းအရာတူ တိုင်စာများ (၄၆) မှု
(၅) ပုဂ္ဂလိက၊ အချင်းချင်းတရားစီရင်ရေးလုပ်ငန်းအရဖြေရှင်းရန်မြေကိစ္စများ (၁၄၂) မှု
(၆) စိစစ်ရန်ကျန် (-) မှု
(၇) စိစစ်ပြီးရာခိုင်နှုန်း (၁၀၀)ရာခိုင်နှုန်း

**စုံစမ်းရေးကော်မရှင်မှ ထပ်မံပေးပို့လာသော မြေကိစ္စများလက်ခံရရှိမှုနှင့် စိစစ်ဖြေရှင်းဆောင်ရွက်ပြီးစီးမှု အခြေအနေ**

၆။ ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်သည် အောက်ဖော်ပြပါမြေကိစ္စ အမှုတွဲများအား ဖြေရှင်းပေးနိုင်ရန် ဖော်ပြပါနေ့ရက်များတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ထပ်မံပေးပို့ခဲ့သဖြင့် မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီမှ စိစစ်ဖြေရှင်းဆောင်ရွက်လျက်ရှိပါသည်-

| စဉ် | အစီရင်ခံစာအပိုင်း | ပြည်ထောင်စုလွှတ်တော်မှ ပေးပို့သည့်ရက်စွဲ | အမှုတွဲအရေအတွက် |
|---|---|---|---|
| ၁ | အပိုင်း(၄) | ၁၃-၁၁-၂၀၁၃ | ၁၂၁ မှု |
| ၂ | အပိုင်း(၅) | ၁၁-၁၁-၂၀၁၃ မှ ၅-၁၂-၂၀၁၃ ထိ | ၃၃၈၇ မှု |
| ၃ | အပိုင်း(၆) | ၂၄-၃-၂၀၁၄ မှ ၁-၈-၂၀၁၄ ထိ | ၂၃၃၃ မှု |
| ၄ | အပိုင်း(၇) | ၂၉-၉-၂၀၁၄ | ၁၀၂၉ မှု |
| စုစုပေါင်း | | | ၆၈၇၀ မှု |

၇။ ထပ်မံပေးပို့လာသည့် အစီရင်ခံစာအပိုင်း(၄)(၅)(၆)နှင့်(၇)ပါမြေကိစ္စများအနက် အစီရင်ခံစာအပိုင်း(၄)နှင့် အပိုင်း(၅)ပါ မြေကိစ္စ(၃၅၀၈)မှုအား မြေရယူအသုံးချထားသော ပြည်ထောင်စုဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီများသို့ စိစစ်ဖြေရှင်းဆောင်ရွက်စေခဲ့ရာ(၃၀-၁၁-၂၀၁၄) ရက်နေ့အထိ စိစစ်ဖြေရှင်းဆောင်ရွက်ပြီးစီးမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အစီရင်ခံစာအပိုင်း | အမှုတွဲပေါင်း | စိစစ်ဖြေရှင်းပြီး | | | | | | စိစစ်ဆဲ | စိစစ်ပြီးရာနှုန်း |
|---|---|---|---|---|---|---|---|---|---|---|
| | | | အသုံးပြုရန်လိုအပ်ချက်အရ မစွန့်လွှတ်သည့်မြေကိစ္စ | အသုံးပြုရန်ထက်ပိုမိုမှုကြောင့် စွန့်လွှတ်သည့်မြေကိစ္စ | အသုံးမပြု၍ အားလုံးစွန့်လွှတ်သည့်မြေကိစ္စ | အကြောင်းအရာတူ တိုင်စာများ | ပုဂ္ဂလိက၊ အချင်းချင်းတရားစီရင်ရေးလုပ်ငန်းအရ ဖြေရှင်းရန်မြေကိစ္စများ | ပေါင်း | | |
| ၁ | အပိုင်း(၄) | ၁၂၁ | ၃၈ | ၁ | ၂ | ၃ | ၁၂ | ၅၆ | ၆၅ | ၄၆.၂၈ |
| ၂ | အပိုင်း(၅) | ၃၃၈၇ | ၁၄၈၃ | ၅၄ | ၁၀၃ | ၆၉၆ | ၄၀၉ | ၂၇၄၅ | ၆၄၂ | ၈၁.၀၅ |
| စုစုပေါင်း | | ၃၅၀၈ | ၁၅၂၁ | ၅၅ | ၁၀၅ | ၆၉၉ | ၄၂၁ | ၂၈၀၁ | ၇၀၇ | ၇၉.၈၅ |

၈။ အစီရင်ခံစာအပိုင်း(၆)ပါမြေကိစ္စ ၂၃၃၃ မှုနှင့် အစီရင်ခံစာအပိုင်း(၇)ပါမြေကိစ္စ ၁၀၂၉ မှုအား သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီများသို့ စိစစ်ဖြေရှင်းရန် ပေးပို့ထားပြီးဖြစ်ရာ သက်ဆိုင်ရာများမှ စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

**ပြန်လည်စွန့်လွှတ်မြေများ**

၉။ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီများမှ အစီရင်ခံစာအပိုင်း(၁)၊ (၂)၊ (၃)၊ (၄)နှင့် (၅)ပါ မြေကိစ္စများနှင့် စပ်လျဉ်း၍ ပြန်လည်စွန့်လွှတ်မည့်မြေများမှာ အောက်ပါအတိုင်းဖြစ်ကြောင်း စိစစ်ရရှိပါသည် -

| စဉ် | အစီရင်ခံစာအပိုင်း | အသုံးပြုရန်ထက်ပိုမိုမှုကြောင့် စွန့်လွှတ်သည့်မြေ | | အသုံးမပြု၍ အားလုံး စွန့်လွှတ်သည့်မြေ | | စုစုပေါင်း စွန့်လွှတ်သည့်မြေ | |
|---|---|---|---|---|---|---|---|
| | | အမှု | ဧက | အမှု | ဧက | အမှု | ဧက |
| ၁ | အပိုင်း(၁)(၂)(၃) | ၆၂ | ၄၃၇၁၄.၇၈ | ၁၀၉ | ၂၉၁၅၇.၈၂၁ | ၁၇၁ | ၇၂၈၇၂.၆၀၁ |
| ၂ | အပိုင်း(၄) | ၁ | ၃၇၅.၀၀ | ၂ | ၁၂.၈၅ | ၃ | ၃၈၇.၈၅ |
| ၃ | အပိုင်း(၅) | ၅၄ | ၁၄၀၉၅.၅၃၁ | ၁၀၃ | ၁၀၇၅၆.၈၃၀ | ၁၅၇ | ၂၄၈၅၂.၃၆၁ |
| စုစုပေါင်း | | ၁၁၇ | ၅၈၁၈၅.၃၁၁ | ၂၁၄ | ၃၉၉၂၇.၅၀၁ | ၃၃၁ | ၉၈၁၁၂.၈၁၂ |

၁၀။ ထို့အပြင် နိုင်ငံတော်အစိုးရအနေဖြင့် စုံစမ်းရေးကော်မရှင်မှ ပေးပို့သည့် အစီရင်ခံစာအပိုင်းများပါ မြေကိစ္စရပ်များတွင်ပါဝင်ခြင်းမရှိသော်လည်း မြေရယူအသုံးချထားသော ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပုဂ္ဂလိက ကုမ္ပဏီအဖွဲ့အစည်းများမှ မူလမြေရယူအသုံးချစဉ်က စီမံကိန်းရည်မှန်းချက်ပါအတိုင်း အသုံးမပြုသောမြေများကို သီးခြားပြန်လည်စွန့်လွှတ်မြေများအဖြစ်သတ်မှတ်၍ သက်ဆိုင်သူများသို့ ပြန်လည်လွှဲပြောင်းပေးအပ်ရန် စိစစ်ဆောင်ရွက်ခဲ့ရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ၁၅၉၄၅၀.၄၄ ဧက၊ အခြားဝန်ကြီးဌာနများမှ ၃၉၅၆.၆၁ ဧကနှင့် ပုဂ္ဂလိကကုမ္ပဏီအဖွဲ့အစည်းများမှ ၄၀၆၈၁.၉၀ ဧက စုစုပေါင်း သီးခြားစွန့်လွှတ်မြေ ၂၀၄၀၈၈.၉၅ ဧကဖြစ်သည်။

၁၁။ သို့ပါ၍ ၃၀-၁၁-၂၀၁၄ ရက်နေ့အထိ စိစစ်ချက်အရ စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာအပိုင်း (၁)၊ (၂)၊ (၃)၊ (၄)နှင့် (၅)ပါ မြေကိစ္စများနှင့်စပ်လျဉ်း၍ ပြန်လည်စွန့်လွှတ်မြေ ၉၈၁၁၂.၈၁၂ ဧက၊ စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာအပိုင်းများတွင် ပါဝင်ခြင်းမရှိသော်လည်း သီးခြားပြန်လည်စွန့်လွှတ်မြေ ၂၀၄၀၈၈.၉၅ ဧက စုစုပေါင်း ပြန်လည်စွန့်လွှတ်မြေ ၃၀၂၂၀၁.၇၆၂ ဧကဖြစ်ပါသည်။

**စွန့်လွှတ်မြေများအား သက်ဆိုင်သူများသို့ လွှဲပြောင်းပေးအပ်ခြင်း**

၁၂။ မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီသည် ပြန်လည်စွန့်လွှတ်မြေများကို သက်ဆိုင်သူများသို့ ပြန်လည်လွှဲပြောင်းပေးအပ်ရာတွင် မြေလက်ခံရယူသူများအတွက် မြေပိုင်ဆိုင်ခွင့် အထောက်အထားများနှင့်တကွ ခိုင်ခိုင်မာမာ လွှဲပြောင်းပေးအပ်နိုင်ရေး ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိရာ ပြန်လည်စွန့်လွှတ်ပေးအပ်မည့် မြေများတွင် မူလမြေအမျိုးအစားသည် လယ်ယာမြေဖြစ်ပါက လယ်ယာမြေဥပဒေနှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)နှင့်တကွ သက်ဆိုင်သူများထံ ပြန်လည်လွှဲပြောင်းပေးအပ်၍ စားကျက်မြေ၊ သစ်တောမြေ၊ မြေလွတ်မြေလပ် နှင့် မြေရိုင်းများဖြစ်ပါက ယာယီပုံစံဖြင့် စိုက်ပျိုးခွင့်ပေးအပ်ထားပြီး စားကျက်မြေစီမံခန့်ခွဲခြင်းဆိုင်ရာဥပဒေ၊ သစ်တောဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပယ်ဖျက်ခွင့်ဆောင်ရွက်ပြီးနောက် မြေလွတ်မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ အသုံးပြုခွင့်ရရှိရေးအတွက် သက်ဆိုင်သူများက ဆက်လက်လျှောက်ထားရယူမည်ဖြစ်ပါသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✳

မင်္ဂလာဒီ Fully Air-con Express
အလောင်းတော်ကဿပ(သီးသန့်) 35000
ပုဂံ(ရွှေစည်းခုံဘုရား)၊ ပုပ္ပါး 35000
တောင်ကြီး၊ အင်းလေး၊ ထမ်မ်းစမ်း 45000
ကျိုက်ထီးရိုး/ ချောင်းသာ(နေ့စဉ်)
01-387973,09-420051117

ငွေဆောင်
NEW YEAR
စရိတ်ငြိမ်း
80000/-
Ph: 09-5024188
09-421078600
No-၁၁/၁၃၊၃ ထွား၄၅၈ကွမ်းဝိုင်းလမ်းအထောင်။

စိုးမြင့်ကြယ်
ကျိုက်ထီးရိုး၊ နေ့စဉ် (ငြိမ်း) 35000
ချောင်းသာ နေ့စဉ် (ငြိမ်း) 40000
X'mas & New Year အတွက် ချောင်းသာ
Hotel , Guest အခန်းစီစဉ်ပေးသည်။
01-549380,09-5093704,09-450012971

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

နိုင်ငံကြီးသားပီသစွာ အခွန်ထမ်းဆောင်တာ
စားသုံးပြီးက၊ ပြေစာဖြစ် အခွန်ပါပြီးမှတ်

✱ စာမျက်နှာ ၁၀ မှ

၁၃။ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်၊ နေပြည်တော် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီအသီးသီးမှ ၃၀-၁၁-၂၀၁၄ ရက်နေ့ထိ စိစစ်ပြီးဖြစ်သည့် ပြန်လည်စွန့်လွှတ်မည့် မြေကိစ္စအမှုတွဲများအနက် သက်ဆိုင်သူများထံသို့ ပြန်လည်လွှဲပြောင်းပြီးစီးမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပြီး လွှဲပြောင်းပေးရန်ကျန်မြေများကိုလည်း သက်ဆိုင်သူများလက်ဝယ်သို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ လွှဲပြောင်းပေးအပ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

| စဉ် | အစီရင်ခံစာ အပိုင်း | စွန့်လွှတ်မြေ စုစုပေါင်း | | သက်ဆိုင်သူများသို့ လွှဲပြောင်းပေးအပ်ပြီးစီးမှုအခြေအနေ | | | | | | လွှဲအပ်ရန် ကျန်ဧက |
|---|---|---|---|---|---|---|---|---|---|---|
| | | | | ပုံစံ(၇)ဖြင့် လွှဲအပ်ပြီး | | ယာယီပုံစံဖြင့် လွှဲအပ်ပြီး | | စုစုပေါင်း | | |
| | | အမှု | ဧက | တောင်သူ | ဧက | တောင်သူ | ဧက | တောင်သူ | ဧက | |
| ၁ | အပိုင်း(၁)(၂)(၃) | ၁၇၁ | ၇၂၈၇၂. ၆၀၁ | ၅၈၉ | ၂၈၉၈. ၇၃ | ၇၃၇၁ | ၄၁၉၈၂. ၂၅၁ | ၇၉၆၀ | ၄၄၈၈၀. ၉၈၁ | ၂၇၉၉၁. ၆၂ |
| ၂ | အပိုင်း(၄) | ၃ | ၃၈၇. ၈၅၀ | ၃ | ၃၈၇. ၈၅ | - | - | ၃ | ၃၈၇. ၈၅၀ | - |
| ၃ | အပိုင်း(၅) | ၁၅၇ | ၂၄၈၅၂. ၃၆၁ | ၂၃၄ | ၂၂၁၅. ၁၀ | ၉၇၂ | ၄၄၈၀. ၂၈၀ | ၁၂၀၆ | ၆၆၉၅. ၃၈၁ | ၁၈၁၅၆. ၉၈ |
| ၄ | သီးခြားစွန့်လွှတ်မြေများ | | | | | | | | | |
| | (က)ကာကွယ်ရေးဝန်ကြီးဌာန | ၈၀၀ | ၁၅၉၄၅၀. ၄၄၀ | ၁၆၀၇ | ၁၀၆၀၈. ၃၄ | ၈၆၇၅ | ၄၄၇၆၇. ၃၅၀ | ၁၀၂၈၂ | ၅၅၃၇၅. ၆၉၀ | ၁၀၄၀၇၄. ၇၅ |
| | (ခ)အခြားဝန်ကြီးဌာန | ၁၆ | ၃၉၅၆. ၆၁၀ | | | ၆၂၀ | ၃၃၁၁. ၉၄၀ | ၆၂၀ | ၃၃၁၁. ၉၄၀ | ၆၄၄. ၆၇ |
| | (ဂ)ကုမ္ပဏီ/အဖွဲ့အစည်း | ၇ | ၄၀၆၈၁. ၉၀၀ | | | ၃၁၃၉ | ၃၀၅၀၂. ၇၆၀ | ၃၁၃၉ | ၃၀၅၀၂. ၇၆၀ | ၁၀၁၇၉. ၁၄ |
| | စုစုပေါင်း | ၁၁၆၅ | ၃၀၂၂၀၁. ၇၆၂ | ၂၄၃၃ | ၁၆၁၁၀. ၀၂ | ၂၀၇၇၈ | ၁၂၅၀၄၄. ၅၈၂ | ၂၃၂၁၁ | ၁၄၁၁၅၄. ၆၀၂ | ၁၆၁၀၄၇. ၁၆ |

၁၄။ သို့ပါ၍ မြေသိမ်းဆည်းခံရ၍ အမှန်တကယ်နစ်နာသူပြည်သူများအနေဖြင့် မိမိတို့သိမ်းဆည်းခံခဲ့ရသည့်မြေများသည် ပြန်လည်စွန့်လွှတ်သောမြေများတွင်ပါဝင်ခြင်းရှိ၊ မရှိ သက်ဆိုင်ရာမြို့နယ်နှင့် ရပ်ကွက်/ကျေးရွာအုပ်စု မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရုံးများတွင် စုံစမ်းပြီး ပြန်လည်စွန့်လွှတ်မြေများတွင် ပါဝင်ပါက သက်ဆိုင်ရာမြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီများထံမှ မြေပိုင်ဆိုင်ခွင့် အထောက်အထားများနှင့်တကွ ခိုင်ခိုင်မာမာ လွှဲပြောင်းရယူကြရန်ဖြစ်ပါသည်။

၁၅။ ရပ်ကွက်/ကျေးရွာအုပ်စု မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီများသည် ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့ပြီး မြေကိစ္စများဖြေရှင်း၍ စွန့်လွှတ်မြေများအား အမှန်တကယ်နစ်နာသူပြည်သူများသို့ ပြန်လည်ပေးအပ်ရာတွင် အဓိကအခြေခံကျသည့်အဖွဲ့အစည်းများဖြစ်သဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်နိုင်ရေး၊ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရေးတို့အတွက် မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီမှ လိုအပ်သည့်ညွှန်ကြားချက်များဖြင့် လမ်းညွှန်ထိန်းကျောင်းတည့်မတ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၁၆။ မြေကိစ္စရပ်များဖြေရှင်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ပြည်သူလူထုအနေဖြင့် ဘဝင်မကျမှုများရှိပါက သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီများသို့ အကြံပြုချက်များပေးပို့နိုင်ပါကြောင်းနှင့် အဆိုပါအကြံပြုချက်များကိုလည်း အလေးအနက်ထားဖြေရှင်းဆောင်ရွက်ပေးရန် ညွှန်ကြားထားပြီးဖြစ်ပါသည်။

၁၇။ ထို့အပြင် မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီအနေဖြင့် စိစစ်ဖြေရှင်းရန်ကျန်ရှိသော မြေကိစ္စများနှင့် ပြည်ထောင်စုလွှတ်တော် စုံစမ်းရေးကော်မရှင်မှ ထပ်မံပေးပို့လာမည့် မြေကိစ္စများအား စိစစ်၍ ရရှိလာသောစွန့်လွှတ်မြေများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ထပ်မံ၍ သီးခြားပြန်လည်စွန့်လွှတ်မည့် မြေများအား သက်ဆိုင်သူများသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီ**



## RBE ရထားသွားလမ်း ကားများသတိပြုစေချင်

**ရန်ကုန် ဒီဇင်ဘာ ၁၈**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန (မြန်မာ့မီးရထား)မှ ရန်ကုန်မြို့တွင်း ယာဉ်ကြောကျပ်တည်းမှုကို အထိုက်အလျောက် အခက်အခဲများဖြေရှင်းပေးနိုင်ရန် RBE လူစီးရထားတွဲဆိုင်းများ ပြေးဆွဲပေးလျက်ရှိရာ အဆင်ပြေလျက်ရှိကြောင်း ခရီးသွားများကဆိုသည်။

သို့သော်လည်း အဆိုပါရထားသည် ကမ်းနားလမ်းသစ်တစ်လျှောက် ကုန်သေတ္တာတင်မော်တော်ယာဉ်များနှင့် တစ်လမ်းတည်းအပြိုင်မောင်းနှင်သကဲ့သို့ ဖြစ်နေသည့်အတွက် RBE တွဲဆိုင်းနှင့်ဆုံတွေ့သည့်အခါ ကိုယ်တိုင်အသိဖြင့် အရှိန်လျှော့မောင်းနှင်မှသာ အန္တရာယ်ကင်းရှင်းမည်ဖြစ်ကြောင်း ခရီးသွားများက ဆိုသည်။ "ရထားကသူ့လမ်းသူ သွားတာ ယာဉ်မောင်းတွေက RBE ရထားကိုဦးစားပေးပြီး စည်းကမ်းတကျနဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအတိုင်း မောင်းနှင်ဖို့လိုပါတယ်"ဟု အငှားယာဉ်မောင်း ဦးကျော်လွင်ဦးက သုံးသပ်ပြောကြားသည်။ **(၁၉၇)**



ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူတို့ လျှပ်စစ်မီးရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၄ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် ဒါးပိန်မြို့ လက်ပံတန်းအရှေ့ခြမ်း တိုးချဲ့ရပ်ကွက်တွင် တစ်သွင်နှစ်ကြိုး ၂၃၀ ဗို့ ဓာတ်အားလိုင်း ၁၈ ခန်း တည်ဆောက်ခြင်းကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ချမ်းငြိမ်းနှင့် လိုင်းဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်စဉ်။ (မြင့်လွင်)

## တာချီလိတ်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၄၂၀၀၀ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

မူးယစ်တပ်ဖွဲ့စု (၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၅ ရက်က တာချီလိတ်မြို့နယ် ဝမ်လုံးကျေးရွာအုပ်စု ဟွေရဲပူးပေါင်းစစ်ဆေးရေးစခန်းတွင် မိုင်းဆတ်မြို့နယ် ဝမ်ဟုန်ကျေးရွာမှတာချီလိတ်သို့ မောင်းနှင်လာသည့် ယာဉ်အမှတ် 6G/----Vigo အမျိုးအစား နှစ်ခန်းတွဲယာဉ်အား ရှာဖွေရာ ယာဉ်၏ ရှေ့အင်ဂျင်ဝဲဘက်ထောင့် ဘက်ထရီအိုး၏ နောက်ဘက် ပီနံအိတ်ခွံဟောင်းအတွင်းမှ ပလတ်စတစ်ကပ်ခွာအိတ်ငယ်များဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၄၂၀၀၀ သိမ်းဆည်းရမိသဖြင့် မောင်ထွန်း(ခ) စိုင်းထွန်း (၃၁)နှစ်အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)** ■

NM New Motion
NEW MOTION Travels & Tours
အနားယူ အပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည်။
ဈေးလျှော့သစ်လွင် ခရီးစဉ်
★ တောင်ကြီး ~ Dec; 26, Jan; 8,15 , Feb; 11,27
★ ပုဂံ ~ Dec; 26, Jan; 9,15 , Feb; 11,27
★ မန္တလေး ~ Jan; 8,15 , Feb; 11,27
★ မော်လမြိုင် ~ Jan; 9, Feb; 13,27
★ ငွေဆောင် ~ Jan; 16, 23, Feb; 13,27
ရွှေစက်တော် / အလောင်းတော်ကဿပ / ရွှေလီ / မိုးကုတ် / ပလေဝ / ချောင်းသာ
အမှတ်-16၊ကျွန်းတောလမ်း၊စမ်းချောင်း။ Ph ; 09 4925 2911 , 09 4925 2922 , 09 731 48922 , 527 922 , 538 811

မှခင်းအန္တရာယ်
ကြိုတင်ကာကွယ်နိုင်ကြပြီး
မှခင်းအသိပညာရရှိစေဖို့
မှခင်း ရှုထောင့်ဂျာနယ် ဖတ်ကြစို့
အမှတ်စဉ်(I/38)ယနေ့ထွက်ပြီ
Ph-01-397164, 297297
★မြွေပွေးသားကိုအမြည်းလုပ်စားရင်း ဓားနဲ့ခုတ်ကြတဲ့ဖြစ်ရပ် ★လူမှုရေးပြဿနာကြောင့် ပုဆိန်နဲ့ထုခဲ့လို့ လူသတ်မှုနဲ့ အရေးယူခံရပြီ ★အနက်ရောင်ကားပေါ်က တရားမဝင်လက်နက်တွေကိုင်ဆောင်သူလူတစ်စုရဲ့ဖြစ်ရပ် ★ရန်ငြိုးကြောင့် လှံနဲ့ထိုးသတ်ခဲ့သူရဲ့ဖြစ်ရပ် ★ပြည့်တန်ဆာအဖြစ် ပို့ဆောင်သူ လူသုံးဦးကို အရေးယူပြီ ★တစ်သောင်းကျပ်တန် ငွေစက္ကူ အတုပြုလုပ် ရောင်းချနေသူလူတစ်စုကို ရဲတပ်ဖွဲ့ရဲ့စွမ်းရည်နဲ့ ဖော်ထုတ်ဖမ်းဆီးလိုက်ပြီ ★အဖမ်းမခံတဲ့ ဓားနဲ့ ထိုးသတ်သူကို ရဲတပ်ဖွဲ့က လုံးထွေးဖမ်းဆီးခဲ့ရတဲ့ဖြစ်ရပ် ★အမှောင်ထဲရောက်မှ ဓားနဲ့ထိုးကာ ဆိုင်ကယ်လုမှု တိုက်ကြီးတွင် ဖြစ်ပွား ★ပလာဈေးမှာဈေးဝယ်နေတုန်း ဓားနဲ့ထောက်ကာ ပစ္စည်းတွေလုယူထွက်ပြေးသွားတဲ့ဖြစ်ရပ် ★စားပွဲခုံပေါ် တင်ထားတဲ့ပစ္စည်းတွေ ခိုးယူခံရတဲ့ဖြစ်ရပ် ★အကြွေးငါးသောင်းတောင်းရာမှ ညီမကိုဓားနဲ့ခုတ်တဲ့ အစ်ကို ★အရက်ဝိုင်းမှာ လေးဦးကဝိုင်းရိုက်လို့ တစ်ဦးသေဆုံးသွားသတဲ့ ★ကာမရယူခဲ့တဲ့ ကျောင်းအုပ်ကြီးကို ထောင်ဒဏ် (၁၀)နှစ်ချမှတ်လိုက်ပြီ ★ငွေကျပ်သုံးသောင်းအတွက် အဆိပ်သောက်သေဆုံး... စတဲ့သတင်းများနဲ့အတူ ဂျာနယ်ဆိုင်တွင် ဖတ်ရှုရမည်။

UNIQUE TRAVELS & TOURS CO.,LTD.
UNIQUE STAR TRAVELS & TOURS
ဗန်ကောက် (6)D [ Dream / Safari World, Koh Larn Island, Emerald Buddha, Byoke Sky / Cruise Dinner, Tiger Zoo, Nong Nooch Garden, Alcaza Show, Ayutthaya] Dec: 20,27/ Jan:3,10,17,24,31 (300,000)
ကူမင်း၊သလီ၊လီကျန်း၊ရှန်ဂရီလာ (6)D Dec: 27/ Jan: 10,24 / Feb :14,28 / Mar :14,28 (400,000)
ဥရောပ(10) နိုင်ငံ ဂျပန်+ကိုရီးယား ကိုရီးယား ပီကင်း ဗုဒ္ဓဂါယာ
ဩစတြေးလျ စင်္ကာပူ+မလေး ဂျပန် ဟောင်ကောင် နီဘိုင်း
အမေရိကား ဘာလီကျွန်း ဖူးခက် ရှုရှား တောင်အာဖရိက
ထိုင်ဝမ် ဗီယက်နမ်+ကမ္ဘောဒီးယား စင်္ကာပူ မော်လဒိုက် ဘူတန်
No.(70/A) , Kabaaye Pagoda Rd , Bahan Tsp, Yangon. Ph: 860 4964 , 860 4965 , 860 4966. 708 353 , 705 723 , 09 7310 9133 , 09 7310 9144 , 09 7310 9155, 09 7310 9166 , 09514 8079
UNIQUE TRAVELS & TOURS CO.,LTD.
တောင်ကြီး Dec:24 (165,000)
ပုဂံ၊မန္တလေး Dec:24 (165,000)
ချောင်းသာ Daily (75,000)
Dec:24 (Hotel Max) (80,000)
ငွေဆောင် Daily (80,000)
ပလေဝ Daily (280,000)
(Merciel Hotel & Resort)

**အမည်ပြောင်း**
နေပြည်တော် ဇေယျာသီရိမြို့နယ်၊ ခေတ်အေးအုပ်စု၊ တဲကုန်းကျေးရွာနေ (ဘ) ဦးဝင်းမောင်၏ သမီးဖြစ်သူ မလဲ့ရည်ဝင်း[၉/တကန(နိုင်)၁၇၀၁၉၆]အား မလဲ့ယဉ်ဝင်း ဟု ပြောင်းလဲခေါ်ဆိုပါရန်။ မလဲ့ယဉ်ဝင်း

**ပျောက်ဆုံးကြောင်း**
ကျွန်တော်သည် ၁၃-၁၂-၂၀၁၄ ရက် ညပိုင်းတွင် ရန်ကုန်မြို့အတွင်း သွားလာနေစဉ် ပိုက်ဆံအိတ်အလွတ်တစ်လုံး ကျပျောက်သွားခဲ့ပါသည်။ ပိုက်ဆံအိတ်အတွင်း အရေးကြီးသော မှတ်ပုံတင်ကတ်(၁)ခု၊ ကားလိုင်စင် (၁)ခု၊ VISA ကတ် (၁)ခုနှင့် အခြား MEMBER ကတ်များ ပါရှိသွားပါသဖြင့် တွေ့ရှိပါက အောက်ပါအတိုင်း ဆက်သွယ်ပေးပါရန်။ ကျေးဇူးဆပ်ပါမည်။
ကိုညီညီသွေး (၁၂/မဂတ(နိုင်)၀၀၁၉၀၄)
ဖုန်း ၀၉ ၅၁၆၈၆၈၄၊ ၀၁ ၅၁၉၆၉၅

*ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနက မြန်မာ့ရုပ်ရှင်လောကအတွင်း ကျင့်သုံးနေသည့် ဆင်ဆာမူဝါဒဆိုင်ရာများ၊ ရုပ်ရှင်လောကသားတို့မျှော်လင့်နေသည့် ဥပဒေရေးဆွဲနေမှုများ၊ မြန်မာ့ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများ၊ မြန်မာ့ရုပ်ရှင်အစည်းအရုံး၏ အခန်းကဏ္ဍများနှင့်ပတ်သက်၍ မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်နှင့် တွေ့ဆုံမေးမြန်းထားမှုများကို ဖော်ပြလိုက်ပါသည်။*

# ပရိသတ်၏ဝေဖန်အကြံပြုချက်များအရ ဆင်ဆာကို ပိုမိုဂရုစိုက်ကြပ်မတ်ဆောင်ရွက်ရခြင်းဖြစ်

tar;/ ta&;-aevif(owifp0f "mwfykrifopf



မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်။

**မေး။ မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုလောကရဲ့လက်ရှိရပ်တည်မှုအခြေအနေကို ရှင်းပြပေးစေလိုပါတယ်ခင်ဗျာ။**

ဖြေ။ မြန်မာ့ရုပ်ရှင်လောက လက်ရှိအနေအထားက ရပ်တန့်ပြီးထိုးကျသွားတာမဟုတ်ဘူး။ အခြေအနေတစ်ခုမှာ တန့်နေတယ်။ ပြည်တွင်းဈေးကွက်မှာလည်း တကယ်အင်တိုက်အားတိုက်နဲ့ ရိုက်တဲ့ကားတွေကိုတော့ ပရိသတ်က အားပေးပါတယ်။ မြန်မာရုပ်ရှင်အရည်အသွေးကျတယ်လို့ ပြောလို့မရပါဘူး၊ အကျိုးအမြတ်ကိုပဲ အဓိကရည်ရွယ်ပြီး ရိုက်တဲ့ကားတွေကတော့ ပရိသတ်က သိပ်မကြည့်ကြတော့ဘူး။ ဒါက ရုပ်ရှင်ကားကြီးမှာကော၊ ဗီဒီယိုတွေမှာကောပေါ့။ ထူးခြားတာက ဗီဒီယိုဈေးကွက်က လာပြီးခေတ်စားနေတယ်။ နိုင်ငံတကာမှာတော့ ဗွီဒီယိုဈေးကွက်က မရှိဘူး။ အဲလိုဖြစ်ရတဲ့အကြောင်းရင်းက ဘာလဲဆိုတော့ ဖလင်တွေရှားသွားတဲ့အချိန် ရုပ်ရှင်လောကသားတွေအနေနဲ့ ဗီဒီယိုရိုက်ကူးထုတ်လုပ်လာကြတယ်။ ဗီဒီယိုဈေးကွက်က သူများနိုင်ငံထက်များတယ်။ ဗီဒီယိုဈေးကွက်မှာ ပြိုင်ကြဆိုင်ကြရင်းနဲ့ နောက်ဆုံး ဆူလွယ်နပ်လွယ်အကျိုးမြတ်ရရှိရေးကိုပဲ ကြည့်လာတယ်။ ဒီတော့ မြန်မာဇာတ်ကားတွေ အရည်အသွေးကျသလိုဖြစ်နေတာ။

**မေး။ မြန်မာ့ရုပ်ရှင်လောကအတွင်းမှာ ဝေဖန်မှုတွေနဲ့ ပတ်သက်ပြီးပြေလည်သွားဖို့ တိကျတဲ့ဥပဒေပြဋ္ဌာန်းဖို့ ရေးဆွဲနေတယ်ဆိုတာ သိရပါတယ်။ ဒါနဲ့ပတ်သက်ပြီး ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ အခုလက်ရှိ ဥပဒေက ခေတ်နဲ့မလျော်ညီတဲ့အတွက် ဒီဥပဒေက ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ဖို့ အဟန့်အတားဖြစ်နေတယ်။ တချို့အချက်အလက်တွေဆိုရင် တိုးတက်နေတဲ့နည်းပညာတွေနဲ့လည်း မလျော်ညီတော့ဘူး။ ပွင့်လင်းလာတဲ့ဈေးကွက်နဲ့လည်း မကိုက်ညီတော့ဘူး။ ဒါကြောင့် ဥပဒေရေးဆွဲရေးနဲ့ပတ်သက်လို့ မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနအနေနဲ့ အာဆီယံနိုင်ငံတွေအပါအဝင် ကိုရီးယားနိုင်ငံ၊ အိန္ဒိယနိုင်ငံ အစရှိတဲ့နိုင်ငံတွေရဲ့ ရုပ်ရှင်ဆိုင်ရာဥပဒေတွေကို လေ့လာပြီးရေးဆွဲထားတာရှိတယ်။ ဒါပေမယ့် ဌာနဆိုင်ရာအနေနဲ့ ချုပ်ကိုင်တယ်လို့ ဝေဖန်ပြောဆိုမှုတွေရှိတာကြောင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးကို ဥပဒေရေးဆွဲဖို့အတွက် လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။ ဥပဒေရေးဆွဲတဲ့အခါမှာလည်း ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါအချက်များနှင့် ကိုက်ညီအောင်ရေးဆွဲဖို့ အကြံညာဏ်ပေးခဲ့ပါတယ်။ ဥပဒေမှာ ပထမမူကြမ်းရေးဆွဲပြီးရင် ဝန်ကြီးဌာနနဲ့ပြန်ညှိပြီး လွှတ်တော်တင်ပြနိုင်ရေး အဆင့်ဆင့်ဆောင်ရွက်သွားမှာပါ။

**မေး။ ဆင်ဆာမူဝါဒနဲ့ ပတ်သက်ပြီး ရှင်းပြပေးပါခင်ဗျာ။**

ဖြေ။ ဆင်ဆာကြည့်ရတာ ရုပ်ရှင်ဗွီဒီယိုတွေတင်မဟုတ်ဘဲနဲ့ တီဗွီတွေမှာ လွှင့်နေတဲ့ ဇာတ်လမ်းတွေကအစ ကြည့်ပါတယ်။ ကြည့်ပြီးတစ်ပြေးညီဆုံးဖြတ်ပါတယ်။ မြန်မာ့ရုပ်ရှင်ဇာတ်ကား၊ ဗီဒီယိုဇာတ်ကားနဲ့ ပြည်ပက တင်သွင်းလာတဲ့ ရုပ်ရှင်ဇာတ်ကား၊ တိတ်ခွေတွေကို ဆင်ဆာမူနဲ့ပတ်သက်လို့ အရင်ကတည်းက ၁၀ ချက်သတ်မှတ်ထားတယ်။ အဲဒီမှာ လေးချက်ကို လျှော့ပေးလိုက်ပြီးတော့ ခြောက်ချက်ကို ဆက်ထိန်းထားတယ်။ အဲဒါတွေက ဘာတွေလဲဆိုရင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာ၊ အမျိုးသားယဉ်ကျေးမှုဓလေ့ထုံးစံတွေနဲ့ ဘာသာရေး ဒီဟာတွေနဲ့ပတ်သက်ပြီး သတ်မှတ်ထားတာ။ လူတစ်ဦးချင်း ဂုဏ်သိက္ခာထိခိုက်ညှိုးနွမ်းမယ်ဆိုရင်လည်း တားဆီးရပါမယ်။ တားဆီးလို့မရရင် တည်ဆဲဥပဒေဆိုတာလည်း ရှိပါတယ်။ အဲဒီအတွက် ညွှန်ကြားချက်တွေလည်းရှိတယ်။ အခု ဆင်ဆာထောက်ညွှန်တဲ့ဇာတ်ကားတွေကလည်း ဒီခြောက်ချက်နဲ့ငြိတာတွေကိုပဲ ထောက်ညွှန်ခဲ့တာပါ။ ဒီဇင်ဘာ ၁ ရက်ကစပြီး ဇာတ်ကားများ ဖန်တီးရိုက်ကူးမှုများအပေါ် ထိန်းသိမ်းဆောင်ရွက်ရန် စီစဉ်ရတာလည်းပရိသတ်အနေနဲ့ အရည်အသွေးကောင်းမွန်တဲ့ မြန်မာ့ရုပ်ရှင်၊ ဗီဒီယိုဇာတ်ကားများကို ကြည့်ရှုခွင့်ရစေချင်ပါတယ်။ အနုပညာရှင်များအနေနဲ့လည်း မည်သည့်ပုဂ္ဂိုလ်အဖွဲ့အစည်းကို ထိခိုက်နစ်နာအကြည်ညိုပျက်စေခြင်းမရှိဘဲ အနုပညာဖန်တီးမှုကို စည်းစနစ်ကျစွာ ဆောင်ရွက်နိုင်စေဖို့ အဓိက ရည်ရွယ်တာဖြစ်ပါတယ်။

ကျွန်တော်တို့ ဇာတ်ကားအဆင့်အတန်းသတ်မှတ်ရေး စိစစ်အကဲဖြတ်အဖွဲ့၏ အကြံပြုချက်များအပေါ် ပြည်သူပရိသတ်များကရော၊ အနုပညာရှင်များကပါ စောင့်ကြည့်ပြီးတော့မှ အကြံပြုခြင်းများကို ပြုလုပ်ဖို့လည်း ဖိတ်ခေါ်လိုပါတယ်။ အဲဒီလိုအနုပညာရှင်၊ ပရိသတ်နဲ့ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်ရင်း မြန်မာ့ရုပ်ရှင်အဆင့်အတန်းကို မြင့်မားအောင်မြှင့်တင်လိုပါတယ်။ ပြီးတော့ အပြင်မှာပြောနေသလို ဆင်ဆာကို အရင်လိုပြန်ပြီး တင်းတင်းကျပ်ကျပ်ဆောင်ရွက်လာတယ်ဆိုတာမဟုတ်ပါဘူး။ ဆင်ဆာအဖွဲ့ဆိုတာ နဂိုကတည်းက ရှိပါတယ်။ မဖျက်သိမ်းသေးပါဘူး။ အခုထိရှိနေပါတယ်။ ပြောင်းလဲလာတဲ့ ခေတ်စနစ်နှင့်အညီ ဖြေလျှော့သင့် ဖြေလျှော့ထိုက်တာတွေကို ဖြေလျှော့စိစစ်ပေးခဲ့ခြင်းဖြစ်ပါတယ်။ အခု ပရိသတ်ရဲ့ဝေဖန်အကြံပြုတဲ့အသံတွေအရ ဆင်ဆာကိုပိုမိုဂရုစိုက်ပြီး ကြပ်မတ်ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။

**မေး။ ရုပ်ရှင်အစည်းအရုံးအနေနဲ့ ဆင်ဆာနဲ့ညိတဲ့ ဇာတ်ကားတွေနဲ့ပတ်သက်ပြီး အသိပေးတာရှိလား။**

ဖြေ။ တကယ်က သူတို့လုပ်ရမှာပေါ့။ ဟိုးတုန်းက ဒီဟာမျိုးတွေရှိခဲ့ဖူးတယ်။ အခုနောက်ပိုင်းမှာ မရှိဘူး။ ဘာကြောင့် မရှိဘူးလို့ပြောလဲဆိုတော့ ကျွန်တော်ဒီဌာနမှာ တာဝန်ထမ်းဆောင်တော့ ဆင်ဆာမှာ ထောက်ညွှန်စရာတွေရှိလာလို့ရှိရင် ရုပ်ရှင်အစည်းအရုံးက နာယကတွေကို ထောက်ညွှန်စရာရှိတယ်ဆိုပြီးပေးတယ်။ နာယကတွေသဘောထားမေးတယ်။ နာယကတွေက ဒီမှာလည်း အလွှာအသီးသီးကပါတော့ ကျွန်တော်တို့ကပဲ ဆုံးဖြတ်ပါလို့ပြောတယ်။ ဆင်ဆာနဲ့ပတ်သက်ပြီး ကျွန်တော်တို့ဘက်က ထောက်ညွှန်ပြီးပေးခဲ့လို့ သူတို့ဘက်က ပြင်ဆင်ပေးရင်ခွင့်ပြုခဲ့ပါတယ်။ မပြင်ခဲ့ရင်တော့ ဒီအပေါ်မှာဆုံးဖြတ်ချက်တစ်ခုချပါတယ်။ အဲဒီဆုံးဖြတ်ချက်ချရင်လည်း သတ်မှတ်ထားတဲ့ရက်အတွင်း ပြည်ထောင်စုဝန်ကြီးထံ အသနားခံစာတင်လို့ရပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး ပြန်ပြီးပြင်ဆင်ပေးရင် ကျွန်တော်တို့ဘက်က ပြန်ခွင့်ပြုပေးမှာပါ။ ဒါနဲ့ပတ်သက်ပြီး နည်းဥပဒေရှိတယ်၊ တိတိကျကျပြဋ္ဌာန်းထားတယ်။ ကိုခန့်စည်သူကားရော၊ တေးရေး ဒေါ်မေသော်ကားတွေကော ထောက်ညွှန်ချက်ပေးခဲ့ပါတယ်။ သူတို့ဘက်က ပြန်ပြီးပြင်ဆင်တည်းဖြတ်ပြီးတော့တင်ပြလာရင် မိမိတို့ဘက်က ပြန်လည်ကြည့်ရှုပေးမှာဖြစ်ပါတယ်။ ဒေါ်မေသော်သီချင်းကို ပြင်ဆင်ပြီး ပြန်လည်တင်ပြလာတဲ့အတွက် ခွင့်ပြုပေးပြီးဖြစ်ပါတယ်။

**မေး။ လိင်အသားပေးဇာတ်ကားတွေနဲ့ ပတ်သက်ပြီး ဆင်ဆာအဖွဲ့အနေနဲ့ ဘယ်လိုကိုင်တွယ်ဆောင်ရွက်နေပါသလဲ။**

ဖြေ။ လိင်အသားပေးဇာတ်ကားတွေနဲ့ပတ်သက်ပြီး နဂိုကတည်းက ထောက်ညွှန်ပါတယ်။ လက်ရှိလည်း ထောက်ညွှန်ထားတာတွေရှိပါတယ်။ နောက်ရိုက်တဲ့ကားတွေမှာ လိင်အသားပေးတွေရှိတဲ့အတွက် ထောက်ညွှန်ထားတာရှိတယ်။

မေး။ မြန်မာ့ရုပ်ရှင်လောကသားတွေ မျှော်လင့်နေတဲ့အပြောင်းအလဲတစ်ခု၊ အရွေ့တစ်ခုကိုသွားနေတယ်လို့ ထင်ပါသလား။

ဖြေ။ မြန်မာ့ရုပ်ရှင်လောက အပြောင်းအလဲက ကြည့်မယ်ဆိုရင်မပြောင်းသလိုနဲ့ သေချာဂရုတစိုက်ကြည့်မယ်ဆိုရင် အရွေ့တစ်ခုကိုသွားနေတယ်၊ အရွေ့တစ်ခုက ကိုယ်လိုချင်တဲ့နေရာကိုမရောက်လို့ မပြောင်းလဲဘူးထင်တာ။ ကိုယ့်စိတ်ထဲမှာ ကိုယ်မှန်းထားတာရှိတယ်။ အဲဒီကိုမရောက်လို့ မပြောင်းဘူးထင်ပေမယ့် အဲဒီနေရာကို ချက်ချင်းရောက်ဖို့ဆိုတာ ဘယ်နေရာမှမဖြစ်နိုင်ဘူး။ ဥပမာ အကယ်ဒမီကိစ္စနဲ့ ပတ်သက်လို့ရှိရင် ဟိုတုန်းက နိုင်ငံတော်ကဦးစီးပြီးကျင်းပခဲ့တာ၊ နေပြည်တော်မှာလုပ်ခဲ့တဲ့ ၂၀၁၀ ထိ နိုင်ငံတော်က တာဝန်ယူလုပ်ခဲ့တာ။ ၂၀၁၁ ရောက်တော့ နိုင်ငံတော်ကဦးစီးကျင်းပပေမယ့် ရုပ်ရှင်အစည်းအရုံးရဲ့ အခန်းကဏ္ဍက အဲဒီကတည်းက ပါဝင်နေပါပြီ။ ဖော်ကျူးနေပါပြီ။ ဆင်ဆာမူဝါဒတွေ လျှော့ချပေးခဲ့တယ်။ ဒီနှစ်ဆိုရင် အကယ်ဒမီဆုရွေးချယ်တာတွေ၊ ပွဲကျင်းပတာ၊ ဖိတ်ကြားတာအားလုံးကို ရုပ်ရှင်အစည်းအရုံးကပဲ လုပ်တာဖြစ်တယ်။ ကျွန်တော်တို့ဘက်က လိုအပ်တာတွေကို ကူညီပံ့ပိုးပေးရုံပဲလုပ်ပါတယ်။ နောက်နှစ်ဆိုရင်တော့ ကျွန်တော်တို့လုံးဝမပါတော့ဘဲ ရုပ်ရှင်အစည်းအရုံးကပဲ လုံးဝတာန်ယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။ မြန်မာ့ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ဖို့ ဆရာတို့ဌာနအနေနဲ့ ဘယ်လိုဆောင်ရွက်နေပါသလဲ။**

ဖြေ။ ရုပ်ရှင်မှာ အပိုင်း(၃)ပိုင်းရှိတယ်။ ထုတ်လုပ်တဲ့အပိုင်းရယ်၊ ဖြန့်ချိပြသတဲ့အပိုင်းရယ် ဒီအပိုင်းသုံးခုက ဟန်ချက်မညီလို့မရဘူး။ အဓိကလုပ်ရမှာက ရုပ်ရှင်လောကသားတွေ၊ ရုပ်ရှင်မင်းသားမင်းသမီးတွေ၊ ဒါရိုက်တာတွေ၊ ဇာတ်ညွှန်းရေး၊ ထုတ်လုပ်သူတွေအားလုံး ဟန်ချက်ညီဖို့လိုတယ်။ ဒါကို ကျွန်တော်တို့က လိုအပ်တာတွေ ကူညီပံ့ပိုးပေးမယ်။ နိုင်ငံတကာ ဈေးကွက်ဝင်ဖို့ ချိတ်ဆက်ပေးမယ်။ နိုင်ငံတကာ အတွေ့အကြုံတွေ ဖလှယ်ပေးမယ်။ ဒါတွေကို လုပ်ပေးရတယ်။ အဓိကအပိုင်းကတော့ ထုတ်လုပ်မှုအပိုင်းမှာ နည်းပညာအများကြီးလိုပါတယ်။ တစ်ဦးချင်းအနုပညာအရည်အချင်းနဲ့ စိတ်ကူးစိတ်သန်းမကွာပေမယ့် ဈေးကွက်ဖြန့်ချိမှုအပိုင်းတွေမှာ နိုင်ငံတကာဈေးကွက်ကို ရောက်အောင်ပို့တဲ့နည်းတွေက ကျွန်တော်တို့နိုင်ငံမှာ အားနည်းနေတယ်။ အဲဒီအတွက် နိုင်ငံတကာမှာ လုပ်တဲ့အလုပ်ရုံဆွေးနွေးပွဲတွေကို ရုပ်ရှင်အစည်းအရုံးနဲ့ ရုပ်ရှင်လောကသားတွေ ကျွန်တော်တို့ပေါင်းပြီးတက်တယ်။ ဖလင်ပွဲတော်တွေ သွားတယ်။ ကိုရီးယားက ရုပ်ရှင်တွေတောင် ဖလင်ပွဲတော်တက်လို့မရဘူး။ အဲဒီမှာ အနုပညာရှင်တွေယှဉ်ပြိုင်ကြတာ။ ကျွန်တော်တို့က ကိုယ့်အဝန်းအဝိုင်းနဲ့ ကိုယ့်ဈေးကွက်လောက်သွားနေရင် ဘာမှဖြစ်လာမှာ မဟုတ်ဘူး။ မြန်မာရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ဖို့ နိုင်ငံတကာနဲ့လည်း အလုပ်ရုံဆွေးနွေးပွဲတွေ လုပ်နေပါတယ်။

**မေး။ အကယ်ဒမီရွှေစင်ရုပ်တုဆုနဲ့ ပတ်သက်ပြီး ဆရာတို့ဌာနက ဘတ်ဂျက်ရေးဆွဲထားတာ မရှိတော့ဘူးလို့ သိရပါတယ်။ ဒါနဲ့ပတ်သက်ပြီး ရှင်းပြပေးပါ။**

ဖြေ။ ကျွန်တော်တို့ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဘတ်ဂျက်ထဲမှာ အကယ်ဒမီရွှေစင်ရုပ်တုနဲ့ ပတ်သက်ပြီး ကုန်ကျစရိတ်ရေးဆွဲထားတဲ့အတွက် ၂၀၁၃ ခုနှစ်အတွက်တော့ လုပ်ပေးပါတယ်။ အခုဆို ကျွန်တော်တို့ဌာနက လုပ်ငန်းကနေဦးစီးဌာနပြောင်းပြီးပါပြီ။ ၂၀၁၄ ခုနှစ်အတွက် ဘတ်ဂျက်ထဲမှာ မပါတော့တဲ့အတွက် ပံ့ပိုးနိုင်ခြင်းမရှိတော့ပါဘူး။ နောက်ပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးကပဲ အစအဆုံး ဦးစီးကျင်းပမှာဖြစ်တဲ့ အတွက်ကြောင့်ပါ။ ။

GOLDEN DRAGON ခရီးသွားလုပ်ငန်း
Scania,Volvo,Yutong အထူးကားများဖြင့်...
ကျိုက်ထီးရိုး (နေ့စဉ်) သံဃာတော်/သီလရှင် အခမဲ့
ချောင်းသာ (နေ့စဉ်) ငွေဆောင်(သော်ကြာ)
Ph: 209077,209388,09-73167000,09-73168000

ကိုဝင်းနိုင် ဒေါင်းမင်း Travels 09-425355758, 09-31090443
ကျိုက်ထီးရိုး၊ ကျိုက်ထီးဆောင်း၊ မဲလဲ၊ ကျောက်ပိရမှာဏ္ဍ(စနေ)
အလောင်းတော်ကဿပ(သီးသန့်)(၄)ရက်။ ဆက်၍-စစ်ကိုင်း၊ မန္တလေး၊ ပြင်ဦးလွင်(၅)ရက်။
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်စမ်းဂူ၊ မွေတော်ကက္ကူ(၄)ရက်။ ကားစီးလုံးဖျားစီစဉ်ပေးသည်။
ပုပ္ပါး၊ ပုဂံ၊ ခွယ်တော်လေး၊ မခုဏ္ဍူ (ဟိုတယ်တည်း၊ စားသောက်ဆိုင်ကျွေး) 55000

ရွှေထူးလွင် ကျိုက်ထီးရိုး ချောင်းသာ } ၁၅၀၀၀/- / ၂၅၀၀၀/- စား၊ တည်း၊ ငြိမ်း
ပုဂံ၊ ပုပ္ပါး၊ ခွယ်တော်လေးဆု (၄) ရက်၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကက္ကူ၊ ထမ့်စမ်းဂူ (၅) ရက်၊ လှိုင်ကော်ပါ (၆) ရက်၊ မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာ (၅) ရက် မိုးကုတ်ပါ (၆) ရက် အားလုံးပါ ဘုရားစုံ (၇/၈/၉/၁၀/၁၁/၁၂) ရက်၊ (မန္တလေး၊ ပြင်ဦးလွင်၊ ပုဂံ၊ ပုပ္ပါး (၅) ရက်)၊ (လားရှိုး၊ မူဆယ်၊ ရွှေလီ)၊ (ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ မျော်ရစ်)၊ ကျိုက်ခမီ၊ စလွန်း၊ ငွေဆောင်၊ မဲလဲဆံတော်ရှင်၊ နဂါးရုပ်တောင်၊ အတောတ်တောင်၊ ပြည်၊ ကားစီးလုံးငှားသည်။ အိမ်အရောက် ပို့/ကြို
အမှတ်(၄၄၄/၇)၊ ရေမြည်ထော်၊ ရွှေဘုံသာအထက်လမ်း။ Ph : 09450044494, 09450044496, 389920

Laurel Art Academy (ရုပ်ရှင်အနုပညာသင်ကျောင်း)
ရုပ်ရှင်သရုပ်ဆောင်သင်တန်း အပတ်စဉ်(၅)ကို အထူးအစီအစဉ်ဖြင့်ဖွင့်လှစ်ခြင်း
ယခင်ဖွင့်လှစ်ခဲ့သော သင်တန်းကာလ (၁၀) လ အစား (၆) လဖြင့် သရုပ်ဆောင်တစ်ယောက် တတ်အပ်သော ပညာများကို ထိထိမိမိ သင်ကြားပေးသွားမည်။ အသက် (၁၅) နှစ်အထက်အသက်အရွယ်မရွေး တက်ရောက်နိုင်ပြီး အနိမ့်ဆုံး ပညာအရည်အချင်း (၈)တန်းရှိရပါမည်။
ရရှိမည့် အခွင့်အရေးများ
လက်တွေ့ ရိုက်ကူးခြင်းသင်ခန်းစာအဖြစ် တုမ္ဗကီမှ ရိုက်ကူးထုတ်လွှင့်လျက်ရှိသော ရုပ်မြင်သံကြားဇာတ်လမ်းတွဲ၊ ရုပ်ရှင် နှင့် Video ဇာတ်ကားများတွင် ထည့်သွင်း ရိုက်ကူးပေးသွားပါမည်။ ထူးချွန်ထက်မြက်သော သင်တန်းသားများကို နိုင်ငံတကာမှ လာရောက်ရွေးချယ်သော ဇာတ်လမ်းများအတွက် ချိတ်ဆက်ပေးခြင်း၊ ထုတ်လုပ်ရေး၏ ပင်တိုင်သရုပ်ဆောင်အဖြစ် ရွေးချယ်ခြင်း အခွင့်အရေးများ ရရှိမည် ဖြစ်ပါသည်။
ဒီဇင်ဘာလအတွင်း ဖွင့်လှစ်ပါမည်။
MRTV နှင့် Laurel Art Academy (ရုပ်ရှင်အနုပညာသင်ကျောင်း) တို့ ပူးပေါင်းစီစဉ် တင်ဆက်သည့် "ဟိုးတုန်းကရေဒီယို အသံလွှင့်ဇာတ်လမ်းများ" ကို အပတ်စဉ် စနေနေ့တိုင်း ညနေ 6:45 PM တွင် စောင့်မျှော်ကြည့်ရှုအားပေးနိုင်ပါသည်။
အမှတ်-၁/၅(စီ)၊ပုလဲဥယျာဉ်အိမ်ရာ(ပုလဲကွန်ဒိုဝင်း)၊ဆရာစံရပ်ကွက်၊ဗဟန်း၊ရန်ကုန်။ ဖုန်း - ၀၁-၅၅၅၆၂၄၊ ၀၁-၅၅၅၉၀၅၊ ၀၉-၇၃၁၅၃၈၈၂

# ရီးယဲလ်တိုက်စစ်မှူး ဘန်ဇီမာအားခေါ်ယူရန် ပြင်သစ်ကလပ်များ စိတ်ဝင်စားနေ

စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်း၏ တိုက်စစ်မှူး ကာရင်ဘန်ဇီမာအား ပြင်သစ်ကလပ်များဖြစ်ကြသည့် PSG၊ မိုနာကို စသည့်အသင်းများက ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်းသိရသည်။ ဘန်ဇီမာမှာ ယခုနှစ်ဘောလုံးရာသီတွင် ရီးယဲလ်အသင်းနှင့်အတူ ခြေစွမ်းပြသကစားနေသူဖြစ်ပြီး အသင်းအား လာလီဂါအမှတ်ပေးဇယားထိပ်ဆုံးသို့ရောက်ရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သလို ချန်ပီယံလိဂ်တွင်လည်း ရှုံးထွက် ၁၆ သင်းအဆင့်သို့ပို့ဆောင်ပေးခဲ့သူဖြစ်သည်။ ထို့ကြောင့် ပြင်သစ်လီဂူးကလပ်များဖြစ်ကြသည့် PSG နှင့်မိုနာကိုအသင်းတို့မှာ ၎င်းအားပစ်မှတ်ထားလာခြင်းဖြစ်ပြီး ယူရိုသန်း ၆၀ ခန့်ဖြင့် ခေါ်ယူရန်ပြင်ဆင်နေကြောင်း ပြင်သစ်မီဒီယာများကဖော်ပြခဲ့သည်။ ထို့ပြင် PSG အသင်းမှာ အသင်းတွင်မပျော်မရွှင်ဖြစ်နေကြောင်း သတင်းများထွက်ပေါ်နေသည့် ကာဗာနီအားရောင်းထုတ်ကာ ဘန်ဇီမာအားအစားထိုးခေါ်ယူသွားရန် ပြင်ဆင်နေကြောင်း goal.com ကဖော်ပြခဲ့သည်။ PSG အသင်း တာဝန်ရှိသူများမှာ ကာဗာနီနှင့်ဘန်ဇီမာအားအလိုက်ပေးလဲလှယ်ရန် ရီးယဲလ်အသင်းထံကမ်းလှမ်းသွားဖွယ်ရှိပြီး မကြာမီရက်ပိုင်းအတွင်း တရားဝင်ကမ်းလှမ်းမှုများပြုလုပ်သွားဖွယ်ရှိကြောင်း စပိန်သတင်းစာ Marca ကဖော်ပြခဲ့သည်။ အသက်(၂၆) နှစ်အရွယ်ရှိ ပြင်သစ်တိုက်စစ်မှူး ဘန်ဇီမာမှာ ၂၀၀၉ ခုနှစ်က လိုင်ယွန်အသင်းမှပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး အသင်းအတွက် ၁၇၂ ပွဲပါဝင်ကစားကာ ဂိုးပေါင်း ၈၀ အထိ သွင်းယူပေးခဲ့သူဖြစ်ကြောင်းသိရသည်။ **[ကိုရဲ]**



# ဇန်နဝါရီဈေးကွက်အတွင်း ကစားသမားသစ် ထပ်ခေါ်မည်မဟုတ်ကြောင်း မော်ရင်ဟို ဆို



ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟိုသည် လာမည့်ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ကစားသမားသစ် ထပ်မံခေါ်ယူမည်မဟုတ် ကြောင်း လူသိရှင်ကြားပြောကြားလိုက်သည်။

ချယ်လ်ဆီးအသင်းသည် ပြီးခဲ့သည့် နွေရာသီဈေးကွက်အတွင်းက ဝါရင့်တိုက်စစ်မှူး ဒရော့ဘာအား စတမ်းဖို့ဒ်ဘရစ်ချ်သို့ ပြန်လည်ခေါ်ယူခဲ့သည့်အပြင် ဒီယေဂိုကော်စတာ၊ ဖီးလစ်ပီလူးဝစ်၊ လွိုက်ရီမီ၊ ဖာဘရီဂတ်စ် စသည့် ကစားသမားများကိုလည်း ခေါ်ယူနိုင်ခဲ့သည်။

အဆိုပါကစားသမားများကို ခေါ်ယူနိုင်ခဲ့ခြင်းကြောင့် ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့သည့်အပြင် အက်ဖ်အေဖလားပြိုင်ပွဲတွင်လည်း ဆီမီးဖိုင်နယ်အဆင့်သို့တက်လှမ်းနိုင်ခဲ့သည်။ ထို့ပြင် ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း (၁၆)သင်းအဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီး ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် ရီးယဲလ်မက်ဒရစ်နောက်တန်းကစားသမား ဆာဂျီယိုရာမို့စ်အား ခေါ်ယူရန်စီစဉ်ခဲ့သော်လည်း လက်ရှိတွင်မူ မော်ရင်ဟိုအနေဖြင့် လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ကစားသမားသစ် ထပ်မံခေါ်ယူမည် မဟုတ်ကြောင်း ပြောကြားခဲ့သည်။

**ငွေကြယ်**

# ကွင်းလယ်ကစားသမား ရှနိုက်ဒါ အား ဆောက်သမ်တန် ခေါ်ယူရန် စီစဉ်

ပရီမီယာလိဂ်ကလပ်ဆောက်သမ်တန်အသင်းသည် တူရကီကလပ် ဂါလာတာစာရေးအသင်းမှ နယ်သာလန်ကွင်းလယ်ကစားသမား ရှနိုက်ဒါအား ခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ဆောက်သမ်တန် အသင်းနည်းပြ ရိုနယ်လ်ကိုးမန်းလ်သည် ငါးပွဲဆက်တိုက် ရှုံးပွဲကြုံခဲ့မှုကြောင့် အသင်း၏ ဆိုးရွားနေသော ရလဒ်ကို အဆုံးသတ်နိုင်ရေးအတွက် နယ်သာလန် ကွင်းလယ်ကစားသမား ရှနိုက်ဒါအား ခေါ်ယူရန် ပစ်မှတ်ထားလာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ရှနိုက်ဒါသည် စပိန်ကလပ်ရီးယဲလ်မက်ဒရစ်အသင်းနှင့် အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းတို့တွင် ပါဝင်ကစားပေးခဲ့သူဖြစ်ပြီး လက်ရှိဂါလာတာစာရေး အသင်းတွင်လည်း ခြေစွမ်းကောင်း ရရှိလျက်ရှိသည်။ ရှနိုက်ဒါသည် လက်ရှိကလပ် ဂါလာတာစာရေးအသင်းတွင် တစ်ပတ်လုပ်ခလစာပေါင် ၅၀၀၀၀ ရရှိလျက်ရှိကြောင်း သိရသည်။

# ရိုးမားအသင်းနှင့် လမ်းခွဲမည်မဟုတ်ကြောင်း အက်ရှ်လေကိုးလ်ပြောကြား

အီတလီစီးရီးအေကလပ် ရိုးမားအသင်းမှ အင်္ဂလန်နောက်တန်းကစားသမားဟောင်း အက်ရှ်လေကိုးလ်သည် ၎င်းအား ပရီမီယာလိဂ်ကလပ် ခရစ္စတယ်ပဲလေ့အသင်းမှ ပရီမီယာလိဂ်သို့ပြန်လည်ခေါ်ယူရန် ကြိုးစားလျက်ရှိသော်လည်း ရိုးမားအသင်းနှင့် လမ်းခွဲမည်မဟုတ်ကြောင်း လူသိရှင်ကြားထုတ်ဖော်ပြောကြားလိုက်ပြီဖြစ်သည်။

အဆိုပါ အသင်းပြောင်းရွှေ့မှုနှင့် ပတ်သက်၍ အက်ရှ်လေကိုးလ်၏ အေးဂျင့်ဖြစ်သူ ဒေးဗစ်မာနာဆက်ကလည်း ရိုးမားအသင်းကို စွန့်ခွာကာ ခရစ္စတယ်ပဲလေ့အသင်းသို့ အက်ရှ်လေကိုးလ် ပြောင်းရွှေ့မည်ဆိုသည့် သတင်းမှာ ကောလာဟလသတင်းသာ ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နောက်တန်းကစားသမား အက်ရှ်လေကိုးလ်သည် ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းမှ အီတလီစီးရီးအေကလပ် ရိုးမားအသင်းသို့ ပြောင်းရွှေ့သွားခဲ့သူဖြစ်ပြီး လက်ရှိတွင် ရိုးမားအသင်းတွင် ပျော်ရွှင်မှုရရှိနေပြီဖြစ်ကြောင်း ၎င်း၏အေးဂျင့်ဖြစ်သူက ပြောကြားခဲ့သည်။

သို့ရာတွင် ခရစ္စတယ်ပဲလေ့အသင်းနည်းပြ ကိုးမန်းကမူ ၎င်းအနေဖြင့် နောက်တန်းကစားသမား အက်ရှ်လေကိုးလ်အား အင်္ဂလန်မြေသို့ အရောက်ခေါ်ယူမည်ဖြစ်ကြောင်း ပြောကြားထားသည်။

# ဘွန်ဒက်လီဂါ ပွဲစဉ်-၁၇

---- ဝင်း ထွဋ် ဦး ----

ဒီဇင်ဘာ ၂၀ နှင့် ၂၁ ရက်များတွင် ကစားမည့် ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ်(၁၇)မှ စိတ်ကြိုက်ပွဲငါးပွဲအား ကြိုတင်ခံစားကြည့်လိုက်မိပါတယ် . . .

**လေဗာကူဆင်-ဖရန့်ဘတ် ည ၉:၀၀ (၂၀-၁၂-၁၄)**

ယခုရာသီ အိမ်ကွင်းရှုံးပွဲမရှိသေးသည့် လေဗာကူဆင်တို့ အဝေးကွင်း ၁၂ ဂိုးအထိသွင်းယူပြီး တိုက်စစ်အစွမ်းထုတ်ပြထားသည့် ဖရန့်ဘတ်ကို ဂရုတစိုက်အားထည့်ကစားမှာ သေချာပါသည်။ အဆင့် (၃)နေရာတက်လှမ်းနိုင်ရေးကြိုးစားမည့် လေဗာကူဆင်အသင်းကပ်ပြီး အောင်ပွဲခံသွားမည်ဟု သုံးသပ်မိသည်။

**အော့စ်ဘတ်-မိုချင်ဂလက်ဘတ် ည ၉:၀၀(၂၀-၁၂-၁၄)**

အိမ်ကွင်း ခုနစ်ပွဲကစားအပြီးမှာ ဒေါ့မွန်နှင့် ဘိုင်ယန်မြူးနစ်တို့ နှစ်သင်းကိုသာ ရှုံးနိမ့်ပြီး ငါးပွဲအထိ နိုင်ပွဲရယူထားသည့် အော့စ်ဘတ်၏ ခြေစွမ်းက မျှော်လင့်နိုင်သည့် အနေအထားဖြစ်နေသည်။ ဧည့်သည်အသင်း၏ အဝေးကွင်း တိုက်စစ်ပိုင်း အားရစရာမဖြစ်သော်လည်း ခံစစ်ဇုန်မှာ ကျစ်လျစ်ခိုင်မာနေဆဲဖြစ်သည်။ အိမ်ရှင်၏ တိုက်စစ်အစွမ်းဖြင့် ဧည့်သည်၏ ခံစစ်စွမ်းရည်ပိုင်းအားပြိုင်မှု ပြင်းထန်မည်ဖြစ်သည်။ နှစ်သင်းပေါင်း သွင်းဂိုးနည်းမည့်ပွဲဟု သုံးသပ်မိသည်။

**စတုဂတ်-ပါဒါဘွန်း ည ၉:၀၀(၂၀-၁၂-၁၄)**

စတုဂတ်၏ အိမ်ကွင်းခြေစွမ်းရော ပါဒါဘွန်း၏ အဝေးကွင်းခြေစွမ်းပါ အားရစရာအနေအထားမှာ မရှိပါဘူး။ သို့သော် အိမ်ကွင်းပွဲကစားရမည့် စတုဂတ်တို့ ဧည့်သည်အသင်းထက် ပိုအားစိုက်ပါလိမ့်မည်။ အိမ်ကွင်းနောက်ဆုံး သုံးပွဲဆက် ရဂိုးမရှိ၊ ဂိုးမသွင်းနိုင်ဘဲ ရှုံးပွဲကြုံတွေ့ခဲ့ရသည့် စတုဂတ်အသင်း ယခုပွဲတော့ အောင်ပွဲခံနိုင်ဖွယ်ရှိနေသည်။

**ဝုဖ်ဘတ်-ကိုလုံး နံနက် ၀၀:၀၀ (၂၁-၁၂-၁၄)**

ပွဲစဉ် ၁၅၊ ၁၆ နှစ်ပွဲမှာ သရေဆက်တိုက်ဖြစ်ခဲ့ပြီး လေးမှတ်အထိဆုံးရှုံးကာ အမှတ်ပေးဇယားထိပ်ဆုံးက ဘိုင်ယန်မြူးနစ်နှင့် ၁၁ မှတ်ထိ ကွာဟသွားသည့် ဝုဖ်ဘတ်အသင်း ကိုလုံးနှင့်ပွဲကို လုံးဝအာရုံစိုက်တော့မည်ဖြစ်သည်။ အိမ်ကွင်းရှုံးပွဲမရှိသေးသည့် မှတ်တမ်းကောင်းကို ဝုဖ်ဘတ်တို့ဆက်ထိန်းထားနိုင်ဦးမည်ဟု သုံးသပ်မိသည်။

**ဟာသာဘာလင်-ဟော့ဖန်ဟိမ်း ည ၉:၀၀ (၂၁-၁၂-၁၄)**

ဖရန့်ဘတ်နှင့်ပွဲတွင် ဦးဆောင်ဂိုးများ သွင်းပြီးမှ သရေရလဒ်နှင့်သာကျေနပ်ခဲ့ရသည့် ဟာသာဘာလင်အသင်း ဟော့ဖန်ဟိမ်းကိုဧည့်ခံကစားပေးရမည့်အိမ်ကွင်းပွဲကိုတော့ အမှားနည်းအောင် ကြိုးစားကစားပါလိမ့်မည်။ ဟော့ဖန်ဟိမ်း၏ အဝေးကွင်းခြေစွမ်းကလည်း အားကိုး၍ရနိုင်သည့် အနေအထားမျိုးမဟုတ် သရေသာ အမြင့်ဆုံးမျှော်လင့်နိုင်သည်ဟု သုံးသပ်မိသည်။

သမီးလေး
"ရှင်းရန့်အိမ်"အတွက်မွေးနေ့ဆုတောင်း

ချစ်သမီးလေး "ရှင်းရန့်အိမ်"၏ (၁၉-၁၂-၂၀၁၄) ရက်တွင်ကျရောက်သော (၂)နှစ်ပြည့် မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင် သက်ရှည်၊ ကျန်းမာ၊ ချမ်းသာ၊ လှပစွာ၊ ထူးချွန်ထက်မြက်စွာဖြင့် မိဘကျေးဇူးကို အထူးသိတတ်သော သမီးရတနာလေးဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဖေဖေ- ဦးဇော်လင်းထိုက်
(Managing Director of Thit Min Yadanar Co;Ltd.)
မေမေ- ဒေါ်ဟန်သီလွင်ဦး
(Standard Plastic Factory)

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာနတွင် အလုပ်လျှောက်ထားလာသော Ph.D ဘွဲ့ရများ၊ Master ဘွဲ့ရများနှင့် Bachelor ဘွဲ့ရများအတွက် အလုပ်ဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲကျင်းပမည့်ရက် ကြေညာခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသနဦးစီးဌာနတွင် အလုပ်ခန့်ထားရန်အတွက် အလုပ်လျှောက်ထားလာသော Ph.D ဘွဲ့ရများ၊ Master ဘွဲ့ရများနှင့် Bachelor ဘွဲ့ရများအား အောက်ဖော်ပြပါ စာမေးပွဲအစီအစဉ်အတိုင်း အလုပ်ဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| စဉ် | ဖြေဆိုမည့် ဘာသာရပ် | နေ့ရက် | အချိန် | နေရာ |
|---|---|---|---|---|
| (က) | အင်္ဂလိပ်စာ | ၁၀-၁-၂၀၁၅ ရက် (စနေနေ့) | နံနက် ၉:၀၀နာရီ မှ ၁၂:၀၀ နာရီထိ | အထက်မြန်မာပြည်တွင် အလုပ်လျှောက်ထားသူများ ဖြေဆိုရမည့်စာစစ်ဌာန မန္တလေးနည်းပညာတက္ကသိုလ်နှင့် အောက်မြန်မာပြည်တွင် အလုပ်လျှောက်ထားသူများ ဖြေဆိုရမည့် စာစစ်ဌာန ရန်ကုန်နည်းပညာ တက္ကသိုလ် |
| (ခ) | သက်ဆိုင်ရာ ဘာသာရပ် | ၁၁-၁-၂၀၁၅ ရက် (တနင်္ဂနွေနေ့) | နံနက် ၉:၀၀ နာရီ မှ ၁၂:၀၀ နာရီထိ | |
| (ဂ) | လူတွေ့စစ်ဆေးခြင်း | | | ရေးဖြေစာမေးပွဲဖြေဆို အောင်မြင်ပြီး လူတွေ့ စစ်ဆေးခံရမည့် သူများစာရင်းအား သက်ဆိုင်ရာ စာစစ်ဌာနများတွင် ထပ်မံကြေညာပါမည်။ |

၂။ ဖြေဆိုမည့်သူများသည် ၇-၁-၂၀၁၅ ရက်ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ စာစစ်ဌာနများသို့ သတင်းပို့ရမည်ဖြစ်ပြီး အသေးစိတ်သိလိုပါက မန္တလေးနည်းပညာတက္ကသိုလ် ဖုန်းနံပါတ် ၀၂-၅၇၃၆၃၊ ရန်ကုန်နည်းပညာတက္ကသိုလ် ဖုန်းနံပါတ် ၀၁-၅၂၂၆၆၁၊ မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသနဦးစီးဌာန ဖုန်းနံပါတ် ၀၁-၆၆၃၂၅၈၊ ၀၁-၆၆၄၈၀၉ နှင့်ပြည်ထောင်စုဝန်ကြီးရုံး ဖုန်းနံပါတ် ၀၆၇-၄၀၄၀၁၇ တို့တွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန






ANNOUNCING THE BRAND AMBASSADORS OF POLO CLUB (ASIA) RESIDENCE
MARKET LEADERS • AN INSPIRATION TO ALL
POLO CLUB (ASIA) RESIDENCE
Star Ambassador : Pyay Ti Oo
Youth Ambassador : Yun Waddy Lwin Moe
OPEN FOR BOOKING ON 21 DEC!
Excellent city location at corner of East Race Course Road and Laydaungkan Road
34 – Storey Luxury Condominium
Premium One to Four bedroom apartments
International Design and Engineering Team
Built by World's Largest Main Contractor
HOTLINES:
09795889588 / 09796889688 / 09797889788
www.poloclubasia.com
Developer:
HSL GROUP
A Project By:
GOLDEN GLORY DEVELOPMENT
International Project Specialists:
Surbana
中國建築股份有限公司
International Consultants:
ASIAN ACRE ADVISORS
LangdonSeah
DPA
DPE
DPD

# အမျိုးသားအဆင့် ရေညီလာခံ ၂၀၁၄ တွင် ချမှတ်နိုင်ခဲ့သော Key Messages များ

နေပြည်တော်၌ ကျင်းပခဲ့သော အမျိုးသားအဆင့် ရေညီလာခံ ၂၀၁၄ ၏ Panel sessions (parallel sections)များတွင် သက်ဆိုင်ရာအဖွဲ့အလိုက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဝင် ကျွမ်းကျင်သူ ပညာရှင်များအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ ကျွမ်းကျင်ပညာရှင်များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပညာရှင်များမှ ဆွေးနွေးချက်များအရ အောက်ပါ Key Messages များအား ချမှတ်နိုင်ခဲ့ရပါသည်-

**Water Quality and Pollution Control**

(က) မြန်မာနိုင်ငံတွင် သောက်သုံးရေအရည်အသွေးသတ်မှတ်ချက်အား အမြန်ဆုံးထုတ်ပြန်နိုင်ရန်

(ခ) ရေထုညစ်ညမ်းမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနများနှင့် ကျွမ်းကျင်သူပညာရှင်များအဖွဲ့ဝင်များပါ ပေါင်းစပ်စုစည်းပြီး အဖွဲ့တစ်ဖွဲ့ဖွဲ့စည်းဆောင်ရွက်ပေးရန်

(ဂ) နိုင်ငံတကာအသိအမှတ်ပြု ဓာတ်ခွဲခန်းများပါဝင်သည့် ဘက်စုံအချက်အလက် စုဆောင်းထားရှိသော အခြေခံ စနစ်(ရေအရည်အသွေးအချက်အလက်ဘဏ်- Water Quality Monitoring System)ထည်ထောင်ရန်

(ဃ) တစ်နိုင်ငံလုံး လွှမ်းခြုံသည့် ရေပေးဝေမှုစနစ်ကို ပြန့်ကျဲစွာ နေထိုင်သော ကျေးရွာနေလူထုထံအရောက် သင့်တော်သောနည်းလမ်းများကို အသုံးပြု၍ တည်ထောင်ရန်

**Water and Energy**

(က) ရေခွဲဝေသုံးစွဲရာတွင် ပိုင်ဆိုင်မှုနှင့် မျှတစွာ သုံးစွဲနိုင်မှုတို့အတွက် မူဝါဒချမှတ်ဆောင်ရွက်ရန်

(ခ) ဆည်အကြီးများအစား ရေတံခွန်/စိမ့်စမ်းများမှ အသေးစားရေအား လျှပ်စစ်ထုတ်လုပ်ရန်(စီးဆင်းနေသော ရေအလျဉ်ကို အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန်)

(ဂ) Water Policy နှင့်အညီ ဆောင်ရွက်ရာတွင် EIA ကိုလည်း ဂရုပြုဆောင်ရွက်ရန်

(ဃ) BOT စနစ်ဖြင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုရာတွင် နိုင်ငံသားများအကျိုးအတွက် နှစ်အရှည်ကြီးပေးသင့်မပေးသင့် ပြန်လည်သုံးသပ်ရန်

(င) နိုင်ငံတော်တွင် ရေနှင့်စွမ်းအင်အတွက်ပါ ကော်မတီများဖွဲ့ပြီးဖြစ်သဖြင့် အဆိုပါကော်မတီနှစ်ရပ် ပူးပေါင်း၍ ဖွံ့ဖြိုးတိုးတက်ရေးပေါ်လစီကို ချမှတ်ဆောင်ရွက်ရန်

**Water for food**

(က) အပူပိုင်းဒေသတွင်မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သောရေကို National Water Policy နှင့် Implementation plan တွင် ထည့်သွင်းရန်

(ခ) မြစ်ဝကျွန်းပေါ်ဒေသတွင် ငါးလုပ်ငန်းသည် နိုင်ငံတော်၏ အစားအစာလုံခြုံစိတ်ချမှုအတွက် အရေးပါသဖြင့် National Water Policy နှင့် Implimentation plan တွင် ထည့်သွင်းရန်

(ဂ) အပူပိုင်းဒေသတွင်း သုတေသနလုပ်ငန်းများအားနည်းသဖြင့် ရေသွင်းစိုက်ပျိုးရေးစနစ်နှင့် ကောက်ပဲသီးနှံစနစ်များ ကိုက်ညီမှုရှိစေရေး ဂရုပြုဆောင်ရွက်ရန်နှင့် ယင်းအတွက် Action Plan ပြုစုပေးရန်

(ဃ) ဒီရေသက်ရောက်မှုရှိသော ဒေသများတွင် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် စနစ်တကျစီမံခန့်ခွဲရန်

(င) Spade irrigation စနစ်ကို(ရေအလေအလွင့်နည်းပါးစေခြင်း၊ စိုက်ပျိုးရေကိုရေကြီးရေလျှံခြင်းမှ ရရှိနိုင်ခြင်း၊ အောင်ရေလောက်သာလိုအပ်ချိန်တွင် ထည့်ပေးရန်လိုအပ်ခြင်း) မြန်မာနိုင်ငံတွင် လက်တွေ့လုပ်ဆောင်မှုရှိပြီးဖြစ်ခြင်းကြောင့် ၎င်းစနစ်တကျကို တိုးတက်သုံးစွဲရန်

**Water and Climate Change**

(က) ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်းအတွက်ဖြစ်ပေါ်လာနိုင်သည့်အကျိုးဆက်အား လေ့လာရန် (Oyrm- Sea Water Intrusion,etc)

(ခ) မြစ်ဝှမ်းဒေသများကို ထိန်းသိမ်းပြီး ရေချိုစုဆောင်းရန်

(ဂ) သစ်တောပြုန်းတီးမှုအား ကာကွယ်ထိန်းသိမ်းရန်နှင့် သစ်တောသစ်ပင်များ၏ အကျိုးကျေးဇူးများကို ကျောင်းသင်ခန်းစာများတွင်ထည့်သွင်းရေးဆွဲသင်ကြားရန် (ဥပမာ-Water Footprint နှင့် Carbon Footprint တို့ကို မူလတန်းအဆင့်မှစ၍ နားလည်အောင်သင်ကြားပေးရန်)

(ဃ) Climate Change ကြောင့် ပြောင်းလဲနေသည့် မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ အချက်အလက်များကို သုတေသနလုပ်ရန်

**Water for People and Enviroment**

(က) မြစ်ရေမျက်နှာပြင်ကွာခြားမှုကြောင့် ကမ်းပြိုကမ်းစားမှုများ ဖြစ်ပေါ်နေသည့်အတွက် ရေမျက်နှာပြင်ထိန်းချုပ်၍ မြစ်ရေကို ရေနည်းရာသီတွင် အသုံးပြုနိုင်မည့် အစီအမံများစဉ်းစားဆောင်ရွက်ရန်

(ခ) မြစ်ရေအရည်အသွေးထိခိုက်စေမည့်မြစ်အတွင်းသို့ စွန့်ပစ်မှုများကို စနစ်တကျထိန်းချုပ်ကွပ်ကဲရန်

(ဂ) မြစ်ရေအားသောက်သုံးနိုင်ရန်အတွက် သန့်စင်ခန်း

(ဃ) ရေနှင့်ပတ်သက်သော အသိဉာဏ်ဗဟုသုတတိုးမြှင့်ပေးရန်(အထူးသဖြင့် ရေဝေရေလဲဒေသများအတွင်း) အတွက် River Basin Organization များဖွဲ့စည်းနိုင်ရေးပံ့ပိုးပေးရန်

(င) မိုးရေကို အကျိုးရှိစွာ ပိုမိုအသုံးပြုနိုင်ရေးအတွက်စနစ်တကျစီမံခန့်ခွဲရန်(နိုင်ငံလုံးဆိုင်ရာ မိုးရေခံစီမံကိန်း စတင်နိုင်ရန် နိုင်ငံတော်မှ ဦးဆောင်ရန်)

# ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် စပါးရိတ်သိမ်းမှု သရုပ်ပြသ



**မြင်းခြံ၊ ဒီဇင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဂျုပ်ပင်ကျေးရွာ တောင်သူဦးမောင်ထွေး၏ ကွင်းအမှတ် (၂၈၃) စပါးစိုက်ခင်းတွင် ဒီဇင်ဘာ ၁၅ ရက် နံနက် ၈ နာရီခွဲက သရုပ်ပြရိတ်သိမ်းမှုကို ကျင်းပခဲ့ကြောင်း သိရသည်။

မိုးစပါးရိတ်သိမ်းအပြီးတွင် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်လွင်က လာရောက်ကြည့်ရှုလေ့လာကြသည့် တောင်သူများအား ယခုနှစ်စပါးရိတ်သိမ်းရာသီတွင် လယ်ယာလုပ်သား ရှားပါးမှုအခက်အခဲများ ကျော်လွှားနိုင်ရေးအတွက် မြင်းခြံမြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများက အိန္ဒိယနိုင်ငံမှ KS .9300 အမျိုးအစားရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် ရိတ်သိမ်းပေးခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းအပြင် တောင်သူများအတွက် ထွန်ယက်ရာတွင်လည်း အိန္ဒိယနိုင်ငံမှ ထုတ်လုပ်သော ဆိုနာလီကာ အမျိုးအစား ထွန်စက်အသစ်များဖြင့် ဝန်ဆောင်မှုကို ဌာနမှ သတ်မှတ်သောနှုန်းအတိုင်း ကွင်းထဲအရောက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

မြို့နယ်ဦးစီးဌာနမှူး ဦးဝင်းဇော်ကလည်း တောင်သူများအနေဖြင့် လယ်ယာသုံး စက်ကိရိယာများ ပိုမိုသုံးစွဲနိုင်ရေးအတွက် စက်မှုလယ်ယာဝန်ထမ်းများအနေဖြင့် ဝန်ဆောင်မှုအမျိုးမျိုးကို ကွင်းထဲအရောက်အမြဲကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စနစ်ကျသော စက်မှုလယ်ယာစိုက်ခင်းများ ဖော်ဆောင်ရေးအတွက် တောင်သူများအား ပြောပြခဲ့ပြီး ၎င်းတို့ ပူးပေါင်းပါဝင်နိုင် ဆွေးနွေးခဲ့သည်။

ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်က စနစ်ကျသော စက်မှုလယ်ယာစိုက်ခြင်းဖြင့် တောင်သူများ အကျိုးဖြစ်ထွန်းနိုင်မှုတို့ကိုလည်း ဆွေးနွေးရှင်းလင်းပြောကြားခဲ့သည်။

တက်ရောက်လာသော တောင်သူများက ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် စပါးရိတ်သိမ်းခြင်း အဆင်ပြေ၍ ဝမ်းသာကြောင်း၊ နောင်နှစ်မိုးစပါးရာသီတွင် ကောက်စိုက်စက်များဖြင့် စိုက်ပျိုးနိုင်ရေးအတွက် ကြိုးစားသွားမည်ဖြစ်ကြောင်း စနစ်ကျသော စက်မှုလယ်ယာမြေ ဖော်ထုတ်နိုင်ရေးအတွက် အချင်းချင်းညှိနှိုင်းပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

အဆိုပါ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် စပါးရိတ်သိမ်းခြင်းနှင့်ဆိုနာလီကာ ထွန်စက်ကြီးများဖြင့် ထွန်ယက်ရေးလုပ်ငန်း ဝန်ဆောင်မှုပြုလုပ်ခြင်းကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ စိုက်ပျိုးရေး၊ ဆည်မြောင်း၊ စက်မှုလယ်ယာဦးစီးဌာနများမှ အရာရှိများနှင့် ဝန်ထမ်းများ၊ ခရိုင်နှင့်မြို့နယ်စိုက်ပျိုးရေးနှင့် ကြီးကြပ်ရေးအဖွဲ့များ ပတ်ဝန်းကျင် ကျေးရွာများမှ တောင်သူများလည်း ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

Ayarwaddy Legend Travels & Tours မှ စီစဉ်သော
စိန်ရောင်ခြည်
ဘုရားဖူးဝန်ဆောင်မှုလုပ်ငန်း
အိန္ဒိယနိုင်ငံရှိ ဘုရားပွင့်ရာ သံဝေဇနီယလေးဌာန၊ အဂ္ဂဇာတိလေးဌာန၊ နယူးဒေလီ၊ တာဂျ်မဟာ၊ အိန္ဒိယစံတပ်သို့
(၁၄ညအိပ်/၁၅ရက် ခရီးစဉ်များ) ၉ သိန်း (Jan 17 / March 20 / April 10)
(၇ ညအိပ် / ၈ ရက် ခရီးစဉ်များ) ၇ သိန်းခွဲ (Jan 31 / Feb 25 / March 6)
ခရီးစဉ်တလျှောက်လုံး စိတ်ချမ်းမြေ့စွာ ကုသိုလ်ယူနိုင်ရန် နွေးထွေး ပြည့်စုံသော ဝန်ဆောင်မှုများပေးခြင်း။
ကုမ္ပဏီများ၊ အသင်းအဖွဲ့များ၏ ခရီးစဉ်များအတွက် အထူးနှုန်းထားဖြင့် ဝန်ဆောင်မှုပေးပါသည်။
သီးသန့်သွားချင်သူများအတွက်လည်း အထူးစီစဉ်ပေးပါသည်။
ကြိုတင်စာရင်းပေးသွင်းထားခြင်းဖြင့် Discount များရယူနိုင်ပါပြီ။
ရန်ကုန် - အမှတ်(၁၀၄) ၃၇လမ်း၊ အောက်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - (၉၅-၁)၊ ၂၅၂၀၀၇၊ ၂၅၂၀၀၈၊ ၃၉၈၃၀၃၊ ၃၇၇၆၉၇၊ ၂၅၀၉၀၉
မန္တလေး - အမှတ်(၇၆)၊ လမ်း၃၀၊ (၇၃-၇၄)လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း - ၀၉-၄၀၂၆၉၄၈၄၈၊ ၀၉-၈၆၀၀၂၁၈



လူပျောက်ကြော်ငြာ
ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းရွာ၊ ဦးပေါ်ရွှေညောင်ပင်လမ်းနေ ဦးတင်ထွန်းနိုင်-ဒေါ်ကေသီသွယ် တို့၏သမီး အထက်ပါဓာတ်ပုံရှင် မနှင်းအိခိုင် အသက် (၁၆)နှစ်သည် ၅-၁၂-၂၀၁၄ ရက်က ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ကျေးဇူးဆပ်ပါမည်။
ဖုန်း-၀၉-၂၅၃၂၁၀၅၁၁
၀၉-၂၅၃၅၀၁၀၂၂

လယ်တီမူဝိပဿနာအလုပ်ပေးတရားပွဲ
ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ (ဝါဆိုမှတ်တိုင်အနီး) ပြာသာဒ်-ပရိယတ္တိစာသင်တိုက်အတွင်းရှိ မြသီတာသိမ်တော်ကြီးတွင် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်မှ ၂၆ ရက်အထိ နေ့စဉ် ညနေ ၅း၃၀ နာရီမှ ၇း၀၀ နာရီထိ မြတ်ဗုဒ္ဓ၏ ပဋိပတ်အကျင့်မြတ်ဖြစ်သော သမထ-ဝိပဿနာတရားတော်များကို လယ်တီမူအနာဂါမ် ဆရာသက်ကြီး၏ဥပနိဿယဖြင့် ကမ္မဋ္ဌာန်းနည်းပြ ဆရာဦးအေးထွန်း(ညောင်လွန့်)မှ ဟောကြားပို့ချမေ့ဒါနပြုမည်ဖြစ်ပါ၍ ဓမ္မမိတ်ဆွေယောဂီသူတော်စင်များ မည်သူမဆိုတရားတော်များ လာရောက်ပွားများအားထုတ်နိုင်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားနိုးဆော်အပ်ပါသည်။
တရားပွဲဖြစ်မြောက်ရေးအကျိုးဆောင်အဖွဲ့

ခရမ်းမြို့နယ်အသင်း (ရန်ကုန်)
ပညာသင်ထောက်ပံ့ကြေး လျှောက်လွှာခေါ်ယူခြင်း
ခရမ်းမြို့နယ်အသင်း(ရန်ကုန်)မှ နှစ်စဉ် ထောက်ပံ့ပေးသည့် တက္ကသိုလ်ပညာသင် ထောက်ပံ့ကြေးပေးရန် ခရမ်းသား/သူများ၏ သားသမီးများထဲမှ ၂၀၁၃-၂၀၁၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီး အသက်မွေးဝမ်းကျောင်း တက္ကသိုလ်အသီးသီးသို့ တက်ရောက်ရန်အခက်အခဲရှိသူများသည် စာမေးပွဲအောင်လက်မှတ်မိတ္တူနှင့်တကွ အထောက်အထားစာရွက်စာတမ်းများ ပူးတွဲတင်ပြပြီး လျှောက်လွှာများကို (၃၁. ၁၂. ၂၀၁၄)နေ့ နောက်ဆုံးထား၍ ခရမ်းမြို့နယ်အသင်း(ရန်ကုန်)သို့ ရုံးချိန်အတွင်း လျှောက်ထား နိုင်ပါသည်။
လိပ်စာ-အမှတ်-၁၄၊ အခန်း (၀၀၁)မြေညီ
ရန်ကြီးအောင်လမ်း၊ မေတ္တာညွန့်၊ တာမွေ။ ပညာရေးကော်မတီ
ဖုန်း-၀၁-၅၄၉၃၃၉ ခရမ်းမြို့နယ်အသင်း(ရန်ကုန်)

လီယိုမက်အရေပြားရောဂါကု တိုင်းရင်းဆေးတိုက်မှ
ခရှသင်းသမင်ဖြူ
နယ်မှ ဝေဒနာရှင်များ စာတိုက်မှ တဆင့်မှာယူနိုင်ပါသည်။
ညင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူ၊
သွေးမသန့်ခြင်းကြောင့်ဖြစ်သော အရေပြားရောဂါများကို ကုသပေးသည်။
အမှတ် (၂၂၁)၊ (၃)ထပ်၊ ၃၂လမ်း၊(အထက်) ရန်ကုန်မြို့။
ဖုန်း ၀၁-၂၅၂၅၉၈၊ ၀၁-၂၄၃၈၅၁

တိုက်ခန်းများအားလုံး ကြိုပို့ရောင်းရန်ရှိသည်
- ပေ(၁၇)×(၅၀)ပေရှိ မြေညီမှ(၅)လွှာထိ၊ အခန်း(၁၂)ခန်းအား ကြိုပို့ ရောင်းရန်ရှိသည်။
ဝိတောက်လမ်း၊ ပိန္နဲကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်။
ဆက်သွယ်ရန်
၀၉ ၅၀၄၅၂၄၆၊ ၀၉ ၃၁၈၈၂၂၂၂၊ ၀၉ ၉၇၉၉၉၉၀၂၇၉

# ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူမှုစီးပွားမြှင့်တင်ရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် သမဝါယမ

အမှတ်စဉ်(၆)

အလုပ်ကြိုးစား
တိုးပွားဥစ္စာ၊
လိုအပ်တာသုံး
အပိုမဖြုန်းနဲ့။

## အမျိုးသားရေး စိတ်ဓါတ်နှင့် လူမှုရေးစိတ်ဓါတ်အခြေခံပြည့်ဝသော အသက်မွေးဝမ်းကျောင်းပညာကျွမ်းကျင်သူများ ပေါ်ထွန်းရေး

❖ ကျွမ်းကျင်လုပ်သားအဖြစ် အလုပ်အကိုင်အခွင့်အလမ်းရစေရန်၊ တစ်ပိုင်တစ်နိုင်လုပ်ငန်းများဖြင့် မိသားစုဝင်ငွေတိုးစေရန်နှင့် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု အထောက်အကူဖြစ်စေရန်အတွက် သမဝါယမဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီး ဌာနမှ နည်းပညာပေးသင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးလျက်ရှိပါသည်။

❖ နည်းပညာပေးသင်တန်းများကို ၁-၄-၂၀၁၁ မှ ၃၀-၁၁-၂၀၁၄ ထိ အကြိမ်ပေါင်း (၃၁၇) ကြိမ်ဖွင့်လှစ်၍ သင်တန်းသား (၇၁၀၂) ဦးသို့ နည်းပညာများ ဖြန့်ဝေပေးနိုင်ခဲ့ပါသည်။

❖ ၎င်းသင်တန်းများတွင် စားသောက်ကုန် ထုတ်လုပ်တတ်စေရန်သာမက စားသုံးသူများ အန္တရာယ်ကင်းရှင်းစေရန် လိုက်နာရမည့်နည်းလမ်းများကိုပါ ထည့်သွင်းသင်ကြားပေးခဲ့ပါသည်။

### ၁-၄-၂၀၁၁ မှ ၃၁-၁၀-၂၀၁၄ ထိ ဖွင့်လှစ်ခဲ့သည့် နည်းပညာသင်တန်းများ

| စဉ် | သင်တန်းအမည် | ကြိမ်ရေ | ဦးရေ |
|---|---|---|---|
| ၁ | သစ်သီးဝလံအခြေခံစားသောက်ကုန်ထုတ်လုပ်နည်းသင်တန်း | ၁၄၀ | ၃၉၈၃ |
| ၂ | လူသုံးကုန်နှင့်အလှကုန်ထုတ်လုပ်နည်းသင်တန်း | ၃၃ | ၃၈၀ |
| ၃ | အခြေခံလျှပ်စစ်သံဂဟေဆက်နှင့် အီလက်ထရွန်နစ်သင်တန်း | ၂၇ | ၅၂၃ |
| ၄ | ယွန်းကာလတိုသင်တန်း | ၂ | ၅၁ |
| ၅ | ရက်ကန်းကာလတိုသင်တန်း | ၈၀ | ၁၂၉၂ |
| ၆ | သစ်နှင့်ဝါးအခြေခံလက်မှုထည်ထုတ်လုပ်မှုသင်တန်း | ၁၉ | ၄၇၅ |
| ၇ | အခြေခံစက်ချုပ်သင်တန်း | ၅ | ၁၅၀ |
| ၈ | မော်တော်ဆိုင်ကယ်ပြုပြင်ခြင်းသင်တန်း | ၇ | ၁၈၀ |
| ၉ | အခြေခံပရိဘောဂသင်တန်း | ၃ | ၆၃ |
| ၁၀ | ဓာတုနှင့်ဇီဝဓာတ်ခွဲခြင်းအခြေခံနည်းပညာလွှဲပြောင်းသင်တန်း | ၁ | ၅ |
|  | စုစုပေါင်း | ၃၁၇ | ၇၁၀၂ |




အသက်မွေးဝမ်းကျောင်းသင်တန်းဖွင့်လှစ်ပေးနိုင်မှု အခြေပြဂရပ်

### ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) နှင့် ပူးပေါင်းဖွင့်လှစ်ခဲ့သည့် နည်းပညာပေးသင်တန်းများ

❖ ၂၀၁၄ခုနှစ်၊ ဩဂုတ်လမှ နိုဝင်ဘာလအထိ အထူးအစီအစဉ်အနေဖြင့် မြစ်ကြီးနား၊ ဗန်းမော်၊ ဒီမောဆို၊ ဖရူဆို၊ ဟိုပုံး၊ ဘားအံ၊ ကော့ကရိတ်နှင့် ကြာအင်းဆိပ်ကြီးစသည့်မြို့နယ် (၈)ခုတွင် နည်းပညာပေးသင်တန်း (၂၁)ကြိမ်ဖွင့်လှစ်ခဲ့သည်။

❖ နည်းပညာပေးရုံသာမက သင်တန်းသားတစ်ဦးချင်းအတွက် လုပ်ငန်းမတည်ရင်းနှီးငွေနှင့် လုပ်ငန်းသုံးပစ္စည်းများကိုပါ ထောက်ပံ့ ပေးခဲ့ပါသည်။

❖ သင်တန်းသား (၆၀၇) ဦးအတွက် ထောက်ပံ့ခဲ့သည့် မတည်ရင်းနှီးငွေနှင့် လုပ်ငန်းသုံးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ အောက်ဖော် ပြပါဇယားအတိုင်း ကျပ် (၇၅၈. ၈၃) သိန်းဖြစ်ပါသည်။

| စဉ် | သင်တန်းအမည် | သင်တန်းသားတစ်ဦးအတွက် ထောက်ပံ့သည့် | | စုစုပေါင်း တန်ဖိုး(ကျပ်) | ဖွင့်လှစ်သည့် အကြိမ် | သင်တန်းသား ဦးရေ စုစုပေါင်း |
|---|---|---|---|---|---|---|
| | | လုပ်ငန်းသုံး ပစ္စည်း | မတည်ရင်းနှီးငွေ (ကျပ်) | | | |
| ၁ | အခြေခံစက်ချုပ်သင်တန်း | (၁၁) မျိုး (၁၃၀၀၀၀ိ /-) | - | ၁၉၅၀၀၀၀၀ | ၅ | ၁၅၀ |
| ၂ | အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ခြင်းသင်တန်း | (၂၈) မျိုး (၁၀၀၀၀၀ိ/-) | - | ၁၇၀၀၀၀၀၀ | ၆ | ၁၇၀ |
| ၃ | အခြေခံလက်သမားသင်တန်း | (၂၆) မျိုး (၁၈၈၀၀၀ိ/-) | - | ၁၁၄၆၈၀၀၀ | ၂ | ၆၁ |
| ၄ | အခြေခံဝါးလက်မှုထည် သင်တန်း | (၁၂) မျိုး (၁၅၀၀၀ိ/-) | ၁၂၀၀၀၀ | ၇၁၅၅၀၀၀ | ၂ | ၅၃ |
| ၅ | သစ်သီးဝလံအခြေခံ စားသောက်ကုန်သင်တန်း | - | ၁၂၀၀၀၀ | ၂၀၇၆၀၀၀၀ | ၆ | ၁၇၃ |
| | စုစုပေါင်း (၁၈-၈-၂၀၁၄ မှ ၃-၁၁-၂၀၁၄ ထိ ) | | | ၇၅၈၈၃၀၀၀ | ၂၁ | ၆၀၇ |

## ရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံ နှင့် သင်တန်းကျောင်းများ

❖ ပြည်သူအများ၏ "ရိုးရာအဝတ်အထည်" လိုအပ်ချက်အတွက် အဓိကထုတ်လုပ်ရာဒေသ၊ ရက်ကန်းမြို့တော် အမရပူရမှ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံနှင့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်းများမှလည်း ချည်မျှင်အထည်ဆိုင်ရာ အတတ်ပညာများသာမက အခြားအသက်မွေးဝမ်းကျောင်းပညာများကိုပါ သင်ကြားပေးလျက်ရှိသည်။

❖ ရိုးရာအမွေအနှစ်အသွင်အပြင်များနှင့် ခေတ်မီဒီဇိုင်းများပေါင်းစပ်ထုတ်လုပ်ထားသည့် လှပဆန်းသစ်သော ရိုးရာအဝတ်အထည်များ၊ တိုင်းရင်းသားရိုးရာဂျပ်ခုတ်ထည်များကို ပြည်တွင်းရှိ တိုင်းရင်းသားပြည်သူများမှ ဂုဏ်ယူဝင့်ကြွားစွာ ဝတ်ဆင်လျက်ရှိကြောင်းတွေ့မြင်ရသည်သာမက ကမ္ဘာလှည့်ခရီးသည်များပါ စိတ်ဝင်စားလျက်ရှိသဖြင့် နိုင်ငံတကာဈေးကွက်အထိ ထိုးဖောက်ရန် အလားအလာကောင်းများရရှိနေပြီဖြစ်ပါသည်။

| စဉ် | အမည် | အရေ အတွက် | တည်နေရာ |
|---|---|---|---|
| ၁ | ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ | ၁ | အမရပူရမြို့၊ မန္တလေးတိုင်းဒေသကြီး |
| ၂ | ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်းများ | ၁၃ | မုံရွာ၊ ပခုက္ကူ၊ မိတ္ထီလာ၊ မုဒုံ၊ ရွှေတောင်၊ စစ်တွေ၊ တောင်ကြီး၊ ဖလန်း၊ မြစ်ကြီးနား၊ မင်းတပ်၊ လှိုင်ကော်၊ ဘားအံ၊ ကျောက်မဲ |

### ရက်ကန်းပညာရပ်ဆိုင်ရာ သင်တန်းများ

- ချည်မျှင်နှင့် အထည်အလိပ်အတတ်ပညာသင်တန်း
- ရိုးရာလွန်းရာကျချိတ်သင်တန်း
- ရွှေချည်ထိုး၊ ငွေချည်ထိုးသင်တန်း
- လက်ရက်ကန်း (ဖဲနှပ်ကောက်) သင်တန်း
- စက်ရက်ကန်းစက်ပြင်/စက်မောင်းသင်တန်း
- ရိုးရာဂျပ်ခုတ်သင်တန်း
- ဓါတုဆိုးဆေး၊ သဘာဝဆိုးဆေးသင်တန်း

### အခြားအသက်မွေးဝမ်းကျောင်း သင်တန်းများ

- စားသောက်ကုန်နှင့် လူသုံးကုန်ထုတ်လုပ်မှုသင်တန်း
- တွင်ခုံ၊ ဖောက်ခုံသင်တန်း
- အခြေခံလျှပ်စစ်သံဂဟေဆက်သင်တန်း
- အခြေခံစက်ချုပ်သင်တန်း
- မော်တော်ဆိုင်ကယ်ပြုပြင်သင်တန်း
- အခြေခံပရိဘောဂသင်တန်း
- ဝါးအခြေခံလက်မှုထည်သင်တန်း


ယွန်းပညာလက်တွေ့ သင်ယူနေသော ကျောင်းသား/သူများ


ရိုးရာလွန်းရာကျချိတ် ရက်လုပ်နေပုံ


စက်ရက်ကန်း လက်တွေ့သင်တန်း


ချင်းရိုးရာဂျပ်ခုတ်ထည် ရက်လုပ်နေပုံ

**တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ရေး သမဝါယမဖြင့် ဆောင်ရွက်ပေး**

စာမျက်နှာ ၁၇ သို့

ပြည်တွင်းရေးရာ

စာမျက်နှာ ၁၆ မှ

## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးလျက်ရှိသည့် သမဝါယမတက္ကသိုလ်/ကောလိပ်နှင့် သင်တန်းကျောင်းများ




| စဉ် | တက္ကသိုလ်/ကောလိပ် | ချီးမြှင့်အပ်နှင်းသည့် ဘွဲ့/ဒီပလိုမာ |
|---|---|---|
| ၁ | သမဝါယမတက္ကသိုလ် (သန်လျင်၊ စစ်ကိုင်း) | B.BSc (Regional Development) / B.BSc (Accounting & Finance)/ B.BSc (Applied Statistics)/ B.BSc (Marketing Management)/ B.BSc (Social Enterprises Management) |
| ၂ | သမဝါယမကောလိပ် (ဖောင်ကြီး၊ မန္တလေး) | Dip; in Social Enterprises Management/ Dip; in Business Management/ Dip; in Banking, Finance and Insurance/ Dip; in Regional Development/ Dip; in Financial Management/ Dip; in Business Accounting/Dip; in Marketing Management/ Dip; in Applied Statistics. |
| ၃ | ယွန်းပညာကောလိပ် | Diploma in Lacquerware Technology |

- ❖ သမဝါယမကောလိပ်များ စတင်တည်ထောင်ဖွင့်လှစ်သည့် ၁၉၉၆ ခုနှစ်မှ ယနေ့အထိ B.A(BS) ဘွဲ့ရရှိသူ (၃၄၁၄) ဦး၊ B.B.Sc ဘွဲ့ရရှိသူ (၂၃၃၈) ဦး၊ ဒီပလိုမာရရှိသူ (၈၅၁၆) ဦး ရှိပါသည်။
- ❖ ယွန်းပညာကောလိပ်မှ ဒီပလိုမာရရှိသူ (၈၈၉) ဦး မွေးထုတ်ပေးနိုင်ခဲ့ပါသည်။
- ❖ ကျောင်းဆင်းအများစုမှာ သမဝါယမအသင်းအဖွဲ့များ၊ ဝန်ကြီးဌာနများနှင့် ပြင်ပလုပ်ငန်း/ကုမ္ပဏီများတွင် လုပ်ကိုင်လျက်ရှိသည်။

## သမဝါယမဝန်ကြီးဌာနဝန်ထမ်းများ၊ အသင်းအမှုဆောင်များကို အရည်အသွေးမြှင့်တင်ပေးခြင်း



ဌာနဝန်ထမ်းများနှင့် သမဝါယမအသင်းအမှုဆောင်များ စွမ်းရည်မြှင့်သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။ အဆိုပါ သင်တန်းများတွင် လုပ်ငန်းများအောင်မြင် ရေးအတွက် အဓိကအရေးပါသည့် စိတ်ဓာတ်နှင့်ခံယူချက်ပြောင်းလဲရေး (Mindset Change) နှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးက အောက်ပါအချက်များ ဟောပြောပို့ချကာ လက်တွေ့လိုက်နာ ကျင့်သုံးစေလျက်ရှိပါသည်-

- ❖ ဝန်ကြီးဌာနက ချမှတ်ထားသည့် ဦးတည်ချက်၊ လုပ်ငန်းစဉ်များနှင့် ဆောင်ရွက်နေသည့် လုပ်ငန်းများကို အမှန်တကယ်ယုံကြည်ဆောင်ရွက်ရန်။
- ❖ "တာဝန်ကျေပွန်ခြင်းဖြင့် ဂုဏ်ယူပါ၊ စေတနာထား၍ အလုပ်လုပ်ပါ၊ စေတနာ၏အကျိုးကို မိမိပါခံစားရပါလိမ့်မည်" ဟူသော ဝန်ကြီးဌာန၏ ဆောင်ပုဒ်နှင့်အညီ လုပ်ငန်း၊ ဌာန၊ ပြည်သူအပေါ် စေတနာထား၍ အလုပ်လုပ်ရန်။
- ❖ မိမိတစ်ဦးချင်းအကျိုး၊ ဌာနအဖွဲ့အစည်းအကျိုး၊ အများပြည်သူအကျိုးကို သဟဇာတမျှတအောင်ထမ်းဆောင်ရန်။
- ❖ "မလုပ်၊ မရှုတ်၊ မပြုတ်" ဟုခံယူ၍ မျှောမလိုက်ဘဲ အလုပ်လုပ်ရာတွင် ထိုးထွင်းကြံဆဆောင်ရွက်ခြင်း (Initiative)၊ တက်ကြွစွာဆောင်ရွက်ခြင်း (Active)၊ စွမ်းအားရှိသမျှဆောင်ရွက်ခြင်း (Dynamic) တို့ဖြင့် လုပ်ကိုင်ဆောင်ရွက်ကြရန်။။
- ❖ ဝန်ထမ်းအဆင့်ဆင့်၊ သမဝါယမဦးစီးဌာနအဆင့်ဆင့်နှင့် သမဝါယမအသင်းအဆင့်ဆင့်တိုင်းက တာဝန်ယူမှု ၊ တာဝန်ခံမှု ၊ ပွင့်လင်းမြင်သာမှု၊ အားလုံးပါဝင်မှု၊ စာရင်းရှင်းခံနိုင်မှု၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ကောင်းမွန်စွာစီမံခန့်ခွဲ၊ ထိန်းကျောင်းတည့်မတ်နိုင်မှုနှင့် စည်းစနစ်ကျနမှန်ကန်စွာ ညွှန်ကြားဆောင်ရွက်နိုင်စွမ်းတို့ဖြင့် Good Cooperative Governance အဖြစ်ဆောင်ရွက်ရန်။
- ❖ သမဝါယမလုပ်ငန်းသည် ရုံးထိုင်လုပ်နေရန်မဟုတ်၊ ပြည်သူကြားသို့ ဝင်လုပ်ရမည့်အလုပ်ဟု ခံယူလုပ်ကိုင်ရန်။
- ❖ "Not only Business But also Social" ဆိုသည့်အတိုင်း မိမိတို့သည် သာမန်ဝန်ထမ်းမဟုတ်၊ ပြည်သူနှင့်ဆက်စပ်နေသော၊ ပြည်သူတို့၏ လူမှုဘဝ တိုးတက်နိုင်သမျှတိုးတက်အောင် လုပ်ကိုင်ရသည့်ဝန်ထမ်းဟုခံယူ၍ ပြည်သူဗဟိုပြု လုပ်ကိုင်ကြရန်။
- ❖ နိုင်ငံတကာတွင် သမဝါယမလုပ်ငန်းများအောင်မြင်နေသကဲ့သို့ မိမိတို့သမဝါယမလုပ်ငန်းများလည်း အောင်မြင်ရမည်ဟူသော ကောင်းသော ယှဉ်ပြိုင်မှုစိတ်ဓါတ်ဖြင့် ကြိုးပမ်းဆောင်ရွက်ရန်။
- ❖ မမှန်သောလုပ်ရပ်၊ မမှန်သောလမ်းကြောင်းလုပ်နေကြောင်း သိရှိနေသော်လည်း အချင်းချင်းမို့ဖေးမရမည်ဟူသော စိတ်၊ အယူအဆကိုပယ်၍ လမ်းမှန်ရောက်အောင် ပြုပြင်ဆောင်ရွက် ပေးရန်။
- ❖ ချမှတ်ထားသည့် သံမဏိစည်းကမ်းများကို မပျက်မကွက် လိုက်နာဆောင်ရွက်မည်ဆိုသည့် သန္နိဋ္ဌာန်စိတ်ထားရှိကြရန်။
- ❖ မိမိကိုယ်ကို အမြဲဝေဖန်ဆန်းစစ်လျက်၊ ဒီနေ့ထက်မနက်ဖြန်တွင် ပိုမိုကောင်းမွန်အောင် ဘယ်လိုကြိုးပမ်းလုပ်ဆောင်မလဲဆိုသည့်စိတ်ဓာတ် မွေးမြူ ဆောင်ရွက်ကြရန်။



### သမဝါယမဝန်ထမ်းများ၊ အသင်းအမှုဆောင်များမွမ်းမံသင်တန်းဖွင့်လှစ်နိုင်မှုအခြေအနေ

| စဉ် | ကျောင်းအမည် | သင်တန်းအမည် | ခုနှစ် | စုစုပေါင်း အကြိမ် | ဦးရေ |
|---|---|---|---|---|---|
| ၁ | သမဝါယမသင်တန်းကျောင်းများ (တောင်ကြီး၊ မကွေး၊ ပုသိမ်၊ မော်လမြိုင်) | ❖ အမှုထမ်းများအဆင့်မြင့် သမဝါယမသင်တန်း<br>❖ အမှုထမ်းများအခြေခံသမဝါယမသင်တန်း အသင်းအမှုဆောင်နှင့်<br>❖ အသင်းဝန်ထမ်းများသမဝါယမသင်တန်း | ၂၀၁၂-၂၀၁၃မှ<br>၂၀၁၄-၂၀၁၅ထိ | ၈<br>၄<br>၄ | ၃၁၇<br>၁၆၇<br>၁၅၈ |
| | | ပေါင်း | | ၁၆ | ၆၄၂ |
| ၂ | သမဝါယမ ကုန်သန်းရောင်းဝယ်ရေးသင်တန်းကျောင်းများ (ရန်ကုန်၊မန္တလေး၊မော်လမြိုင်) | ❖ အမှုထမ်းများအခြေခံသမဝါယမသင်တန်း<br>❖ အမှုထမ်းများ အဆင့်မြင့်သမဝါယမသင်တန်း | ၂၀၁၂-၂၀၁၃မှ<br>၂၀၁၄-၂၀၁၅ထိ | ၁၂<br>၃ | ၂၂၉<br>၆၀ |
| | | ပေါင်း | | ၁၅ | ၂၈၉ |
| | | စုစုပေါင်း | | ၃၁ | ၉၃၁ |



သမဝါယမဝန်ထမ်းများ
အသင်းအမှုဆောင်များ မွမ်းမံသင်တန်းဖွင့်လှစ်နိုင်မှု အခြေအနေပြဂရပ်

## "စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်ပေးမည့် သမဝါယမ"

- ❖ ၂၀၁၄ ခုနှစ် (၉၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့၏ဆောင်ပုဒ်မှာ "အားလုံးအတွက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ သမဝါယမလုပ်ငန်းများက ဆောင်ရွက်ပေး " ( Co - operative Enterprises Achieve Sustainable Development for all) ဟူ၍ဖြစ်သည်။
- ❖ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုသည်မှာ ထောက်ပံ့နိုင်စွမ်းရှိခြင်း၊ ထိန်းသိမ်းနိုင်စွမ်းရှိခြင်း (သို့မဟုတ်) တာရှည်ခံနိုင်စွမ်းရှိခြင်းဟု ယေဘုယျရှုမြင်ကြသည်။ လူတို့၏လိုအပ်ချက် ( Needs) အရ ပေါ်ပေါက်လာသည့် သမဝါယမသည် အခက်အခဲများကို ကြံ့ကြံ့ခံလျက် နှစ်ပေါင်းရာချီရပ်တည်ကာ ကမ္ဘာပေါ်ရှိ အမျိုးမျိုးသော သမဝါယမအသင်းသားအင်အား (၁) ဘီလီယံကျော်တို့၏ မိသားစု လူမှုဘဝလိုအပ်ချက်များကို တစ်ဖက်တစ်လမ်းက ထောက်ပံ့ဖြည့်စွမ်းလျက်ရှိကြသည်။
- ❖ မြန်မာ့ကျေးလက်နှင့် မြို့ပြနေအခြေခံပြည်သူအသင်းသားမိသားစု (၂) သန်းခန့်အား သမဝါယမအသင်းပေါင်း (၂၃၀၀၀) ကျော်က ကျပ်ဘီလီယံ (၂၀၀) ကျော် ပမာဏရှိ အသေးစားအရင်းအနှီးချေးငွေ လုပ်ငန်း၊ လယ်ယာသုံး၊ လုပ်ငန်းသုံးစက်ကိရိယာ အရစ်ကျရောင်းချခြင်းနည်းလမ်းများဖြင့် အထောက်အပံ့ပေးလျက်ရှိသည်။ ကျန်ရှိနေသည့် ကျေးလက်နှင့်မြို့ပြနေအခြေခံမိသားစု (၆) သန်းခန့်အားလည်း ၂၀၁၅ ခုနှစ်အတွင်း အားလုံးလွှမ်းခြုံမိသည်အထိ အဆိုပါလုပ်ငန်းများဖြင့် အကူအညီပေးလျက် နောင် (၄/၅) နှစ်အတွင်း မိမိဘာသာ ရပ်တည်နိုင်သော မိသားစု၊ (၁၀) နှစ်အတွင်း အားကောင်းသော သမဝါယမအသင်းသားမိသားစုများ ဖြစ်လာစေရန် စီမံဆောင်ရွက်လျက်ရှိသည်။
- ❖ သံကွင်းငယ်များပေါင်းစုပါက၊ အားကောင်းခိုင်မာသည့် သံကြိုးဖြစ်လာသကဲ့သို့ သမဝါယမအသင်းများ၊ အသင်းသားများ၏ ကုန်ထုတ်၊ ကုန်သွယ်၊ ဝန်ဆောင်မှုလုပ်ငန်းတို့ဖြင့် တိုင်းပြည်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အမှန်တကယ် အထောက်အကူပေးနိုင်ရန် မျှော်မှန်းဆောင်ရွက်လျက်ရှိပါသည်။
- ❖ မြန်မာ့သမဝါယမအသင်းများကို ကမ္ဘာတစ်လွှားရှိ အောင်မြင်ကြီးပွားနေသော သမဝါယမအသင်းများကဲ့သို့ဖြစ်တည်ပေါ်ပေါက်စေရန် ရည်မှန်းလျက် အဆင့်မြှင့်တင်တည်ဆောက်မှုကို "လူပုဂ္ဂိုလ်ရေးသည် သာမည၊ သမဝါယမအောင်မြင်ရေးသည် အဓိက၊ သမဝါယမမူဝါဒကို အခြေခံ၊ ကိုယ်ပိုင်ပစ္စည်းကဲ့သို့ လုပ်ဆောင်၊ စံနှုန်းများနှင့်ထိန်း၊ write off မရှိ၊ အလျှော့တွက် လက်မခံမူဝါဒ" စသည့် မူဝါဒ၊ ဆောင်ပုဒ်များနှင့်အညီ လိုက်နာဆာင်ရွက်စေလျက်ရှိသည်။
- ❖ ပစ္စည်းဥစ္စာတည်လိုပါလျှင်၊ ကြိုးစားရှာ၊ ကောင်းစွာစောင့်ရှောက်၊ ဝင်ပေါက်၊ ထွက်ပေါက်မျှတစေ၊ မိတ်ဆွေကောင်းကိုပေါင်းပါလေ"ဟူသော ကြီးပွားကြောင်းတရား (၄) ပါး ရှိပါသည်။ သမဝါယမဝန်ကြီးဌာနသည် ကျေးလက်နှင့် မြို့ပြနေ အခြေခံပြည်သူများအတွက် " ထာဝရမိတ်ဆွေကောင်း" အဖြစ်ရပ်တည်လျက် နိုင်ငံတော်အစိုးရ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်ပါ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး တနည်းအားဖြင့် ပြည်သူများအတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတာဝန်ကို ကျေပွန်အောင်အားသွန်ခွန်စိုက် ကြိုးပမ်းထမ်းဆောင်လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ကျန်းမာရေးဆောင်းပါး

# ကျန်းမာကြံ့ခိုင်တဲ့ ရင်သွေးငယ်ဖြစ်အောင်



**à wifkufkufZmf**

အမိဝမ်းတွင်းသန္ဓေသား ဘဝကတည်းက ပင် ပြည့်စုံလုံလောက်တဲ့အာဟာရတွေကို ရရှိနေဖို့ လိုပါတယ်။ ထို့အတူ အမိဝမ်းတွင်းမှ ကျွတ်လာပြီး ခြောက်လပြည့်တဲ့အထိ အာဟာရဓာတ်ပြည့်ဝတဲ့ နို့ချိုကို တိုက်ကျွေးနိုင်မှသာ ထိုကလေးငယ် လူလားမြောက်တဲ့အထိ ကိုယ်ခံစွမ်းအားကောင်း၍ ရောဂါကင်းဝေးနေမှာဖြစ်ပါတယ်။ ဒါကြောင့် နို့တိုက်မိခင်တစ်ယောက်ဟာ ကိုယ်ဝန်ဆောင်ကာလမှစ၍ ကလေးနို့မပြတ်မချင်း အစားပိုစားပေးရမှာဖြစ်သလို မိခင်ရော ကလေးအတွက်ပါ ကျန်းမာရေးကို အထောက်အကူဖြစ်စေတဲ့ အာဟာရပြည့်အစားအစာမျိုးကို ရွေးချယ်တတ်ဖို့ လိုပါတယ်။

သန္ဓေသား ကြီးထွားဖို့အတွက် လိုအပ်တဲ့ အာဟာရဓာတ်တွေကို မိခင်က ခွဲဝေပေးရတာကြောင့်နှင့် နောက်တစ်ခုကမီးဖွားပြီး ချိန်မှစ၍ ကလေးနို့မပြတ်သေးတဲ့အထိ၊ အရည်အသွေးပြည့်ဝတဲ့ မိခင်နို့ရည်ထွက်ရှိစေဖို့အတွက်လည်းကောင်း စသည့် အဓိကအကြောင်းရင်းနှစ်ရပ်ကြောင့် မိခင်လောင်းတွေဟာ သာမန်အချိန်မှာထက် ပို၍စားသောက်ဖို့ လိုအပ်ပါတယ်။ အကယ်၍ နို့တိုက်မိခင်တွေမလိုအပ်ဘဲ အစားရှောင်လွန်းလျှင် နို့ရည်ထဲမှာ ဗီတာမင်ဘီဝမ်း ချို့တဲ့သွားတာကြောင့် နို့စို့ကလေးမှာ သူငယ်နာ ဘယ်ရီဘယ်ရီရောဂါကြောင့် ရုတ်တရက် အသက်ဆုံးရှုံးနိုင်ပါတယ်။

**သန္ဓေသားနှင့် နို့စို့ကလေးကြီးထွားမှုအတွက်**

(၁) ပရိုတင်းအာဟာရလုံလောက်စွာရရှိစေဖို့ လိုပါတယ်။ အသား၊ ငါး၊ ပုစွန်၊ အသည်း၊ ဥအမျိုးမျိုး၊ နို့၊ ပဲအမျိုးမျိုး၊ ဂျုံ၊ လူး၊ ဆတ်၊ အာလူး၊ ပိန်းဥ၊ ကန်စွန်းဥတို့မှ ပရိုတင်းဓာတ်ကို အပြည့်အဝရရှိနိုင်ပါတယ်။

(၂) သန္ဓေသား၏ သွေးနှင့် ကြွက်သားများ ကောင်းစွာ တည်ဆောက်စေဖို့အတွက် သံဓာတ်ရရှိမှုက အရေးကြီးပါတယ်။ သံဓာတ်ကြွယ်ဝတဲ့ အစားအစာများဖြစ်ကြသော အသား၊ အသည်း၊ သွေး၊ ပဲအမျိုးမျိုးနှင့် အစိမ်းရင့်ရောင် ဟင်းရွက်တို့အပြင် သံဓာတ်အားဆေးကို ဖြည့်စွက်စာအဖြစ် သောက်သုံးပေးသင့်ပါတယ်။

(၃) သန္ဓေသားနှင့် နို့စို့ကလေး၏အရိုးနှင့်သွားများ တည်ဆောက်နိုင်ဖို့အတွက် မိခင်လောင်းအနေဖြင့် ထုံးဓာတ်ကြွယ်ဝသော နို့၊ အရိုးပါဝါး စားနိုင်သော ငါးကလေးများနှင့် အရည်ရွှမ်းသော အသီးများကို ပိုစားပေးရပါမယ်။

(၄) သန္ဓေသားနှင့် နို့စို့ကလေး၏ ကြီးထွားရေးနှင့် ဦးနှောက်ဖွံ့ဖြိုးရေးအတွက် အိုင်အိုဒင်းဓာတ်က အရေးကြီးပါတယ်။ ဒါကြောင့် ကိုယ်ဝန်ဆောင်မှာကတည်းကစ၍ မိခင်လောင်းအနေဖြင့် အိုင်အိုဒင်းဆားတစ်မျိုးတည်းကိုသာ စားသုံးပေးရမှာဖြစ်ပါတယ်။ (အငန်ကို ဆင်ခြင်၍ မှီဝဲပြီး အိုင်အိုဒင်းဆားကိုသာ စားသုံးရပါမယ်။)

(၅) သန္ဓေသားနှင့် နို့စို့ကလေး ကြီးထွားမှုအတွက် ဗီတာမင်အေက လိုအပ်နေပါတယ်။ ဗီတာမင်အေ လုံလောက်စွာရရှိစေဖို့ အသည်း၊ နို့၊ ဥအမျိုးမျိုး၊ သရက်သီးမှည့်၊ သင်္ဘောသီးမှည့်၊ လိမ္မော်သီး၊ ရွှေဖရုံသီးတို့လို အဝါရောင်သစ်သီးများ၊ ဒန့်သလွန်ရွက်၊ ကန်စွန်းရွက်၊ ဟင်းနုနယ်ရွက်၊ ကင်းပုံရွက်၊ ဘူးညွန့်၊ ပဲညွန့်တို့လို အစိမ်းရင့်ရောင် ဟင်းရွက်များ၊ ကန်စွန်းဥ၊ မုန်လာဥနီတို့လို အဝါနှင့် အနီရောင်သစ်ဥသစ်ဖုတွေကို မိခင်လောင်းက စားပေးပါ။

(၆) သံဓာတ်၊ ထုံးဓာတ်နှင့် အိုင်အိုဒင်းဓာတ်အပြင် အခြားသောသတ္တုဓာတ်များကိုလည်းကောင်း၊ ဗီတာမင်အေ အပြင် အခြားသော ဗီတာမင်များကိုလည်းကောင်း လုံလောက်စွာ ရရှိစေဖို့ အတွက် မိခင်လောင်းအနေဖြင့်အစားမရွေးဘဲ သား၊ ငါး၊ သီးနှံ စုံလင်မျှတအောင် စားပေးသင့်ပါတယ်။

(၇) ဗီတာမင်စီဓာတ်က အစားအစာများထဲမှာပါလာတဲ့ သံဓာတ်ကို အစာလမ်းကြောင်းကပို၍ ထိရောက်စွာ စုပ်ယူနိုင်အောင် အားပေးကူညီပေးပါတယ်။ ဒါကြောင့်ဗီတာမင်စီ ကြွယ်ဝတဲ့ အစားအစာများဖြစ်ကြသော ဆီးဖြူသီး၊ သံပရာရည်၊ သစ်တော်သီး၊ မန်ကျည်းသီး၊ ဒိန်ချဉ်၊ ချဉ်သော လိမ္မော်သီးများနှင့် အရသာချဉ်သော အသီးအရွက်တွေကို စားပေးပါ။

(၈) ဆီက အင်အားကိုဖြစ်စေတဲ့အပြင်၊ နှုတ်မြိန်စေတာကြောင့် တစ်ကြိမ်တည်းနှင့် အစာများများ မစားနိုင်တဲ့ ကိုယ်ဝန်ဆောင် မိခင်တွေဟာ မိခင်နှင့် သန္ဓေသားမှာလိုအပ်တဲ့ ကယ်လိုရီကို အပြည့်အဝရရှိစေရန်အတွက် နှမ်းဆီ၊ ပဲဆီတို့ကို အလုံအလောက် စားပေးသင့်ပါတယ်။

(၉) ကိုယ်ဝန်ဆောင်ကာလ ကတည်းကစ၍ နို့ချိုတိုက်ကျွေးချိန်အထိ၊ မိခင်ဖြစ်သူက သံဓာတ်နှင့် ဖောလစ်အက်ဆစ်ဆေးပြားများ မှန်မှန်မှီဝဲရပါမယ်။ ဗီတာမင်နှင့် သတ္တုဓာတ်များ စုံလင်စွာပါဝင်တဲ့ အားဆေးများကို ဆရာဝန်ညွှန်ကြားသည့်အတိုင်း မှန်ကန်စွာမှီဝဲခြင်းဖြင့် မိခင်နှင့် ကလေးကျန်းမာရေးအတွက် သောကကင်းဝေးစေပါလိမ့်မယ်။

(၁၀) နို့တိုက်မိခင်များ ငါးနှင့် အရွက်မျိုးစုံပါသော ဟင်းခါးရည်ကို အဝသောက်ခြင်းက မိခင်ရော ကလေးပါ အာဟာရဖြစ်စေပါတယ်။

**မိခင်နို့ချိုကို မွေးစမှစပြီး တိုက်ကျွေးပါ။**

(၁) မိခင်နို့ရည်ထဲမှာ မွေးစမှ ခြောက်လသားအရွယ်ထိ ကလေးငယ်အတွက် လိုအပ်တဲ့ အာဟာရဓာတ်တွေ စုံလင်မျှတစွာ ပါဝင်နေပါတယ်။

(၂) မိခင်နို့ရည်ဟာ သန့်ရှင်းပြီး ရောဂါပိုးမွှားကင်းစင်ပါတယ်။

(၃) မိခင်နို့ရည်ထဲမှာ ကလေးငယ်များအတွက် ခုခံ၊ ကာကွယ်၊ တိုက်ခိုင်နိုင်တဲ့ ဓာတ်များပါဝင်နေပါတယ်။

(၄) မိခင်နို့ရည်ကို အချိန်မရွေး အလွယ်တကူ တိုက်ကျွေးနိုင်ရုံသာမက၊ ငွေကုန်ကြေးကျလည်း သက်သာပါတယ်။

(၅) မိခင်နို့ရည်တိုက်ခြင်းဖြင့် မိခင်နှင့် ရင်သွေးငယ်တို့ကြားမှာ ချစ်ခြင်းမေတ္တာနှင့် သံယောဇဉ်ပို၍ ကြီးမားလာစေပါတယ်။

(၆) မိခင်နို့တိုက်ခြင်းက သားအိမ်ကိုကျုံ့စေပါတယ်။ မီးဖွားပြီး သွေးလွန်ခြင်းမှ ကာကွယ်ပေးတဲ့အပြင်၊ ရင်သားကင်ဆာဖြစ်နိုင်ခြင်း အန္တရာယ်ကို လျော့နည်းစေပါတယ်။

(၇) မိခင်နို့တစ်မျိုးတည်းကို အချိန်ပြည့် တိုက်ပေးပါက သားသမီးဝေးစေနိုင်ပါတယ်။ကလေးဆာတိုင်း နို့တိုက်ပါ။

(၁) မီးဖွားပြီး နာရီဝက်အတွင်း စောနိုင်သမျှစောစော မိခင်နို့ကို စတင်တိုက်ကျွေးရပါမယ်။

(၂) မီးဖွားပြီး ပထမ တစ်ရက်၊ နှစ်ရက်မှာ ထွက်လာတဲ့ နို့ရည်ကြည်(နို့ဦးရည်)ကို တိုက်ဖြစ်အောင်တိုက်ပေးခြင်းဖြင့် ကလေးငယ်အတွက် အာဟာရဓာတ်များ ကြွယ်ဝတဲ့အပြင် ရောဂါခုခံစွမ်းအားကိုလည်း ကောင်းစေပါတယ်။

(၃) ကလေးဆာတိုင်း နို့တိုက်ပါ။ ခဏခဏ တိုက်ပါ။

(၄) ကလေးငယ် ခြောက်လအထိ မိခင်နို့ချိုမှတစ်ပါး၊ အခြားမည်သည့် အရည်၊ အဖတ်မျှ ကျွေးစရာမလိုအပ်ပါဘူး။ အကယ်၍ ကျွေးမိပါက ကလေးငယ်မှာ အစာမကြေဖြစ်ခြင်း၊ ဝမ်းပျက်ခြင်းတွေဖြစ်လာနိုင်ပါတယ်။ ဒါ့ပြင် နို့စို့နည်းသွားပြီး၊ အာဟာရချို့တဲ့သွားနိုင်ပါတယ်။

**မိခင်နို့ရည်နှင့်အတူ ဖြည့်စွက်စာ**

ကလေးငယ် ခြောက်လသား အရွယ်ရောက်တဲ့အခါ၊ ကိုယ်အလေးချိန်က မွေးစကအလေးချိန်ထက် နှစ်ဆခန့်ဖြစ်လာတာကြောင့် မိခင်နို့ရည်တစ်မျိုးတည်း သောက်သုံးရုံမျှဖြင့် မလုံလောက်နိုင်တော့ပါဘူး။ ဒါကြောင့် ကလေးငယ် ခြောက်လပြည့်အရွယ်မှစ၍ ထမင်းစကျွေးပေးလို့ရပါပြီ။

(အသက် ခြောက်လအရွယ်မှာ) ဖွန်း နှင့်ချေထားသော ထမင်း၊ ဆန်ပြုတ်၊ ငှက်ပျောသီးမှည့်၊ သင်္ဘောသီးမှည့်တို့ ကျွေးပါ။

(အသက် ခုနစ်လအရွယ်မှာ) ထမင်း၊ နူးအောင်ချက်ထားသော အသား၊ ငါး၊ ပဲနှင့် ဟင်းရွက်များ၊ ဥအနှစ်၊ သစ်သီးမှည့်များ စသည်တို့ကို ကြေအောင်ချေပြီးမှ ကျွေးပါ။

(အသက် ရှစ်လ၊ ကိုးလအရွယ်မှာ) ထမင်းပျော့ပျော့၊ အသား၊ ငါးအတုံးသေးသေး၊ သစ်သီးမှည့်အတုံးသေးသေး၊ ဟင်းသီးဟင်းရွက်များကို နုပ်နုပ်စဉ်း၍ကျွေးပါ။

(အသက် ၁၀-လ၊ ၁၁-လ အရွယ်မှာ) ထမင်းပျော့ပျော့၊ အသား၊ ဥအမျိုးမျိုး၊ ပဲ၊ အသီးအရွက်မျိုးစုံကျွေးပါ။

(၁၂-လ အရွယ်မှာ) အပူ၊ အစပ်၊ အခါး နှင့် ငန်လွန်းသောအစာမှလွဲ၍ လူကြီးများ စားတဲ့အတိုင်း ကျွေးနိုင်ပါပြီ။

**မှတ်ချက်**

(က) ဖြည့်စွက်စာ ကျွေးရင်း မိခင်နို့ကို ကလေးငယ် အသက်နှစ်နှစ်အထိ ဆက်လက်တိုက်ကျွေးခြင်းက ကောင်းသော ဓလေ့ဖြစ်ပါတယ်။

(ခ) ကလေးကို သားငါးကျွေးလျှင် သန်ထမည်၊ အသီးအရွက်ကျွေးလျှင် ဝမ်းပျက်မည်ဆိုသော ယုံကြည်ချက်များမှာ (လုံးဝ) မှားယွင်းနေပါတယ်။ အသား၊ ငါးများဟာကလေးငယ်၏ကြီးထွားမှုအတွက် လိုအပ်တဲ့ပရိုတင်း အာဟာရဖြည့်တင်းပေးပါတယ်။ လတ်ဆတ်တဲ့ အသီးအရွက်များကို ကျွေးလျှင် ဝမ်းမပျက်စေပါဘူး။ သန်ကောင်ရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါများဟာ မသန့်ရှင်းမှုကြောင့် ဖြစ်လာရတာပါ။

(ဂ) ဆွတ်ဆွတ်ဖြူအောင် ကြိတ်ခွဲထားတဲ့ ဆန်များ၊ ရေနှင့် အထပ်ထပ်ဆေးခြင်း၊ ထမင်းရည်ငှဲ့၍ ချက်ခြင်းတို့က ဗီတာမင်ဘီဝမ်းအပါအဝင် အာဟာရဓာတ်တွေဆုံးရှုံးစေပါတယ်။

(မွေးတောင်ကြီး ခရီးသွားလုပ်ငန်းမှ စီစဉ်သည်)

သာကီနွယ် ဗုဒ္ဓဂယာ ဘုရားဖူးပို့ဆောင်ရေး

အပတ်စဉ် အောက်တိုဘာလမှ ဧပြီလကုန်အထိ ဗုဒ္ဓဟူးနေ့တိုင်းထွက်ရှိပါမည်။

ယခင် ~~(8) သိန်း~~ ယခု (7.5) သိန်း (၁၂) ရက်စရိတ်ငြိမ်း ၊ ယခင် ~~(9) သိန်း~~ ယခု (8.5) သိန်း (၁၅)ရက်စရိတ်ငြိမ်း

ဈေးနှုန်းလျှော့ချထားခြင်းသည် ခရီးသွားများသက်သာစေရန်နှင့်လှူဒါန်းရန်အတွက် ကုသိုလ်ယူပြီး စရိတ်ငြိမ်းပို့ ဆောင်ပေးခြင်းဖြစ်သည်။

အများနည်းတူ စားသောက်တည်းခိုမှု၊ ရန်ကုန်မှထွက်ခွါ ပြန်ရောက်သည့်အထိ မည်သည့်အပိုကြေးမှထပ်မံပေးသွင်းရန်မလို။

ခရီးစဉ်ရက်များ - Feb - 4,18 Mar - 4,11,18,25 Apr - 10,11

- အသွား၊ အပြန် လေယာဉ်လက်မှတ်
- အိန္ဒိယ၊ နီပေါ ဗီဇာကြေးအပါအဝင်
- ဂယာနှင့် နယူးဒေလီ (ဟိုတယ်တည်း)
- ဘုရားစုံ၊ နေရာစုံ၊ ဒေသစုံ
- (၁၆)ဦး (၁)ဦးအခမဲ့
- ခရီးစဉ်တိုင်းမည်သည့်အပိုကြေးမှထပ်မံပေးသွင်းရန်မလို

ရန်ကုန်(ရုံးချုပ်) – အမှတ်(၁၀၅)၊ ၁၂၃ လမ်း (အပေါ်)၊ သိမ်ဖြူကားမောင်းကွင်းရှေ့ ၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း ၀၁-၂၀၀၉၅၂၊၀၉-၅၂၁၁၄၀၂
မန္တလေးရုံးဖုန်း – ၀၂-၂၄၅၄၀ ၊ ၀၉- ၁၀၂၀၉၄၀၈ တောင်ကြီးရုံးဖုန်း – ၀၈၁-၂၀၀၁၇၃ ၊ ၀၈၁- ၂၁၂၂၄၀၂

Hot Line - 01-200952

**အမြန်ရောင်းမည်**

သိန်း ၃၁၀ (nett)၊ ပေ(၁၂½×၅၀)၊ ပြင်ဆင်ပြီး၊ (ပ)ထပ်၊ (အရှုပ်အရှင်းကင်း) ဘဝမြင့်ဈေးအနီး၊ သယ်န်းကျွန်း။
ဖုန်း-၀၉-၇၃၁၁၃၂၈၄

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးဇော်မိုးအောင် [၁၂/တတန(နိုင်)၀၂၂၇၉၂]ကိုင်ဆောင်သူ CDC-41726 ၏ DSD သင်္ဘောသားလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၄၅၄၂၃၄

**ပျောက်ဆုံးကြောင်း**

ကျွန်တော် တင်မင်းလတ်[၅/ရဘန(နိုင်)၁၄၃၆၂၃]ကိုင်ဆောင်သူ CDC-50755 ၏ P.S.C & R.Bနှင့် S.S.Aသင်္ဘောသားလက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၂၉၁၆၀၂၉

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၅)ရပ်ကွက်၊ မြေတိုင်းလမ်းမြေကွက်အမှတ်(၂၂၁)၊ အမည်ပေါက် ဦးစန်းမြင့် (MUN-၁၅၁၉၀၁) အမည်ဖြင့် အိုးအိမ်ပါမစ်မြေအား ဦးစန်းမြင့် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူဒေါ်လှမြင့်[၁၂/သဃက(နိုင်)၁၀၃၂၆၃]ထံမှ ကျွန်မ ဒေါ်ဝင်းသစ်နွယ် [၁၄/မမန(နိုင်)၁၅၄၆၀၄]ကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက (၇)ရက်အတွင်း စာချုပ်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ ဒေါ်ဝင်းသစ်နွယ်၊ အမှတ်(၁၂၇၂/၃၅)၊ ပင်လုံလမ်း၊ မြောက်ဒဂုံ။ ဖုန်း-၀၉-၅၀၇၃၃၇၇

**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

ဦးစွန်ဒရာဗေလန်-အိုင်ပီနီရ်မာလာတို့၏သား မောင်အောင်နိုင်ဝင်း[၁၂/စခန (နိုင်)၀၇၃၇၀၄] သည် မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကိုတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။ ဦးစွန်ဒရာဗေလန်[၁၂/စခန(နိုင်)၀၅၃၈၂၆]

**ကား မျိုးစုံ**

(Alphard/Crown/MarkII/အခန်းတော်/Hiace ၉/၁၃ယောက်စီး၊ ၂၄/၂၆/၃၃/၄၅/၄၉ ယောက်စီး) များကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များကိုယ်တိုင် ရှိသောသောဈေးနှုန်းဖြင့်အငှားလိုက်ပါသည်။
Ph : 09795549249, 095418126

**ကြော်ငြာစာ**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ် (ညည-၉၂)၊ ဦးပိုင် (၆၈)၊ ၄၄×၄၅ လမ်းကြား၊ အောင်ဆန်းနှင့် ဗထူးလမ်းကြားရှိ ဦးဘိုရီအမည်ဖြင့် ချထားပေးသော မြေကွက်အား ဒေါ်ခိုင်မေလတ် [၉/မရတ(နိုင်)၁၂၁၃၄၇]မှ မြေရာချထားမိန့်၊ တရားရုံး ကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်း များ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းရေးရာ

## နွေစပါးပုလဲသွယ်စံပြကွက်များစတင်စိုက်ပျိုး

**ကဝ ဒီဇင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး၌ ၂၀၁၄-၂၀၁၅ ခုနှစ် နွေစပါးရာသီတွင် တောင်သူပညာပေးပုလဲသွယ်စံပြကွက်များကို စတင်စိုက်ပျိုးလျက်ရှိရာ ပဲခူးခရိုင် ကဝမြို့နယ် ခမွန်ကံကြီးကျေးရွာတွင် ကွင်းအမှတ် ၁၀၃၈ ရှိ တောင်သူ ဦးပေါက်တူး(ပါ) တောင်သူငါးဦး၏ ပုလဲသွယ်စံပြကွက် ဧက ၁၀၀ စိုက်ပျိုးပွဲကို ဒီဇင်ဘာ ၁၆ ရက် နံနက် ၈ နာရီခွဲတွင်လည်းကောင်း၊ အုန္နဲကျေးရွာ ကွင်းအမှတ် ၁၀၁၆ ရှိ တောင်သူ ဦးဌေးအောင်၏ နွေစပါးပုလဲ သွယ် ၁၀ ဧက စံပြကွက်တွင် GAP စနစ်ဖြင့် ချက်ချင်းနှုတ်၊ ချက်ချင်းစိုက်ပျိုးပြသပွဲနှင့် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးပြသခြင်းတို့ကို ကျင်းပခဲ့သည်။

ပုလဲသွယ်စံပြကွက်စိုက်ပျိုးပွဲ အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဦး တင်စိုးက ပုလဲသွယ်ဧက တိုးချဲ့စိုက်ပျိုးရေးကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ရန် ပြောကြားသည်။ ထို့နောက် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှမြင့်က သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် ၁၄ ချက်တို့ကို တိကျစွာလိုက်နာဆောင်ရွက်နိုင်ပါက တစ်ဧကတင်း (၂၀၀) ထွက်ရှိနိုင်ကြောင်း တောင်သူလယ်သမားများစိတ်ဝင်စားစွာ ဆောင်ရွက်နိုင်ရန်နှင့် စိုက်ပျိုးရေးဦးစီးဌာနမှလည်း စဉ်ဆက်မပြတ်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီးတွင် ပုလဲသွယ်ဧက ၂၀၀၀၀ ပြည့်မီအောင် ဆက်လက်စည်းရုံးဆောင်ရွက်နေကြောင်း မြို့နယ်တိုင်းတွင် ပုလဲသွယ်ဧက ၅၀ နှင့် ဧက ၁၀၀ စံပြကွက်များ စိုက်ပျိုးရန် စည်းရုံးပြီးဖြစ်ကြောင်း၊ စက်မှုလယ်ယာဦးစီးမှူးက ကောက်စိုက်စက်များ၏ အားသာချက်များကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါနွေစပါးပုလဲသွယ်စံပြကွက်များကို စိုက်ပျိုးခြင်း အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီး၊ ကဝမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ခရိုင်အဆင့်ဌာနဆိုင်ရာများနှင့် စိုက်ကြပ်အဖွဲ့ဝင်များ၊ တောင်သူလယ်သမားများ စုစုပေါင်း ၂၀၇ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

**ဟံသာဝတီစိုက်ပျိုးရေး**

## ဟန်လင်းပျူမြို့ဟောင်းသွား ဟန်လင်း–စိုင်နိုင်လမ်း ကတ္တရာလမ်းခင်းပြီးစီး

**ဝက်လက်၊ ဒီဇင်ဘာ ၁၈**

ကမ္ဘာ့အမွေအနှစ်သမိုင်းဝင် ဟန်လင်းပျူမြို့ဟောင်းသို့သွားသော ဟန်လင်း-စိုင်နိုင်လမ်း အရှည် ၁၁ မိုင်နှစ်ဖာလုံအား ကတ္တရာလမ်းခင်းခြင်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၁၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၆၉၂ ဒသမ ၃၀၇ သန်းဖြင့် ဆောင်ရွက်လျက်ရှိရာ ယခုအချိန်တွင် ပြီးစီးပြီဖြစ်သည်။

အဆိုပါ လမ်းခင်းခြင်းကို ယင်းခွင့်ပြုငွေဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တင်ဒါစနစ်ဖြင့် ချပေးထားသော Myanmar Land ကုမ္ပဏီ Tech Friend ကုမ္ပဏီနှင့် ကောင်းနေကုမ္ပဏီတို့က ကုမ္ပဏီတစ်ခုလျှင် သုံးမိုင်ခြောက်ဖာလုံစီဖြင့် တာဝန်ခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့ အရင်က ဟန်လင်းကို ဒီလမ်းက သွားရင်လမ်းကမကောင်းတော့ အချိန်မရွေးသွားမရပြန်ဘူး။ သွားရတဲ့အချိန်ကျတော့ လမ်းကမကောင်းတော့ သွားရတာ အဆင်မပြေဘူး။ အခုကတ္တရာလမ်းခင်းပေးတော့ အချိန်မရွေးသွားလာနိုင်တော့အများကြီး အဆင်ပြေပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။ **နန်းမြင့်(ဝက်လက်)**

# ကုက္ကိုလ်–တင်သားလမ်း နှင့် ရေရှင်–ကြံသာလမ်းအား ကျောက်ချောလမ်းအဖြစ်လုပ်ငန်းများဆောင်ရွက်မည်

**ကလေး၊ ဒီဇင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် မြစ်သာမြစ်အရှေ့ဘက်ခြမ်း ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကုက္ကိုလ်-တင်သားလမ်းနှင့် ရေရှင်-ကြံသာလမ်းများကို ကျောက်ချောလမ်းဖောက်လုပ်ခြင်း၊ မြေသားလမ်းဖောက်လုပ်ခြင်းများနှင့် မြေသားတာပေါင်တင်ခြင်း လုပ်ငန်းများ၊ ကျေးရွာချင်းဆက် တံတားများ တည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ကလေးမြို့ မြစ်သာမြစ် အရှေ့ဘက် ကျေးရွာ ၁၈ ရွာ၊ အိမ်ခြေ ၅၂၁၀ ခန့်နှင့် လူဦးရေ ၂၅၆၉၉ ဦးခန့်ရှိကြောင်း သိရသည်။

"မိုးရာသီဆို မြို့နှင့်အဆက်အသွယ်ပြတ်သွားပါတယ်။ လာမယ်ဆိုရင်လည်း စက်လှေတွေ အဆင့်ဆင့်စီးပြီး လာရပါတယ်။ မြစ်သာမြစ်ကို ဖြတ်ရတယ်။ ချောင်းတွေဖြတ်ပြီး ယာခင်းအတွင်း ခက်ခက်ခဲခဲ လာရပါတယ်။ ဒါကြောင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ဖို့ဆိုပြီး ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ တင်ပြထားပြီးဖြစ်ပါတယ်" ဟု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင်က ပြောသည်။

ကလေးမြို့နယ် ကုက္ကိုလ်-တင်သားလမ်းသည် အရှည်သုံးမိုင်၊ အကျယ် ၁၅ ပေရှိပြီး မြေသားလမ်းဖြစ်ပြီး အရှည်တစ်မိုင်မှာ လယ်မြေနှင့်ကျန်နှစ်မိုင်မှာ ယာခင်းများဖြစ်ကာ မြေသားလမ်းအဆင့်မြှင့်တင်ခြင်းသုံးမိုင် ငွေကျပ် ၄၂ သန်း၊ ကျောက်ချောလမ်းသုံးမိုင် ငွေကျပ် ၁၁၂ ဒသမ ၂၀ သန်း၊ သစ်သားတံတားလေးစင်းအတွက် ငွေကျပ် ၂၅ သန်းနှင့် ရေရှင်-ကြံသာလမ်းမှာ အရှည်လေးမိုင်၊ အကျယ် ၂၄ ပေရှိ ချောင်းသဲကျောက်လမ်းဖြစ်သော်လည်း လမ်းသားနိမ့်နေသည့်အတွက် မြေသားတာပေါင်တင်ပြီး လေးမိုင်အတွက် ကျပ် ၅၆ သန်း၊ ကျောက်ချောလမ်းခင်းရန် ၁၄၉ ဒသမ ၆၀ သန်း၊ သစ်သားတံတားရှစ်စင်း ငွေကျပ် ၁၀၇ ဒသမ ၅၀ သန်း ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

ကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် ၄၂၇ ဒသမ ၄၃၈ သန်းဖြင့် ကျောက်ချောလမ်းကိုးမိုင်၊ လေးဖာလုံနှင့် မြေသားလမ်း ၁၀ မိုင် ခြောက်ဖာလုံတို့အား ဆောင်ရွက်ရန်ခွင့်ပြုထားပြီးဖြစ်ကြောင်း သိရသည်။ **လင်းလက်ကြယ်စင်**

# ဝါးအခြေခံ လက်မှုအထည်သင်တန်း ဆောမြို့တွင် ဖွင့်လှစ်

**ဆော၊ ဒီဇင်ဘာ ၁၈**



တောတောင်ထူထပ်ပြီး သစ်ဝါးများပေါများသည့် ဂန့်ဂေါခရိုင်တွင် ဒေသထွက်ဖြစ်သည့် ဝါးကို အခြေခံ၍ လူသုံး၊ အိမ်သုံးပစ္စည်းများနှင့် အလှဆင်ပစ္စည်းများထုတ်လုပ်နိုင်ရန် မကွေးတိုင်းဒေသကြီး သမဝါယမ ဦးစီးဌာနကကြီးမှူး၍ ဂန့်ဂေါခရိုင် ဆောမြို့နယ် သမဝါယမ ဦးစီးဌာန၌ ဝါးအခြေခံ လက်မှုအထည်သင်တန်းကို ဒီဇင်ဘာ ၁ ရက်မှ ၁၅ ရက်အထိ ဖွင့်လှစ်ခဲ့ရာ ဂန့်ဂေါခရိုင်အတွင်းရှိ ဂန့်ဂေါ၊ ထီးလင်း၊ ဆောမြို့နယ်များမှ သင်တန်းသား ၆၀ တက်ရောက်ခဲ့ကြောင်းသိရသည်။

သင်တန်းတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ယွန်းပညာကောလိပ်မှ လက်ထောက်ကထိက ဦးချစ်ချစ်၊ မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဆယ်တင်၊ ဆောမြို့နယ် သမဝါယမ ဦးစီးဌာနမှူး ဒေါ်ခင်အေးကြူနှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက် ဆွေးနွေးပို့ချခဲ့ကြသည်။

အဆိုပါသင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၁၅ ရက်က ကျင်းပရာ တက်ရောက်လာကြသည့် မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမျိုးမျိုးအောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များနှင့် ထီးလင်းမြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဂန့်ဂေါမြို့နယ် သမဝါယမအသင်းစု အုပ်ချုပ်မှုဒါရိုက်တာ ဦးမြင့်ထွေးတို့သည် သင်တန်းသားများက ဝါးကိုအခြေခံ၍ လက်တွေ့ ပြုလုပ်ထားသည့် ခေတ်ပုံဘောင်၊ ပစ္စည်းထည့်ဘူး၊ ဝါးသေတ္တာနှင့် မှန်တင်ခုံတို့အပါအဝင် လက်တွေ့ဆောင်ရွက်ထားသည့် ပစ္စည်းများကို လေ့လာကြည့်ရှု အားပေးကြကြောင်းနှင့် ထူးချွန်သင်တန်းသားများအား ဆုများ ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **၄၆၅**

## နှမ်းအထွက်နှုန်းကျသော်လည်း ဈေးကောင်းရရှိ

**ရေနံချောင်း၊ ဒီဇင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်ရှိ ကုန်စည်ဈေးကွက်သို့ နှမ်းများ အသစ်ဝင်လျက်ရှိရာ ယခုနှစ်ရာသီဥတု ပြောင်းလဲမှုကြောင့် နှမ်းများ အထွက်နှုန်းကျဆင်းခဲ့ကြောင်း သိရသည်။

ထိုသို့ရာသီဥတုကြောင့် နှမ်းအထွက်နှုန်းကျဆင်းသော်လည်း လက်ရှိ တရုတ်နိုင်ငံမှ ဝယ်လက်အပြင် ကိုရီးယား Export ဝယ်လက်များ ပါရှိလာသောကြောင့် ပြည်တွင်းအခွံချွတ် လှော်ထောင်းများနှင့် ဆီစက်များကပါ အဆိုပါဈေးကွက်နှင့် အပြိုင် ဝယ်နေရကြောင်းသိရသည်။

ယခုနှစ် နှမ်းဈေးမှာ လက်ရှိတွင် ဆီတစ်ပိဿာဈေးနှင့်အညီ ၁၅ ပိဿာကို ကျပ် ၄၇၀၀၀မှ ကျပ် ၅၀၀၀၀ အထိ မြင့်တက်လျက်ရှိကြောင်းသိရသည်။

**ငြိမ်းငြိမ်းအိ(ပြန်/ဆက်)**


CROWN EDUCATION Yangon • Myanmar

AMERICAN COLLEGE PROGRAM
(The world most recognised University Preparation Program)

အမေရိကန် ပညာသင်ထောက်ပံ့ကြေးနှင့် တက္ကသိုလ်ကြီးများဝင်ခွင့်လျှောက်ထားနိုင်သည့် ACT စာမေးပွဲအတွက်ပါပြင်ဆင်ပေးမည့်ပရိုဂရမ်ဖြစ်ပါသည်။

- ဤပရိုဂရမ်သည် GCE 'A', Grade 12 တို့နှင့် ညီမျှပြီး အမေရိကန်မှ လက်မှတ်ထုတ်ပေးမည့်ပရိုဂရမ်ဖြစ်ကာ SAT ဖြေဆိုစရာမလိုပဲ အမေရိကန်တက္ကသိုလ်များသို့ ဝင်ခွင့်တိုက်ရိုက်လျှောက်ထားနိုင်သည့်အပြင် State University of New York, University of South Florida ကဲ့သို့သောတက္ကသိုလ်များမှ Credit 31 မှ 39 ကို ကင်းလွတ်ခွင့်ပေးပါသည်။
- မြန်မာပြည်တွင် (၁၀)လပြီးဆုံးပါက စင်ကာပူတွင် (၂)နှစ်ဖြင့်ဘွဲ့ရရှိမည်ဖြစ်ပါသည်။ အင်္ဂလန်၊ဩစတြေးလျတက္ကသိုလ်ကြီးများတွင် foundation တက်စရာမလိုပဲ တက္ကသိုလ်ပထမနှစ်သို့ ဆက်လက်တက်ရောက်နိုင်ပါမည်။ဤပရိုဂရမ်သင်ယူပြီးဆုံးမှ မိမိတို့နှင့်သင့်လျော်သော အထူးပြုဘာသာရပ်ကို ရွေးချယ်တက်ရောက်နိုင်ပါသည်။
- မြန်မာပြည်တွင် Foundation ပြီးဆုံးသူများ သတ်မှတ် အရည်အချင်း ပြည့်မီပါက အောက်ပါတက္ကသိုလ်များတွင် Foundation ထပ်မံ တက်ရောက်စရာမလိုပဲ တက္ကသိုလ် ပထမနှစ်သို့ တိုက်ရိုက် တက်ရောက်နိုင်သဖြင့် အချိန်နှင့်ငွေ အကုန်အကျ များစွာသက်သာပြီး မိမိစိတ်ကြိုက်နိုင်ငံ၊ မိမိတို့နှင့် သင့်လျော်သော တက္ကသိုလ်များကိုရွေးချယ်တက်ရောက်နိုင်ပါသည်။

ဝင်ခွင့်စာမေးပွဲကို CROWN Education တွင် ဖြေဆိုနိုင်ရန် စာရင်းပေးသွင်းနိုင်ပါသည်။

| USA | | AUSTRALIA | UK | SINGAPORE | BANGKOK |
|---|---|---|---|---|---|
| .State University of New York (SUNY) Albany | .Iowa State University | .RMIT University | .Newcastle University | .PSB Academy | .Bangkok University |
| .State University of New York (SUNY) Fredonia | .Johnson & Wales University | .Macquarie University | .Kingston University, London | .James Cook University | .Rangsit University |
| .Oklahoma State University | .University of Maine | .University of Newcastle | .University of Huddersfield | .Singapore Institute of Management | .University of the Thai Chamber of Commerce (IC-UTCC) |
| .University of Arkansas | .University North Alabama | .University of Wollongong | .University of Sussex | .Curtin Singapore | |
| .University of Georgia | .University of Oklahoma | .Griffith University | .Brunel University | | |
| .University of Iowa | .Berkeley College | .University of Adelaide | .University of Hertfordshire | | |
| | .Webster University | .Edith Cowan University | .University of Portsmouth | | |
| | .Johnson & Wales University | .Murdoch University | .Swansea University | | |

Call us:
01 527 838
09 730 40 688
09 732 56 965

ACT EDUCATION SOLUTIONS, LIMITED

GLOBAL ASSESSMENT CERTIFICATE

အမေရိကန်၊ အင်္ဂလန်၊ ဩစတြေးလျ တက္ကသိုလ်ကြီးများ၏ ပထမနှစ်သို့ တိုက်ရိုက်တက်ရောက်နိုင်သော ပရိုဂရမ်ဖြစ်ပါသည်။

# ကျေးရွာချင်းဆက်လမ်းလုပ်ငန်း မတူပီ၌ ဆောင်ရွက်

**မတူပီ၊ ဒီဇင်ဘာ ၁၈**

ချင်းပြည်နယ် မတူပီမြို့နယ်အတွင်း ၂၀၁၄ -၂၀၁၅ ဘဏ္ဍာရေးနှစ်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေဖြင့်ဆောင်ရွက်လျက်ရှိသည့် မတူပီ-အမ်ဆွေး-မာဒူး-ဝေလူးကျေးရွာချင်းဆက် မြေသားလမ်းသစ်အရှည် (၁၈/၁) မိုင် တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၁၆ ရက်က မင်းတပ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးခိုင်ထွန်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ မြေသားလမ်းတူးဖော်ခြင်းလုပ်ငန်းအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းခွင့်ပြုငွေကျပ် ၂၈၉ ဒသမ ၇၅၀ သန်းဖြင့် ချင်းကျင်ရှန်းကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ မြေသားလမ်းသစ်တူးဖော်ခြင်းလုပ်ငန်း ပြီးစီးပါက လမ်းကြောင်းတစ်လျှောက်ရှိ ကျေးလက်နေပြည်သူ အိမ်ခြေ ၂၉၀နှင့် လူဦးရေ ၂၅၇၉ ဦး တို့အတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပြီး စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးအစရှိသည့် ဒေသဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**ဇိုဟေဆာ**



ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးတင်ရွှေ၊ ဒုဦးစီးမှူးနှင့် ကွင်းဝန်ထမ်းများ၊ အုပ်အုပ်ချုပ်ရေးမှူးနှင့် တောင်သူများသည် ဒီဇင်ဘာ ၁၅ ရက်က ပန်းတောင်းမြို့နယ် နတ်မောင် အုပ်စု ညောင်ကုန်းကျေးရွာ၊ ကွင်းအမှတ် (၉၇) ဦးပိုင်အမှတ် (၁၁၀) တောင်သူ ဦးညွန့်ရွှေ၏ ရေကျနောက်စိုက် မိုးစပါးဆင်းသွယ်လတ်မျိုးသန့်(၅) ဧကစိုက်ကွင်းတွင် မိုးစပါးစံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧက (၉၃)တင်း ထွက်ရှိကြောင်းသိရသည်။

သတင်း၊ ဓာတ်ပုံ-ထွဋ်မှုအောင်လွင်

# ငွေချည်(၉) ချည်မျှင်ရှည် ဝါစိုက်ခင်းတောင်သူပညာပေး ကွင်းပြပွဲကျင်းပ

**သရက်၊ ဒီဇင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ထုံးတောင်အုပ်စု တောင်သူဦးတင်လှိုင်၏ ကွင်းအမှတ်(၃) ဦးပိုင်အမှတ်(၅၄)ရှိ ငွေချည်(၉) ချည်မျှင်ရှည်ဝါစံပြစိုက်ခင်း၌ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနက ကြီးမှူး၍ တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကို ဒီဇင်ဘာ ၁၅ ရက် နံနက်၁၀ နာရီခွဲကကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဒေါ်နွေနွေဝင်းက အထွက်နှုန်း ကောင်းမွန်ပြီး ပိုးမွှားရောဂါဒဏ်ခံနိုင်ရည်ရှိ၍ ရေမြေဒေသရာသီဥတုနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်ပြောင်းလဲစိုက်ပျိုးရေးတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်လှိုင်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုလျှော့ချရေးများကို တောင်သူများအား ဆွေးနွေးပြီးနောက် မြို့နယ်ဦးစီးမှူး ဦးနေဝင်းက ဝါသီးနှံအထွက်နှုန်းတိုးတက်ရေး သိပ္ပံနည်းကျ စိုက်နည်းစနစ် ၁၀ ချက် နှင့် ငွေချည် (၉) ချည်မျှင်ရှည်ဝါစမ်းသပ်စိုက်ပျိုး ဖြစ်ထွန်းနေမှုနှင့် တွေ့ရှိသည့်အခြေအနေများကို ဆွေးနွေး၍ တောင်သူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**နန်းမောင် (သရက်)**

# မော်လိုက်မြို့၌ ကာကွယ်ဆေးထိုးနှံခြင်းဆိုင်ရာ အသိပညာပေးရှင်းလင်း

**မော်လိုက်၊ ဒီဇင်ဘာ ၁၈**

အစုလိုက် ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးနှံခြင်းဆိုင်ရာ အသိပေးရှင်းလင်းပွဲကို ဒီဇင်ဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် မော်လိုက်ခရိုင်ပြည်သူ့ဆေးရုံရှိ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ ကြောင်းသိရသည်။

ယင်းအခမ်းအနားတွင် ခရိုင်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဆန်းလွင်ဦးက တက်ရောက်လာကြသော ခရိုင်/ မြို့နယ် ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ကျန်းမာရေး လုပ်သားများနှင့် အုပ်ချုပ်ရေးမှူးများအား ကာကွယ်ဆေးထိုးနှံခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် လက်ထောက်ဆရာဝန် ဒေါက်တာဝင်းလတ်နှင့် မြို့နယ်ကျန်းမာရေးမှူးတို့က အစုလိုက် ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေးထိုးနှံခြင်းနှင့် ပတ်သက်၍ပြောကြားခဲ့သည်။

**မော်လိုက်သားလေး**



မွန်ပြည်နယ် သထုံခရိုင် ကျိုက်ထိုမြို့နယ်တွင် ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်စေရေးအတွက် မြို့နယ်လျှပ်စစ်မှ တာဝန်ရှိသူများက ပြည်သူ့ဈေးအရှေ့ရှိ ၄၀၀ ဗို့ ဓာတ်အားလိုင်းများကို Link Connection များ အောက်တိုဘာ ၁၆ ရက်က လိုက်လံတပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ- ကြေးမုံ

# ဆင်ခြေထောက်ရောဂါကာကွယ်ရေး လူကုန်ဆေးကျွေးခြင်းလုပ်ငန်းဆောင်ရွက်

**နေပြည်တော်၊ ဒီဇင်ဘာ ၁၈**

နေပြည်တော်ကောင်စီ နယ်မြေအတွင်း ဆင်ခြေထောက်ရောဂါကင်းဝေးရေးအတွက် လူကုန်ဆေးကျွေးခြင်းလုပ်ငန်းကို ယနေ့ညနေမှစတင်ပြီး တိုက်ကျွေးလျက်ရှိရာတွင် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်၌ နေပြည်တော်ကောင်စီ ကျန်းမာရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဒေါက်တာလှလှကြည်ဦးဆောင်သော အဖွဲ့မှ အိမ်တိုင်ရာရောက်သွားရောက်ဆေးတိုက်ကျွေးလျက် ဆေးတိုက်ကျွေးရခြင်း၏ ရည်ရွယ်ချက်နှင့် ဆင်ခြေထောက်ရောဂါအကြောင်းကို အသေးစိတ်ရှင်းပြရာတွင် ဆင်ခြေထောက်ရောဂါသည်သွေးကြောတွင် နေသော သန်ကောင်အမျိုးအစားကပ်ပါးပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ကြောင်း၊ ယင်းရောဂါပိုးကို ခြင်ကိုက်ခြင်းဖြင့် ကူးစက်နိုင်ကြောင်း၊ ဆင်ခြေထောက်ရောဂါပိုးကို သယ်ဆောင်သည့်ခြင်သည် ရေပုပ်ရေသိုးမြောင်းများ၊ မလုံခြုံသော အိမ်သာကျင်းများတွင် ပေါက်ပွားလေ့ရှိကြောင်းနှင့် ညအချိန်တွင် ကိုက်လေ့ရှိကြောင်း၊ ထို့ကြောင့် ယင်းဆေးကိုသောက်ထားလျှင် ရရှိနိုင်သော အကျိုးကျေးဇူးများမှာ ဆင်ခြေထောက်ပိုးရှိသူများ၊ ရောဂါငုပ်နေသူများအတွက် ရောဂါကုသပြီးရာရောက်ကြောင်း၊ ရောဂါပိုးမရှိဘဲ ဆေးသောက်ထားသူများအတွက်လည်း ဆေးအာနိသင်ကြောင့် ရောဂါကာကွယ်ပြီးသားဖြစ်သွားမည်ဖြစ်ကြောင်း၊ နောင်သားစဉ်မြေးဆက် ရောဂါကူးစက်မှုမရှိနိုင်တော့သည့်အတွက် ဆေးကို လူကုန်တိုက်ကျွေးရခြင်းဖြစ်ကြောင်း၊ ဆေးတိုက်ကျွေးရခြင်း၏ ယေဘုယျရည်မှန်းချက်မှာ ၂၀၂၀ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး ဆင်ခြေထောက်ရောဂါကင်းဝေးစေရန်နှင့် ဝိဝေသရည်မှန်းချက်မှာ လူကုန်ဆေးတိုက်ကျွေးခြင်းလုပ်ငန်း လွှမ်းခြုံမှုကို မိမိမြို့နယ်အတွင်း ဧရိယာလွှမ်းခြုံမှု ၁၀၀ ရာခိုင်နှုန်းရရှိရန်နှင့် လူဦးရေလွှမ်းခြုံမှု ၉၅ ရာခိုင်နှုန်းအထက်ရရှိရန် မြို့နယ်အတွင်း ငါးနှစ်ဆက်တိုက် ဆေးတိုက်ကျွေးပြီးသောအခါ လူ ၁၀၀၀ တွင် ရောဂါတွေ့နှုန်းတစ်ဦးထက် လျော့နည်းစေရန် ရည်မှန်းချက်ထားကြောင်း၊ မြို့နယ်တွင် အိမ်ခြေ ၅၀ လျှင် အဖွဲ့ တစ်ဖွဲ့စီ ဖွဲ့စည်း၍ ဆေးတိုက်အဖွဲ့မှ အိမ်တိုင်ရာရောက်သွားရောက်၍ မျက်စိအောက်တွင် တိုက်ရိုက်ကြည့်ရှုတိုက် ကျွေးသောစနစ်နှင့် တိုက်ကျွေးကြောင်း၊ ဆေးတိုက်ကျွေးခြင်းလုပ်ငန်းကိုတစ်ပတ်အတွင်း ပြီးစီးအောင်ဆောင် ရွက်မည်ဖြစ်၍ အိမ်ခြေ ၅၀ အနက် တစ်ရက်လျှင် ၁၀ အိမ်ခန့် မိမိတို့ အဖွဲ့မှ စနစ်တကျ တိုက်ကျွေးမည်ဖြစ်သောကြောင့်လူဦးရေ ၉၅ ရာခိုင်နှုန်းကို စံချိန်မီလွှမ်းခြုံနိုင်စေရန် ပြည်သူတစ်ရပ်လုံးမှလည်း တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရန် အမျိုးသားရေးတာဝန် တစ်ရပ်အနေနှင့် ဆင်ခြေထောက်ရောဂါကာကွယ်ဆေးကို သောက်ထားသင့်ကြောင့်ကို နေပြည်တော်ကောင်စီကျန်းမာရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်လှလှကြည်မှပြောကြားသည်။

**သန်းနိုင်(ဇမ္ဗူသီရိ)**

## စိုက်ပျိုးရေးတက္ကသိုလ် နှစ်(၉၀)ပြည့် နဝရတ်ရတုသဘင်အထိမ်းအမှတ်နှင့် (၁၆)ကြိမ်မြောက် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲအခမ်းအနားအစီအစဉ်များ

| စဉ် | နေ့ရက် | အစီအစဉ် | နေရာ | အချိန် |
|---|---|---|---|---|
| ၁။ | ၂၂-၁၂-၂၀၁၄ (တနင်္လာနေ့) | နှစ်(၉၀)ပြည့်အထိမ်းအမှတ် အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း | စိန်ရတုဓမ္မာရုံ၊ YAU | နံနက် ၆း၀၀ နာရီ |
| ၂။ | ၂၃-၁၂-၂၀၁၄ မှ ၂၄-၁၂-၂၀၁၄ | စိုက်ပျိုးရေးဆိုင်ရာ သုတေသန စာတမ်းဖတ်ပွဲ ကျင်းပခြင်း။ | စုဝေးခန်းမ၊ YAU | နံနက် ၈း၀၀ နာရီ |
| ၃။ | ၂၇-၁၂-၂၀၁၄ (စနေနေ့) | ကွယ်လွန်သွားသော ဆရာကြီး၊ ဆရာမကြီးများနှင့် ဘွဲ့ရကျောင်းသား၊ ကျောင်းသူဟောင်းများအား ရည်စူး၍ အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း။ | စိန်ရတုဓမ္မာရုံ၊ YAU | နံနက် ၆း၀၀ နာရီ |
| ၄။ | ၂၇-၁၂-၂၀၁၄ (စနေနေ့) | နှစ်(၉၀)ပြည့် နဝရတ်ရတု အထိမ်းအမှတ်အခမ်းအနားကျင်းပခြင်း။ | ဘွဲ့နှင်းသဘင်ခန်းမ၊ YAU | နံနက် ၉း၀၀ နာရီ |
| ၅။ | ၂၇-၁၂-၂၀၁၄ (စနေနေ့) | AUAA အသင်းနှစ်ပတ်လည် အစည်းအဝေးကျင်းပခြင်း။ | စိန်ရတုခန်းမ၊ YAU | နံနက် ၁၀း၃၀ နာရီ |
| ၆။ | ၂၇-၁၂-၂၀၁၄ (စနေနေ့) | မျိုးဆက်သစ် မျိုးဆက်ဟောင်းကျောင်းသားများ၏ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲနှင့် ဘတ်စကက်ဘော ပြိုင်ပွဲများကျင်းပခြင်း။ | အားကစားကွင်း၊ YAU | ညနေ၄း၀၀နာရီ |
| ၇။ | ၂၇-၁၂-၂၀၁၄ (စနေနေ့) | နိုင်ငံကျော်အနုပညာရှင်များ၏ စင်တင်တေးဂီတဖျော်ဖြေပွဲ ကျင်းပခြင်း။ | ဘွဲ့နှင်းသဘင် အဓိပတိရင်ပြင်၊ YAU | ညနေ ၆း၀၀ နာရီ |
| ၈။ | ၂၈-၁၂-၂၀၁၄ (တနင်္ဂနွေနေ့) | (၁၆)ကြိမ်မြောက် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ခြင်း။ | စိန်ရတုဓမ္မာရုံ၊ YAU | နံနက် ၈း၀၀နာရီ |
| ၉။ | ၂၈-၁၂-၂၀၁၄ (တနင်္ဂနွေနေ့) | အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခြင်း | ဘွဲ့နှင်းသဘင် အဓိပတိရင်ပြင်၊ YAU | ညနေ ၆း၀၀နာရီ |
| ၁၀။ | ၂၈-၁၂-၂၀၁၄ (တနင်္ဂနွေနေ့) | အငြိမ်းစားဝန်ထမ်းဟောင်းများအား တွေ့ဆုံပွဲပြုလုပ်ခြင်း။ | ပတ္တမြားခန်းမ၊ YAU | မွန်းလွဲ ၂း၀၀နာရီ |
| ၁၁။ | ၂၉-၁၂-၂၀၁၄ (တနင်္လာနေ့) | အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများ နေရပ်သို့ ပြန်လည်ထွက်ခွာခြင်း။ | ဧည့်ရိပ်သာ၊ YAU | နံနက် ၈း၀၀ နာရီခန့် |

PPT Travels
ကျိုက်ထီးရိုး(နေ့စဉ်)- 8000
ချောင်းသာ(နေ့စဉ်)-13000
ကားစီးလုံးငှားသည်
Ph:09252930675,09252608085

ကိုညာဏ် KO NYAN
Car Rental & Travel Service
ဘုရားဖူးခရီးစဉ် အမျိုးမျိုးနှင့် လချုပ်အတွက်
Model မြင့် ကားသစ် မျိုးစုံ ရောင်း/ဝယ်/ငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။
09-5078440,01-551649,01-209183

Special-List
140
Sq-Ft
120
254044529

## ရန်ကုန်စက်မှုတက္ကသိုလ်၊ ရန်ကုန်နည်းပညာတက္ကသိုလ် နှစ်ပေါင်းစုံ မြို့ပြအင်ဂျင်နီယာကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် တွေ့ဆုံပွဲ ဖိတ်ကြားခြင်း

မြတ်ဆရာပူဇော်ပွဲကို

၂၀၁၄-ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက် (တနင်္ဂနွေနေ့) နံနက် (၉း၀၀) နာရီမှာ ရန်ကုန်နည်းပညာတက္ကသိုလ် စုဝေးခန်းမကြီးတွင် ကျင်းပမည့် ပြည်တွင်းပြည်ပမှ ဆရာကြီး၊ ဆရာမကြီးများအား ဆဋ္ဌမအကြိမ်မြောက်ပူဇော်ကန်တော့မည်ဖြစ်ပါ၍ နှစ်ပေါင်းစုံမှမြို့ပြအင်ဂျင်နီယာကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး တက်ရောက်ပူဇော်ကန်တော့ကြပါရန် လေးစား စွာဖြင့် ဖိတ်ကြားအပ်ပါသည်။

တွေ့ဆုံပွဲနှင့် ညစာစားပွဲကို

၎င်းနေ့ ညနေပိုင်း(၆း၀၀) နာရီမှစတင်၍ ရန်ကုန်မြို့ (Inya Lake Hotel) မြက်ခင်းပြင်တွင် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အနုပညာဖျော်ဖြေရေးအစီအစဉ်ဖြင့် ကျင်းပမည်ဖြစ်ပါ၍ ညစာစားပွဲလက်မှတ်များကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များနှင့် ဆက်သွယ်၍ ဝယ်ယူနိုင်ကြောင်း အသိပေးအပ်ပါသည်။

| | | | |
|---|---|---|---|
| ဦးတိုးမောင်(၇၄) | ၀၉-၇၃၁၉၁၁၀၀ | ဦးကျော်ဆန်း(၈၁) | ၀၉-၅၀၀၃၈၁၆ |
| ဦးကံညွန့်(၇၄) | ၀၉-၅၃၄၁၃၀၄ | ဒေါ်ချိုချို(၈၃) | ၀၉-၅၀၇၇၈၂၃ |
| ဦးအောင်ကျော်ဇံ(၇၇) | ၀၉-၅၁၃၈၅၁၃ | ဦးမြတ်ခိုင်ဆွေ (၉၅) | ၀၉-၅၀၃၅၄၄၇ |
| ဦးဝင်းမောင်(၇၉) | ၀၉-၅၀၀၇၁၅၂ | ဦးနေလွင်ထွဋ်(၂၀၀၃) | ၀၉-၄၂၀၂၇၉၀၆၃ |

မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးအောင်ထက် (Deputy Managing Director) Concrete King Concrete Manufacturing Company Limited ၏ အဘွားဖြစ်သူ ဒေါ်ခင်လှ အသက် (၉၂) နှစ်သည် (၁၅. ၁၂. ၂၀၁၄) ရက် မွန်းလွဲ (၁၂ း၄၀)နာရီအချိန် အင်းစိန်မြို့နယ်နေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစု နှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ASIA SUN GROUP OF COMPANIES
CONCRETE KING Concrete Manufactur ingCo.,Ltd.
NEW WAVE Wood Base Factory
SHAN YOE YAR Food& Beverage

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၂၉)၊ ဦးပိုင်(၂၇-က)၊ ၅၆×၅၇ လမ်းကြား၊ ကုသိုလ်တော် × မင်းကြီးရန်နောင်လမ်းကြားရှိ ဦးခင်မောင်ကြီး အမည်ဖြင့်ချထားပေးသော မြေကွက်အား ဒေါ်ကြည်ကြည်မြင့်[၉/မကန(နိုင်)၀၁၁၇၇၉]မှ မြေရာချထားမိန့် တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်းအမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဝမ်းနည်းကြေကွဲခြင်း

**ဒုတိယဗိုလ်မှူးကြီးထွန်းအောင်(ငြိမ်း)**
**စစ်တက္ကသိုလ်အမှတ်စဉ် (၉)**
**အသက် (၇၀)**

နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀) ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်မြမြအောင်၏ခင်ပွန်းဖြစ်သူ ဒုတိယဗိုလ်မှူးကြီး ထွန်းအောင်(ငြိမ်း) အသက်(၇၀)သည် ၁၁-၁၂-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း၊ သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဝမ်းအိုးဗိုက်သဲနီးဗိုက်မှ တိုက်ခဝတ်တိုက်ဝက်များ

## ဝမ်းနည်းကြေကွဲခြင်း

ကိုစိုးမြင့် Managing Director (Family Mandalar Co.,Ltd. နှင့် Aung Moe Hein Co.,Ltd.)၏မိခင် ဟာဂျီမ ဒေါ်ချိုတီ (၇၉)နှစ် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းရပါသည်။

**အသုံးချစိတ်ပညာ**
**16th, Batch ကျောင်းသူ/သားများ**
**ရန်ကုန်တက္ကသိုလ်**

## တစ်နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

### ဦးခင်မောင်မြင့်(ရေနံချောင်း)

### လျှပ်/စက် အင်ဂျင်နီယာဝန်ထောက်

### (၉၅၉-GE-လားရှိုး)

ကျေးဇူးရှင်ဖခင်ကြီး ဦးခင်မောင်မြင့် ကွယ်လွန်ခဲ့သည်မှာ ယနေ့ဆိုလျှင် တစ်နှစ်ပြည့်ခဲ့ပါပြီ။ ဒါပေမယ့် မနေ့တစ်နေ့ကလိုပဲ အောက်မေ့ပြီး အမြဲသတိရလွမ်းဆွတ်နေကြပါတယ်။ ကျန်ရစ်သူ သားသမီးများမှ ဖေဖေ့အတွက် ရည်စူးပြီး ပြုလုပ်သော ကောင်းမှုကုသိုလ်အစုစုကို ဖခင်ကြီး မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ် ဆိုနိုင်ပါစေ။

**ကျန်ရစ်သူသားသမီးနှင့်မြေးမြစ်များ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၇၂၆/က)၊ မြေကွက်တည်နေရာအမှတ်(၇၂၆/က)၊ ရွှေအုတ်ဂူ(၃)လမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်ထားခင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကို အမည်ပေါက် ဒေါ်ထားခင် [၁၂/သကတ(နိုင်)၀၅၃၃၈၈] ကိုယ်တိုင်မှ (ဂရန်)မူရင်းပျောက်ဆုံးကြောင်း တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်၍ မူလဂရန်ထုတ်ပေးထားသည့် မြေငှားစာချုပ်အမှတ်-သကတ/ဂ-၀၆၄၄/၉၃(၄-၁၀-၉၃) အမည်ပေါက်နှင့် နှစ်(၆၀)မြေငှားဂရန်စာချုပ်(ဂရန်)မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၂၁) ဦးပိုင်အမှတ်(၄၄)၊ ၅၅ × ၅၆ လမ်းကြား၊ အောင်ဆန်းလမ်းနှင့် ဘုရင့်နောင်လမ်းကြားရှိ ဦးကျင်မောင် အမည်ဖြင့်ချထားပေးသော မြေကွက်အား ဒေါ်ငွေငွေဝင်း[၅/ကလတ(နိုင်)၀၃၁၄၁၂]မှ မြေချထားမိန့် တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်အမည်ပြောင်းအမှုတွဲဖွင့်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးလှမြင့်(တေးသံရှင် လှမြင့်ဝင်း)(ဒုတိယအင်ဂျင်နီယာမှူးကြီး-ငြိမ်း)

### အသက်(၆၄)နှစ်

ဦးလှမြင့် ဒုတိယအင်ဂျင်နီယာမှူးကြီး(ငြိမ်း)(ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း) သည် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အင်ဂျင်နီယာမှူးကြီးနှင့် အင်ဂျင်နီယာဝန်ထမ်းများ**
**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရန်ကုန်တိုင်းဒေသကြီး)**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ယုယုငွေ

### အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၂)ရပ်ကွက်၊ ပြည်လမ်း၊ (၆၀၃-ခ)နေ (ဦးစင်းရှိန်-ဒေါ်တင်ကြည်)တို့၏သမီး ဒေါ်ယုယုငွေ အသက်(၅၅)နှစ်သည် ၁၂-၁၂-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ဖော်မပြနိုင်လောက်အောင် အထူးဝမ်းနည်းကြေကွဲရပါသည်။ **မောင်နှမများမိသားစု**

## သင့်သွေးဖြင့်အသက်ကယ်ပါ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/အနော်မာ၊ မြေကွက်အမှတ်-၃၉၇/ခ၊ မြေကွက်အတည်နေရာအမှတ်-၃၉၇/ခ၊ တပ်ဖွဲ့လမ်း၊ ၁/အနော်မာရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးထွန်းရင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးထွန်းရင် ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်ရင်နု မှပိုင်ဆိုင်စာချုပ်-၁၁၄၆/၀၃(၄-၃-၂၀၀၃)ဖြင့်ပိုင်ဆိုင်ခဲ့ပြီး ၎င်းမှတစ်ဆင့် အရောင်းစာချုပ်-၂၁၂၉/၀၃၊(၂၂-၅-၂၀၀၃)ဖြင့် ပိုင်သူ ဦးသိန်းလွင်[၁၂/သကတ(နိုင်)၁၂၉၀၇၅]ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၂၅၂၇၈/၁၄ ရသူ ဦးဝင်းကို[၁၂/သကတ(နိုင်)၁၉၁၁၄၈]မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်ထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန်ထရိုက်တာ ဦးကြည်သိန်း (၁၂/အစန (နိုင်) ၁၂၃၉၀၄) (တော်ဝင်သိန်းဆောက်လုပ်ရေး)၊ အမှတ် (ဂ)၊ အခန်း (၄)၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ (၃) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေသူနှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့်စန်း (၁၂/အစန(နိုင်)၀၄၃၁၉၁)၏ လွှဲအပ်ညွှန်ကြားချက်အရ ကန်ထရိုက်တာ ဦးကြည်သိန်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့်စန်း (မြေရှင်) တရားဝင်လက်ရှိ ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့၊ ဒေါနလမ်းရှိ မြေတိုင်းရပ်ကွက် (၁၀ F)၊ မြေပိုင်မြေ (လန-၃၉)၊ မြေကွက်အမှတ်၇၈-က²၊ ဧရိယာ (အလျား ၆၅ပေ×အနံ ၆၅ပေ) မြေအကျယ်ပေါ်တွင် (၂)ခန်းတွဲ၊ (၃½) ထပ်၊ RC တိုက်သစ် (၂) လုံးကို ကန်ထရိုက်တာက မိမိပိုင်ငွေနှင့် စိုက်ထုတ်ပြီး ဆောက်လုပ်လိုကြောင်း၊ ဆောက်လုပ်ပြီး တိုက် (၁) လုံးကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့်စန်း (မြေရှင်)မှရရှိမည်ဖြစ်ပြီး၊ ကျန်တိုက် (၁) လုံးကို ကန်ထရိုက်တာ ဦးကြည်သိန်းမှ ရယူမည်ဖြစ်ကြောင်း နှစ်ဦးနှစ်ဖက်သဘောတူညီမှုအရ (၂၂. ၉. ၂၀၁၃) ရက်စွဲပါ ကတိပဋိညာဉ်စာချုပ်ကို သက်သေများ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးချုပ်ဆိုကြကြောင်း တွေ့ရှိရပါသည်။

၁။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့်စန်း (မြေရှင်) သည် လက်ရှိနေထိုင်လျက်ရှိသော ပဋိညာဉ်စာချုပ်ပါ မြေကွက်ပေါ်တွင်ရှိသော RC (၂)ထပ်တိုက် အဆောက်အဦးနှင့် အုတ်ညှပ် (၁½)တိုက်အဆောက်အဦးတို့ကို (၃၀. ၁၂. ၂၀၁၂) ရက်နေ့တွင် အပြီးဖျက်သိမ်းကာ နေအိမ်ပြောင်းရွှေ့ပေးခဲ့ပြီးနောက် တစ်နှစ်ကျော် အချိန်ကာလကြာခဲ့သော်လည်း ကန်ထရိုက်တာ ဦးကြည်သိန်းသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အဆောက်အဦးဆောက်လုပ်ခွင့်ပြုမိန့်မရှိဘဲ ပဋိညာဉ်စာချုပ်ပါ မြေကွက်ပေါ်တွင် အုတ်မြစ် (Foundation) ချ၍ (RC) တိုင်များထူထောင်မှုပြုလုပ်သည်ကြောင့် မြို့တော်စည်ပင်ဌာနမှ တရားမဝင်အဆောက်အဦးဆောက်လုပ်ခြင်းကို တားမြစ်သည့်ဆိုင်းဘုတ် ချိတ်ဆွဲခံရကာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့်စန်း (မြေရှင်) သည် စည်ပင် (၄)တရားရုံး (အင်းစိန်) မှ အမှုအမှတ်-၅၄၇/၂၀၁၄ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေပုဒ်မ-၆၈/၆၉ အရ အရေးယူအပြစ်ပေးခြင်းခံရကာ ဒေါ်မြင့်မြင့်စန်း (မြေရှင်) ၏ ဂုဏ်သိက္ခာကျဆင်း အရှက်ရစေလျက် ကိုယ်စိတ်ဆင်းဖြစ်ရသည်မှာ ကန်ထရိုက်တာ ဦးကြည်သိန်းမှ ဥပဒေနှင့်အညီ မဆောင်ရွက်ဘဲ စာချုပ်ပါစည်းကမ်းကို ဖောက်ဖျက်ခြင်းဖြစ်ပါသည်။

၂။ ကန်ထရိုက်တာ ဦးကြည်သိန်းသည် ကတိပဋိညာဉ်စာချုပ် ချုပ်ဆိုပြီးနောက် အဆောက်အအုံဆိုင်ရာ စည်းမျဉ်းဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းမရှိသည်ကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့်စန်း (မြေရှင်) မှာ အိမ်ရှင်ဘဝနှင့် နေထိုင်ရာမှ အိမ်ငှားဘဝအဖြစ်နှင့် နေထိုင်ရလျက် ကိုယ်၊ စိတ်ဆင်းရဲမှုဖြစ်စေကာ ငွေကုန်ကျမှုများကြောင့် လွန်စွာနစ်နာဆုံးရှုံးမှုများကို ရရှိခံစားနေရပါသည်။ ကန်ထရိုက်တာ ဦးကြည်သိန်းသည် ကတိပဋိညာဉ်တွင်ပါရှိသော စည်းကမ်းချက်များကို အလေးမမူ အကြောင်းမဲ့မဆောင်ရွက်ခြင်းသည် ကန်ထရိုက်တိုက် ဆောက်လုပ်ရန်ကတိပဋိညာဉ်နှင့် စည်းကမ်းချက်များကို ကန်ထရိုက်တာ ဦးကြည်သိန်းကိုယ်တိုင်မှ ဖောက်ဖျက်ခြင်း ဖြစ်ပါသည်။

၃။ ကန်ထရိုက်တာ ဦးကြည်သိန်းနှင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့်စန်း (မြေရှင်) တို့ နှစ်ဦးသဘောတူ **စာချုပ်ပါ စည်းကမ်းချက် (၅) (က) တွင် ကန်ထရိုက်တာသည် စာချုပ်ပါ မြေကွက်ပေါ်တွင် (၂)ခန်းတွဲ၊ (၃½)ထပ် တိုက်သစ် (၂)လုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံ၊ အင်ဂျင်နီယာဌာနမှ သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့်အညီ သေသပ်လှပ ခိုင်ခန့်စွာ၊ မိမိပိုင်ငွေဖြင့် စလယ်ဆုံး တာဝန်ယူ တည်ဆောက်လုပ်ပါမည်. . .** ဟု ချုပ်ဆိုထားသော်လည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေနှင့်အညီ ဆောက်လုပ်ရန် ပျက်ကွက်ခြင်း၊ အချိန်နှင့်အညီ မလုပ်ဆောင်ခြင်း၊ အကြောင်းမဲ့ တစ်နှစ်ကျော်အချိန်ကာလ ကြာမြင့်ကုန်ဆုံးခဲ့ခြင်းသည် ကတိပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်များကို ကန်ထရိုက်တာ ဦးကြည်သိန်းမှ ဖောက်ဖျက်ခြင်းဖြစ်ပါသည်။

၄။ ကန်ထရိုက်တာ ဦးကြည်သိန်း၏ ဥပဒေမဲ့ မရိုးမဖြောင့်လုပ်ဆောင်ချက်များနှင့် ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့်စန်း (မြေရှင်) ၏ အကျိုးဆောင်ရှေ့နေမှ ကန်ထရိုက်တာ ဦးကြည်သိန်းထံ အကြောင်းကြားစာ ပေးပို့ခဲ့သော်လည်း တစ်စုံတစ်ရာဆက်သွယ် ပြန်ကြားခြင်းမရှိဘဲ ဥပေက္ခာပြုနေခဲ့ပါသည်။ သို့ပါ၍ ဤသတင်းစာကြော်ငြာပါသည့်နေ့ရက်မှစ၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့်စန်း (မြေရှင်) နှင့် ကန်ထရိုက်တာ ဦးကြည်သိန်းတို့ နှစ်ဦးနှစ်ဖက်သဘောတူချုပ်ဆိုခဲ့သော (၂၂. ၉. ၂၀၁၃) ရက်စွဲပါ ကတိပဋိညာဉ်စာချုပ်ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့်စန်း (မြေရှင်) မှ ဖျက်သိမ်းလိုက်ကြောင်းနှင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့်စန်း (မြေရှင်) အနေဖြင့် မိမိပိုင်ဆိုင်သော အထက်လိပ်စာပါ မြေကွက်အား မိမိဆန္ဒအတိုင်း စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကန်ထရိုက်တာ ဦးကြည်သိန်းနှင့် အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်အေးမြတ်မွန် (LL.B, D.I.L)** — **ဦးအောင်မြင့် (B.A, R.L)**
**အထက်တန်းရှေ့နေ (စဉ်-၃၂၆၁၇)** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၄၆၃၁)**

အခန်း (၆)၊ စုပေါင်းရုံးဝန်း၊ မင်းကြီးလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်။ ဖုန်း-၀၉ ၇၃၀၂၁၄၇၃

## အများသိစေရန်ကြေညာချက်

အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ မိမိတို့၏အဆောက်အအုံကို ဆောက်လုပ်ခွင့်/ပြင်ဆင်ခွင့်ရရှိရန် လျှောက်ထားလာသည့်အတွက် ကန့်ကွက်ရန်အကြောင်းရှိပါက ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းများနှင့်တကွ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ဤဌာနသို့လျှောက်ထားကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည် -

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | လိပ်စာ | မှတ်ချက် |
|---|---|---|---|---|
| ၁ | ဦးအောင်ဝင်းစိန် | ၁၂/ဥကတ(နိုင်) ၁၁၀၅၇၅ | (၃၇၅/ခ)၊ စကားဝါလမ်း၊ က-ရပ်ကွက်၊ သဃ်န်းကျွန်း | ၃-ထပ်တိုက် ဆောက်လုပ်ရန် |
| ၂ | ဒေါ်အေးအေး+၁ | ၁၂/သဃက(နိုင်) ၁၁၀၅၁၃ | (၃၈)၊ အင်ကြင်းလမ်း၊ က-ရပ်ကွက်၊ သဃ်န်းကျွန်း | ၃-ထပ်တိုက် ဆောက်လုပ်ရန် |
| ၃ | ဒေါ်သန်းသန်းနု | ၁၂/သဃက(နိုင်) ၁၀၉၈၁၂ | (၃၇၅/က)၊ စကားဝါလမ်း၊ က-ရပ်ကွက်၊ သဃ်န်းကျွန်း | ၃-ထပ်တိုက် ဆောက်လုပ်ရန် |
| ၄ | ဒေါ်ခင်ချိုဦး | ၉/ပမန(နိုင်) ၀၀၆၂၇၈ | (၅၀၅/က)၊ ဓမ္မာရုံလမ်း၊ ၄၇-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၂-ထပ်တိုက် ဆောက်လုပ်ရန် |
| ၅ | ဦးစန်းမြင့်+၁ | ၁၂/လမန(နိုင်) ၀၃၀၄၂၂ | (၁၀၈)၊ သီရိမြိုင်(၁၀)လမ်း၊ ၁၃-ရပ်ကွက်၊ လှိုင် | ၃-ထပ်တိုက် ဆောက်လုပ်ရန် |
| ၆ | ဦးစံသိန်း | ၁၂/လမန(နိုင်) ၀၃၃၇၈၆ | (၇)၊ သီရိမြိုင်(၃)လမ်း၊ ၁၃-ရပ်ကွက်၊ လှိုင် | ၃-ထပ်တိုက် ဆောက်လုပ်ရန် |
| ၇ | ဒေါ်ခင်မာကြည် | ၇/ကပက(နိုင်) ၀၁၁၃၉၆ | (၄၇)၊ ရန်ကြီးအောင်လမ်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန် | ၂½-ထပ် Steel ဆောက်လုပ်ရန် |
| ၈ | ဦးမင်းစိန် + ၁ | ၁၂/လမန(နိုင်) ၀၂၃၄၅၁ | (၄)၊ ရတနာလမ်း၊ ၁၃-ရပ်ကွက်၊ လှိုင် | ၃-ထပ်တိုက် ဆောက်လုပ်ရန် |
| ၉ | ဦးသန်းထွေး | ၁၂/ကတန(နိုင်) ၀၀၆၁၄၀ | (၁၃၆)၊ မဓာဝီ(၁)လမ်း၊ ဆ-ရပ်ကွက်၊ မြောက်ဥက္ကလာပ | ၂-ထပ်တိုက် ဆောက်လုပ်ရန် |
| ၁၀ | ဦးဟရဲလိန်း(ခ) ဦးပါရှိုင်း | ၄/မတပ(နိုင်) ၀၂၅၁၅၄ | (၇၇၁)၊ စိတ္တသုခလမ်း၊ ၄၇-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၂-ထပ်တိုက် ဆောက်လုပ်ရန် |
| ၁၁ | ဒေါ်ထွေးသန်း | ၁၂/လမန(နိုင်) ၀၇၂၆၉၅ | (၇၉၉/က)၊ ဗိုလ်ချုပ်လမ်း၊ ၁၉-ရပ်ကွက်၊ ရွှေပြည်သာ | ၂-ထပ်တိုက် ဆောက်လုပ်ရန် |
| ၁၂ | ဦးခင်မောင်ဌေး | ၁၂/ရပသ(နိုင်) ၀၀၀၅၆၄ | (၇၅၇/ခ)၊ ကလေးဝလမ်း၊ ၁၃-ရပ်ကွက်၊ ရွှေပြည်သာ | ၂-ထပ်တိုက် ဆောက်လုပ်ရန် |
| ၁၃ | ဒေါ်ခင်မိုးအေး | ၁၂/လမန(နိုင်) ၀၃၀၁၇၈ | (၁၄၇/၄၄)၊ ဇေတဝန်ကျောင်းလမ်း၊ ၁၃-ရပ်ကွက်၊ လှိုင် | ၃-ထပ်တိုက် ဆောက်လုပ်ရန် |
| ၁၄ | ဒေါ်သန်းသန်းနွယ် | ၁၂/လမန(နိုင်) ၁၀၀၇၇၉ | (၂၃)၊ မဟာဆွေ(၂)လမ်း၊ ၁၃-ရပ်ကွက်၊ လှိုင် | ၃-ထပ်တိုက် ဆောက်လုပ်ရန် |
| ၁၅ | ဒေါ်နီနီဝင်း | ၁၂/လမန(နိုင်) ၀၀၉၂၇၂ | (၁၆/က)၊ ရတနာလမ်း၊ ၁၃-ရပ်ကွက်၊ လှိုင် | ၃-ထပ်တိုက် ဆောက်လုပ်ရန် |
| ၁၆ | ဦးကျော်ဌေး | ၉/မထလ(နိုင်) ၁၄၀၉၅၃ | (၁၃၆)၊ အောင်မင်္ဂလာလမ်း၊ ၁၃-ရပ်ကွက်၊ လှိုင် | ၃-ထပ်တိုက် ဆောက်လုပ်ရန် |

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဘင်ဒရာဘန်း(ခ)Shri Brindaban Bajoria
## အသက်(၈၉)နှစ်

မြန်မာ-အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များအသင်းမှ တွဲဖက်အတွင်းရေးမှူး ဦးစုရှိုကူးမား၏ ဖခင် ဦးဘင်ဒရာဘန်း(ခ) Shri Brindaban Bajoria သည် ၁၆-၁၂-၂၀၁၄ ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာ-အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များအသင်း**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ယဉ်ထား(ရွှေကျီးမင်းရွှေဆိုင်) (၈၄)နှစ်

ဒေါက်တာဦးသန်းစိုး-ဒေါ်ခင်ခင်မော်(သစ္စာစိန်ရွှေရတနာဆိုင်)တို့၏ မိခင်သည် ၁၄-၁၂-၂၀၁၄ရက် ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကိုဌေး-**
**မရည်ရည်မွန်**
**ရွှေကျင် စိန်ရွှေရတနာဆိုင်**

### ကျေးဇူးတင်ရှိခြင်း
## ဦးချစ်တီး(ပုသိမ်) (၈၂)နှစ်
### ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ငြိမ်း

ပုသိမ်ခရိုင်၏ နာရေးကိစ္စတွင် ပုသိမ်မြို့ ညောင်ပင်သာကျောင်းတိုက်၊ မော်ဘီမြို့၊ ကုလားကုန်းကျေးရွာနှင့် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ သီရိလမ်းနေအိမ်တို့တွင် ပြုလုပ်ခဲ့သော ရက်လည်ဆွမ်းကျွေးကိစ္စအဝဝတို့တွင် ကူညီဆောင်ရွက်ပေးခဲ့ကြသော ဆွေမျိုးမိတ်ဆွေ အပေါင်းတို့အား ကျေးဇူး အထူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း
## ဦးယုကြိုင် (၇၉)နှစ်
### ဌာနမှူး(စီမံ)(ငြိမ်း)၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်းဝင် သက်ကြီးကန်တော့ခံ ပုဂ္ဂိုလ် ဦးယုကြိုင် ဌာနမှူး(စီမံ)(ငြိမ်း) M.E.P.E သည် ၁၆-၁၂-၂၀၁၄ (အင်္ဂါနေ့) ည ၇း၅၀နာရီတွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်း ကြေကွဲရပါသည်။

**လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်း**

### ဝမ်းနည်းကြေကွဲခြင်း
## ဦးအောင်မြင့်
## အသက်(၅၇)နှစ်
### စာရင်းစစ်အရာရှိ
### ဌာနခွဲ-၄၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နေပြည်တော်

ကျောက်ဆည်မြို့နယ်စာရင်းစစ်ရုံးမှ စာရင်းစစ်မှူး ဒေါ်ဝင်းမာ၏ခင်ပွန်း ဖြစ်သူ ဦးအောင်မြင့်သည် ၁၇-၁၂-၂၀၁၄ရက် နံနက် ၅နာရီတွင် ကွယ်လွန်သွား ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၂-ခုနှစ်၊စီးပွားရေးတက္ကသိုလ် ကျောင်းသား/သူဟောင်းများ**

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဇရပ် ဒါယကာကြီး
## ဦးကျော်လှိုင် အသက်(၈၀)
### (ရွှေကြာပန်းပလတ်စတစ်လုပ်ငန်းနှင့် Tea Top လက်ဖက်ရည်ဆိုင်)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၅၆၀)၊ ဓမ္မာရုံလမ်း၊ (၁၀)ရပ်ကွက်နေ (ဦးဘန်ကြည်-ဒေါ်ရှုတွမ်)တို့၏သားကြီး၊ ဒေါ်ခင်ထွေးရီ၏ ချစ်လှစွာသောခင်ပွန်း၊ ကိုတင်ထွန်း-မခင်ခင်ဌေး၊ ကိုတင်လတ်-မကြူကြူခိုင်၊ မစုစုလှိုင်၊ မအိအိလှိုင်တို့၏ချစ်လှစွာသောဖခင်၊ မခင်မိမိလတ်၏အဘိုးသည် ၁၈-၁၂-၂၀၁၄ (ကြာသပတေးနေ့) ညနေ ၃နာရီတွင် မဟာမြိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၂-၂၀၁၄(စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၂-၂၀၁၄ (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
## ဒေါ်ခင်တီ
## အသက်(၈၀)

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ) ရပ်ကွက်၊ သန္တာ(၆)လမ်း၊ အမှတ်(၆၆၀)နေ ဦးဘမြင့်၏ဇနီး၊ ဒေါ်ခင်မြင့်လွင် (Ghaniwin Co., Ltd)၊ ဦးမြင့်သိန်းဦး-ဒေါ်ဌေးဌေးမြင့် (ကစလ)၊ ဦးစိုးတင့်-ဒေါ်မြင့်မြင့်အေး၊ ဦးဝင်းမြင့်-ဒေါ်နုနုလွင် (ကထိက-ပထဝီဝင်ဌာန၊ မြိတ်)၊ (ဒေါ်ခင်သိန်းဝင်း)၊ ဒေါ်မြင့်မြင့်ကြွယ် (နယူးဝေါလ် ရွှေပြည်တန်ကုမ္ပဏီ) တို့၏မိခင်၊ မောင်ဇော်ဝဏ္ဏ၊ မသက်ထားသူဇာ၊ မောင်အာကာချမ်းမြေ့တို့၏ အဘွား ဒေါ်ခင်တီသည် ၁၇-၁၂-၂၀၁၄ (ဗုဒ္ဓဟူးနေ့) ညနေ ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၂-၂၀၁၄(သောကြာနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ ညနေ ၄ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၂-၂၀၁၄ (အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## မိုဟမ္မဒ် ဆိုလိုင်မာန် (ခ)
## ကိုအောင်လင်းဦး (၄၈)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ညောင်တပင်လမ်း၊ အမှတ် (၅၅)နေ ဟာဂျီဦးရန်လင်း-(ဟာဂျီမဒေါ်ခင်အုန်းမြင့်)တို့၏ ချစ်လှစွာသောသားကြီး၊ ဦးမောင်မောင်- ဒေါ်အမာဂျန်တို့၏ သားသမက်၊ ဟာဂျီကိုဇော်လင်းအောင်-ဟာဂျီမမစန်းစန်းမြင့်၊ ကိုဇော်လင်းထွဋ်-မညွန့်ညွန့်ဌေးတို့၏ ချစ်လှစွာသောအစ်ကိုကြီး၊ ဒေါ်မူမူအေး၏ချစ်လှစွာသောခင်ပွန်း၊ ဂျိုဝိုင်လီယာ(ခ)လင်းလတ်ဂျူလိုင်ဦး (နဝမတန်း-C၊ အထက-၁၊ အင်းစိန်)၊ မိုဟမ္မဒ်ဂျူနိုက်ဒ်(ခ)ဝေယံလင်းဦး (ပဥ္စမတန်း-C၊အထက-၂၊အင်းစိန်)တို့၏ချစ်လှစွာသောဖခင် မိုဟမ္မဒ်ဆိုလိုင်မာန်(ခ) ကိုအောင်လင်းဦးသည် ၁၆-၁၂-၂၀၁၄ (အင်္ဂါနေ့) နံနက် ၂း၁၅ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့် တော်ခံယူသွားပါသဖြင့် ယင်းနေ့ဇဟိုနာမာရဇ်အပြီးတွင် ရေဝေးကဗ္ဗရ်စတန်၌ ဒါဖွနာ ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်း ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်အုန်းလှ (၇၈)နှစ်
### (ရှမ်းစု၊ ဒိုက်ဦး)

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၂၀)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၃၁၃)နေ (ဦးချစ်လှိုင်)၏ဇနီး၊ ဦးထွန်းကြည်-ဒေါ်ခင်စန်း၊ ဦးအောင်ချိုဝင်း-ဒေါ်စမ်းဝင်း၊ ဦးသိန်းဝင်း-ဒေါ်မြင့်မြင့်မူ၊ ဦးခင်ဆွေ-ဒေါ်ရီရီသိန်း၊ ဦးခိုင်ဝင်း-ဒေါ်ကြီးတင်၊ ဦးဌေးလွင်-ဒေါ်ဝင်းဌေး၊ ကိုနိုင်ဝင်း၊ ကိုကျော်မင်းထွန်း-မနွယ်နွယ်ဝင်းတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၇ ယောက်၊ မြစ်လေးယောက်တို့၏အဘွား ဒေါ်အုန်းလှသည် ၁၇-၁၂-၂၀၁၄ (ဗုဒ္ဓဟူးနေ့) ည ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၂-၂၀၁၄(သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၂-၂၀၁၄ (အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### အနိစ္စ

## ဦးတန်ကြည်
## အသက် (၈၆) နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ မြို့တွင်းရပ်၊ မြို့တွင်းလမ်း၊ အမှတ်(၅၃)နေ ဦးကြာရင်-ဒေါ်မြအီတို့၏သား၊ (ဒေါ်ကြည်ညွန့်)၏ခင်ပွန်း၊ ဦးမျိုးလွင်-(ဒေါ်ယုယု ကြည်)၊ ဦးနိုင်ဦး-ဒေါ်ဂင်အေး၊ ဦးစိုးကြည်၊ ဦးတိတ်ကြည်-ဒေါ်အေးမွန်၊ (ဦးကျော်စိုး)၊ ဦးတင်နေစိုး-ဒေါ်ဌေးဌေးမြင့်တို့၏ဖခင်၊ မြေး ၁၂ ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး ဦးတန်ကြည်သည် ၁၇-၁၂-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၂-၂၀၁၄ (စနေနေ့) မွန်းလွဲ ၂နာရီတွင် ကူးတို့ တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

## ဦးတင်ရီ(ရမ်းဗြဲ)
## အသက် (၇၁)နှစ်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့၊ (၁) ရပ်ကွက်၊ သာယာကုန်းရပ်၊ စောမဲကြည်လမ်းနေ (ဦးဘအောင်-ဒေါ်မြရီ)တို့၏ သား၊ ကိုကျော်စွာထိုက်၊ မတင်မာအေး၊ မောင်ကျော်နိုင်လင်းတို့၏ မွေးသဖခင် ကျေးဇူးရှင်၊ ဒေါ်စန်းရီ၏ချစ်လှစွာသော ခင်ပွန်း ဦးတင်ရီသည် ၁၇-၁၂-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၉း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၂-၂၀၁၄ (သောကြာနေ့) မွန်းလွဲ ၂း၃၀နာရီတွင် အမှတ်(၁၇)၊ ရတနာလမ်း၊ ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်၊ တာမွေမြို့နယ် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၂-၂၀၁၄ (အင်္ဂါနေ့) နံနက် ၇နာရီတွင် တာမွေ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးလှမြင့် (၆၅)နှစ်
### (မော်လမြိုင်)

မော်လမြိုင်မြို့၊ ဒိုင်ဝန်ကွင်း၊ အောင်သုခလမ်း၊ အမှတ်(၂၈)နေ (ဦးသိန်းတင်-ဒေါ်သောင်းခင်)တို့၏ ဒုတိယသား၊ ဦးသောင်းညွန့်၏တူ၊ ဒေါ်တင်အောင်၊ ဒေါ်မြင့်မြင့်စန်း၊ ဒေါ်လှဲ့လှဲ့မော်၊ ဒေါ်လှလှမော်၊ ဦးမြင့်စိုး(လဝက)-ဒေါ်မြင့်မြင့်ဦးတို့၏အစ်ကို၊ ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ ပြည်ရိပ်မွန်အိမ်ရာ၊ တိုက်(၂၄)၊ အခန်း(၀၈/၀၁)နေ ဒေါ်စန်းစန်းဌေး၏ခင်ပွန်း၊ ဒေါ်ဝင်းဝင်းခိုင် (အလက-၁၂၊ လှိုင်သာယာ)၊ ကိုအောင်ဇော်မျိုးတို့၏ဖခင်သည် ၁၈-၁၂-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၁း၂၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၂-၂၀၁၄ (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၂-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၂နာရီထိ ပြည်ရိပ်မွန်အိမ်ရာတွင် ဆွမ်းကျွေးတရားနာယူမည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးဇေယျာမောင်မောင်(ခ)
## ဖိုးသား(တောင်ကြီး) (၄၄)နှစ်
### B.Sc(Geology)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ တိုက်(၁၀)၊ အခန်း(၂၆)၊ ဆောင်းဟေမာန်အိမ်ရာနေ (ဦးမောင်မောင်)-ဒေါ်စောဝင်းတို့၏ သား၊ ဦးကိုကြီး-(ဒေါ်စန်းရီ)တို့၏သားသမက်၊ ဦးအာကာမြင့်(MITT)-ဒေါ်စောနန္ဒာမောင် (MITT)တို့၏မောင်၊ ဦးဇာနည်မောင်မောင် (Asia Wood Co., Ltd)-ဒေါ်ခင်ဆွေဝင်း (shu San Co., Ltd)၊ ဦးပြည့်စုံမောင်မောင် (AYA Bank)-ဒေါ်အိမွန်ခိုင် (AYA Bank) တို့၏အစ်ကို၊ ဒေါ်စန္ဒာကိုကြီး၏ ချစ်လှစွာသောခင်ပွန်းသည် ၁၈-၁၂-၂၀၁၄ ရက် နံနက် ၁း၂၅ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၂-၂၀၁၄ (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၂-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)
## ဇေယျကျော်ထင် ဗိုလ်မှူးကြီးရဲထွန်း(ငြိမ်း)
### (ကြည်း-၃၅၄၂) (ရာ/၂၀၁)
### နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)-သူရဲကောင်းမှတ်တမ်းဝင်
### လွတ်လပ်ရေး မော်ကွန်းဝင် ဒုတိယဆင့် (စစ်သံမှူး-ငြိမ်း)
## အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊ သဇင်လမ်း၊ အမှတ် (၄၇-ဘီ)နေ (ဦးထွန်းလှ-ဒေါ်သီ)တို့၏သား၊ (ဒေါ်ကြည်ကြည်ညွန့်)၏ ခင်ပွန်း၊ ဦးရဲအောင်မိုး (Chief Engineer)-ဒေါက်တာ ဖြူဖြူဦး(ကလေးအထူးကု)၊ ဦးချစ်ညွန့်(MD Global Energy Services Co., Ltd)-ဒေါ်စိုးနန်းမူ (Dental Techanician)၊ ဒုတိယဗိုလ်မှူးကြီး(ငြိမ်း) ရဲအောင်တိုး(UNDP)-ဒေါ်စန်းစန်းလှ၊ ဒေါက်တာမောင်မောင်တိုး-ဒေါက်တာသက်ဖြိုးကြည်၊ Capt; ဦးရဲအောင်နိုင်-ဒေါ်မြမြင့်မိုရ်တို့၏ဖခင်ကြီးသည် ၁၃-၁၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါ သဖြင့် ၁၄-၁၂-၂၀၁၄ရက်တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။ အမှုဆောင်အဖွဲ့

## ဦးစန်းမောင် (ဆီမီးကန်၊ တောင်သာ)
### တိုင်းမန်နေဂျာ(ငြိမ်း)၊ ဧရာဝတီတိုင်းဒေသကြီးကုန်သွယ်လယ်ယာ
## အသက် (၇၂)နှစ်

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ ဆီမီးကန်ကျေးရွာနေ (ဦးလှမော်-ဒေါ်သိန်းမေ)တို့၏သား၊ (ဦးစိန်ဖေ) (အလပြ-ငြိမ်း၊ ဆီမီးကန်)-ဒေါ်တင်လှ၊ ဦးသန်းအောင်(ပါမောက္ခ-ငြိမ်း၊ စိုက်ပျိုးရေးတက္ကသိုလ်ရေဆင်း)-ဒေါ်ကျော့တင် (ကထိက-ငြိမ်း၊ စိုက်ပျိုးရေးတက္ကသိုလ် ရေဆင်း)တို့၏ညီ၊ ဒေါ်သန်းနု (အလပြ-ငြိမ်း၊ ဆီမီးကန်)၏အစ်ကို၊ သားတစ်ယောက်၊ သမီးလေးယောက်တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုး၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၅) ရပ်ကွက်၊ မနော်ဟရီလမ်း၊ အမှတ်(၁၀၁၅)နေ ဦးစန်းမောင်သည် ၁၇-၁၂-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၄း၄၀နာရီတွင် မြောက်ဥက္ကလာပအထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၂-၂၀၁၄ (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (မြောက်ဒဂုံနေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၂-၂၀၁၄ (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမြင့်သန်း(ခေတ္တ-USA) (သုံးခွ) (၆၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နေ (ဦးကျင်ပိုး-ဒေါ်ရင်မြ)တို့၏ သား၊ (ဦးထွန်းဘ-ဒေါ်အုံးရင်)တို့၏သားသမက်၊ ဒေါ်ကျင်မြ၊ (ဦးမင်းလွင်)-ဒေါ်တင်တင်တို့၏တူ၊ ဗဟန်းမြို့နယ်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ တိုက်(၂)၊ အခန်း(၅၁)နေ ဒေါ်ခင်သန်းနွယ်(ခ)နွယ်နွယ်၏ခင်ပွန်း၊ ဦးစောမြင့်-ဒေါ်နီ၊ (ဒေါ်ညွန့်မေ)၊ ဦးဝင်းဌေး-ဒေါ်စန်းမြင့်ထွေးတို့၏ ညီ/မောင်၊ ဦးအေးသိန်း-ဒေါ်စန္ဒာအောင်၊ ဦးသန်းနွဲ့-ဒေါ်ခင်နွဲ့၊ ဦးမောင်ဦး-ဒေါ်မြင့်မြင့်နွယ်တို့၏ အစ်ကို၊ မဇင်မင်းနွယ် (USA)၊ ကိုဇေယျာမင်း-မပန်းဖြူသင်း၊ (ကိုအောင်သက်ထွေး)၊ ကိုနေဇင်လတ်-မအေးသက်မာတို့၏ဖခင်။ မောင်ပိုင်ဝေယံကောင်း(ခ)လျှံလျှံ (USA)၊ မောင်ပိုင်စည်သူကောင်း(ခ)ဝူကျို (USA)၊ မောင်ရဲထက်ကောင်း(ခ)နီကီ(USA)တို့၏အဘိုး ဦးမြင့်သန်းသည် ၁၇-၁၂-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၃၀နာရီတွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၂-၂၀၁၄ (သောကြာနေ့) တွင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၂-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
## ဦးဟန်သိန်း (၇၂)နှစ်
### (အလက(၄)၊ လှိုင်သာယာ၊ ကျောင်းအုပ်/ငြိမ်း)
### စာရေးဆရာမောင်အေးနှစ် (ပညာရေး) (မော်ကျွန်း)

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၉)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် (၄၃၄) နေ (ဦးမောင်နှစ်-ဒေါ်အေးမေ) တို့၏သား၊ (ဦးတင်မောင်-ဒေါ်ခင်မေ) တို့၏သားသမက်၊ ဒေါ်မြင့်မြင့်ကြည် (အထက-၃၊ လှိုင်သာယာ)၏ချစ်လှစွာသောခင်ပွန်း၊ မောင်ဇေယျာမင်းသိန်း၊ ဒေါက်တာတင်ပပသိန်း (သရုပ်ပြ၊ ရူပဗေဒဌာန၊မအူပင်တက္ကသိုလ်)၊ မောင်စိုးဝဏ္ဏသိန်း (ကြီးကြပ်ရေးမှူး၊ ဝဇီရာ-၂) တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မယွင်းမိမိဟန်၏အဘိုး ဦးဟန်သိန်းသည် ၁၇-၁၂-၂၀၁၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၂-၂၀၁၄(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(အထက်ပါ နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ရီရီနိုင် (၅၉)နှစ်

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ်(၁)တည်ဆောက်ရေး၊ ပေါင်းလောင်းအခြေစိုက် နန်ချိုဝင်းနေ ဦးရာဇာစိုးနွယ်(ဦးစီးမှူး-စက်မှု)-ဒေါ်တင်ဇာဦး၊ ဒေါ်ဝေဇင်လတ် (အလယ်တန်းပြ) အလက(၁၅) အောင်မြေသာဇံမြို့နယ်၊ မန္တလေးမြို့၊ ဦးသော်ဇင်ထွေး (ဒုတပ်ကြပ်) ပြည်ထဲရေး၊ နေပြည်တော်တို့၏မွေးသမိခင်၊ မောင်လင်းသစ်ရာဇာ၏အဘွား၊ ဦးမျိုးမြင့် (ဒုအရာခံဗိုလ်-ငြိမ်း)၏ဇနီးသည် ၁၇-၁၂-၂၀၁၄ရက် ညနေ ၆း၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈-၁၂-၂၀၁၄ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ကွင်းကြီးသုသာန် နေပြည်တော်၌ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၁၂-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်။] ကျန်ရစ်သူမိသားစု

### ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
## ဒေါ်ရင်ကြူ
## အသက်(၆၀)
### ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)၊ ရန်ကုန်မြို့တော်ဘဏ်လီမိတက်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၆)လမ်း၊ အမှတ်(၈၁)၊ မြေညီထပ်နေ (ဦးခေတ်စိန်)-ဒေါ်စိန်မွှေးတို့၏သမီးကြီး၊ (ဦးဘွန်ဟော့-ဒေါ်ကျင်)တို့၏ သမီးချွေးမ၊ ဦးကျော်သန်း (တရားလွှတ်တော်ရှေ့နေ)၏ချစ်ဇနီး၊ ဒေါ်ရင်တီ၊ ဦးဝင်းကြိုင်-ဒေါ်မြင့်မြင့်ဦး၊ ဦးသိန်းဝင်း-ဒေါက်တာစန်းစန်းဌေး(USA)၊ဦးအောင်သန်း-ဒေါ်မာမာစန်း(ခေတ္တ-စင်ကာပူ)၊ ဦးဝမ်းတင်-ဒေါ်နွဲ့ယဉ်ဟန်၊ ဦးအောင်လင်း-ဒေါ်နွဲ့နွဲ့ဝင်း၊ ဒေါ်သီတာအေးတို့၏အစ်မ၊ ကိုကျော်ဇင်ထက်၊ ကိုညာဏ်ဝေလင်းတို့၏ ချစ်လှစွာသောမိခင်၊ တူ/တူမ ရှစ်ယောက်တို့၏အဒေါ် ဒေါ်ရင်ကြူသည် ၁၇-၁၂-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၂း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၂-၂၀၁၄ (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(အထက်ပါ နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၂-၂၀၁၄ (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအေးကို
## အသက် (၅၃)နှစ်
### ဒုလက်ထောက်ကြီးကြပ်ရေးမှူး
### သင်တန်းကျောင်း၊အကျဉ်းဦးစီးဌာန

ရန်ကုန်မြို့၊ အကျဉ်းဦးစီးဌာနဝင်း၊ ခတ္တာလိုင်း၊ အမှတ်(၁၇/၂)နေ ထောင်ပိုင် [ဦးမောင်မောင်(ငြိမ်း)]-ဒေါ်ခင်နွဲ့တို့၏သား ဦးအေးကိုသည် ၁၈-၁၂-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၁၀း၂၀ နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တ ကန္တာစာရ
### ပဓာန မဟာနာယက သက်တော်ရှည်ဆရာတော်ကြီး
## သိက္ခာတော် (၈၁)ဝါ၊ သက်တော် (၁၀၁)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ (၇)ရပ်ကွက်၊ သုဓမ္မာပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာနမဟာနာယက သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တ ကန္တာစာရ မဟာထေရ် မြတ်ကြီးသည် (၁၃၇၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ရက်) ၁၆-၁၂-၂၀၁၄ (အင်္ဂါနေ့) နံနက် ၇း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်) ၂၈-၁၂-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် အန္တိမအဂ္ဂိစျာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ

### ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တနန္ဒ
### တိုင်းသံဃာ့ဝန်ဆောင်၊ တိုင်းဝိနည်းဓိုရ်
### (သာသန တက္ကသိုလ ဓမ္မာစရိယ BA. Buddhism)
## သိက္ခာတော် (၃၂)ဝါ၊ သက်တော် (၅၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်။ မဆယ်ဆိတ်ကျေးရွာ၊ ရွှေတံခါးပရိယတ္တိစာသင်တိုက်၊ ရွှေတံခါးဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ရွှေတံခါးပညာဒါနတို့၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တနန္ဒ (သာသနတက္ကသိုလ ဓမ္မာစရိယ၊ BA.Buddhism)သည် (၁၃၇၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်) ၁၆-၁၂-၂၀၁၄ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (ပြာသိုလပြည့်ကျော် ၁ရက်) ၅-၁၂-၂၀၁၅ရက်တွင် စံကျောင်းချ၍ (တပို့တွဲလဆန်း ၇၊ ၈၊ ၉၊ ၁၀)၊ [၂၆၊ ၂၇၊ ၂၈၊ ၂၉/၁/၂၀၁၅]ရက်တွင် အန္တိမအဂ္ဂိစျာပနကျင်းပမည်ဖြစ်ပါကြောင်း၊ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ တပည့် ဒါယကာ၊ ဒါယိကာမများ

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်ညွန့် (၈၇)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂၃)လမ်း၊ အမှတ်(၇၈)၊ ပထမထပ်နေ (ဦးယုံစစ်ချောင်-ဒေါ်ပုတ်)တို့၏သမီး၊ (ဦးစု)၏ဇနီး၊ (ဦးတင်ထွန်း)-ဒေါ်နီနီ၊ (ဦးထွန်းဝင်း)-ဒေါ်တင်တင်လတ်၊ ဒေါ်တင်တင်မြင့် (Shine Hope ကုမ္ပဏီ)၊ ဦးတင်ဝင်း-ဒေါ်ညွန့်စိန်၊ ဦးသန်းလွင်-ဒေါ်တင်တင်မွှေး၊ ဦးအောင်ဝင်း(အထွေထွေမန်နေဂျာ၊ မြန်မာ့မီးရထား)-ဒေါ်သန်းသန်းမြင့်၊ ဒေါ်တင်တင်ထွေးတို့၏ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၁၄ယောက်၊ မြစ်တစ်ယောက်တို့၏ ချစ်လှစွာသောအဘွား ဒေါ်တင်ညွန့်သည် ၁၇-၁၂-၂၀၁၄ရက် ည ၈ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၂-၂၀၁၄ရက် နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ခရစ်တော်၌ အိပ်ပျော်ခြင်း
## မန်းအောင်သန်းတင်(မန်းစဒေါ) (၇၉)နှစ်

ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊(၄)ရပ်ကွက်၊ရန်နိုင်လမ်းသွယ်၊တိုက်(၂၀၉)၊ အခန်း(၁၈)နေ ကျောင်းအုပ်ဆရာကြီး (ဦးမန်းဝီလ်ဆင်ထွန်း-ဂေါ်စိန်ကြွယ်)တို့၏ ဒုတိယသား၊ (မန်းစိန်သန်း-ဂေါ်ကျင်ဟုန်)တို့၏ညီ၊ မြောက်ဒဂုံမြို့နယ်နေ ဒေါ်သန်းသန်း-(ဦးသိန်းအောင်)၊ (မန်းမြင့်ဖေ- ဂေါ်စန်းကြည်)တို့၏အစ်ကို၊ Friedo Nwe Nwe Aung-Tommy Tin Maung, Zin May Aung, Patricia Aye Aye Thwe-Ricky Myint Lwin တို့၏ဖခင်၊ Rosalyn Tsee, Matthias Tsee, Damiral, Dominie, အေးချမ်းပိုင်၊ အေးသဒ္ဒါချမ်းတို့၏အဘိုး၊ Daw Dolly Yee Yee Thein ၏ချစ်လှစွာသောခင်ပွန်း မန်းအောင်သန်းတင် သည် ၁၆-၁၂-၂၀၁၄(အင်္ဂါနေ့)တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၀-၁၂-၂၀၁၄(စနေနေ့) ညနေ ၃နာရီတွင် ခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ [မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ နွယ်နီ (၁၀)လမ်း၊ အမှတ်(၄၀၆) နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးစောဂရေဟမ်သာယာ (၇၈)နှစ် တောင်ငူ
### ဦးစီးမှူး(ငြိမ်း)ဆည်မြောင်းဦးစီးဌာန

မော်လမြိုင်မြို့နေ (ဗိုလ်ကြီးစောသာယာ-ဒေါ်သေးသေး)တို့၏သား၊ တောင်ငူမြို့၊ ရပ်ကွက်(၂၀)၊ ကျွန်းရိုးတန်းလမ်းနေ (ဦးစောဟဲရစ်-ဒေါ်လှရီ)တို့၏ သားသမက်၊ ဒေါ်မူးမူးဟဲရစ်၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးစောဂျွန်သာယာ)၏ညီ၊ (ဦးစောပီးကျော်-နော်ဒေါ်လီသာယာ)၊ ဦးတင်စိုး-ဒေါ်မော်လီသာယာတို့၏ အစ်ကို၊ (နော်ဆာမူဝါး)၊ စောမူဆေဝါး-မပွင့်မာလာလှိုင်၊ (စောဆာစေးဝါး)တို့၏ ဖခင်၊ တူ/တူမ ရှစ်ယောက်တို့၏ဦးလေး၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁၇-၁၂-၂၀၁၄(ဗုဒ္ဓဟူးနေ့) ည ၇နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၉-၁၂-၂၀၁၄(သောကြာနေ့) နံနက် ၁၀နာရီတွင် ပကူးမြို့မ၊ နှစ်ခြင်းအသင်းတော် ဗိမာန်တော်၌ ဝတ်ပြုပြီးတောင်ငူမြို့အနောက် ခရစ်ယာန်သုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်း တို့အား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးထင်ပေါ် (၆၈)နှစ်

ရွှေစင်တိပိဋကရေဆရာတော်၊ ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ၏ ခမည်းတော်ကြီး၊ မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ မဲကုန်းကျေးရွာနေ (ဦးထွန်းတင်-ဒေါ်ကြည်)တို့၏ သား၊ ဒေါ်ခင်မြ၊ ဒေါ်ခင်လှတို့၏မောင်၊ မြင်းခြံမြို့၊ (၆)ရပ်ကွက်နေ ကိုခင်မောင်မြင့်-မဆွေဆွေဝင်း၊ ကိုခင်မောင်ဦး-မချိုချိုသန်း၊ မချိုချိုစန်းတို့၏ ချစ်လှစွာသော မွေးသဖခင်၊ မြေးလေးယောက်တို့၏အဘိုး၊ တိပိဋကရေမယ်တော်ကြီး (ဒေါ်ဖွား)၏ခင်ပွန်း ဦးထင်ပေါ်သည် ၁၇-၁၂-၂၀၁၄ (ဗုဒ္ဓဟူးနေ့) ညနေ ၆း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၂-၂၀၁၄(သောကြာနေ့) နံနက် ၉နာရီတွင် မန္တလေးမြို့၊ (၁၆)လမ်း၊ ၆၁/၆၂ လမ်းကြား၊ မတ္တရာတိုက် ရွှေစင်တိပိဋက၊ ရွှေလရောင်ကျောင်းမှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဦးကြည်လွင်
## အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတောင် ဦးဝိစာရလမ်းသွယ်၊ အမှတ်(၁၀၄/၂)၊ ခြောက်လွှာနေ ဦးမောင်စု-ဒေါ်မြရွှေတို့၏သားလတ်၊ ဦးနယ်လ်ဆင်မွှေး၊ ဒေါ်ဒေါ်လီမွှေးတို့၏သားသမက်၊ ဦးစိုးမောင်-ဒေါ်နန့်ကျင်သန်း၊ ဒေါ်လှလှတင်(အထက-၂၊ စမ်းချောင်း)တို့၏ညီ/မောင်၊ ဦးဝင်းအောင်-ဒေါ်ခိုင်ခိုင်တို့၏ အစ်ကို၊ ဒေါ်ခင်မျိုးအေး၏ခင်ပွန်း၊ ကိုတင်ထွန်းနိုင် (FMI Co., Ltd.)၊ မနှင်းနုအောင် (Blue Ocean Call Center)၊ မောင်ပြည့်စုံလွင်တို့၏ဖခင် ဦးကြည်လွင်သည် ၁၈-၁၂-၂၀၁၄(ကြာသပတေးနေ့) မွန်းလွဲ ၂း၄၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၂-၂၀၁၄ရက်တွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်) ကျန်ရစ်သူမိသားစု

# ရွှေ့ပြောင်းအလုပ်သမားများ အခြေခံအခွင့်အရေးနှင့် ဝန်ဆောင်မှုများကို အနိမ့်ဆုံးအဆင့်ဖြင့်သာ ခံစားခွင့်ရရှိနေ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးကိုကာကွယ်ရန်၊ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ကောင်းမွန်သော အကျိုးသက်ရောက်မှုများကိုမြှင့်တင်ရန်၊ မြန်မာနိုင်ငံနှင့်အာဆီယံဒေသအတွင်းရှိ ရွှေ့ပြောင်းသွားလာသော အလုပ်လုပ်ကိုင်နေသူများအား အသိပညာပေးခြင်းဖြင့် ကူညီစောင့်ရှောက်မှုကို မြှင့်တင်ရန်နှင့် ရွှေ့ပြောင်းသွားလာ လုပ်ကိုင်သူများနှင့်၎င်းတို့၏ မိသားစုများ၏ လူမှုစီးပွားဘဝကိုမြှင့်တင်ရန် ရည်ရွယ်ချက်များဖြင့် ၂၀၁၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများနေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဦးညဏ်ထွန်း တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးညဏ်ထွန်းက အမှာစကားပြောကြားရာ၌ အလုပ်သမားစေလွှတ်သည့်နိုင်ငံနှင့် ရောက်ရှိအလုပ်လုပ်ကိုင်နေသည့် နိုင်ငံနှစ်ခုစလုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် ရွှေ့ပြောင်းအလုပ်သမားများ၏ အထောက်အကူပြုမှုကို အသိအမှတ်ပြုပြီး ၎င်းတို့နှင့်မိသားစုဝင်များ၏ အခွင့်အရေးအပေါ် ဂုဏ်ယူလေးစားမှုကိုမြှင့်တင်ပေးနိုင်ရန် ကုလသမဂ္ဂအဖွဲ့ကြီးက ဒီဇင်ဘာ ၁၈ ရက်ကို အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများနေ့အဖြစ်သတ်မှတ်ပြီး ၂၀၀၀ ပြည့်နှစ်မှစတင်၍ နိုင်ငံတကာတွင် အဆိုပါအခမ်းအနားများကို နှစ်စဉ်ကျင်းပလျက်ရှိပါကြောင်း။

ရွှေ့ပြောင်းသွားလာသူများနေ့ အခမ်းအနားများတွင် ရွှေ့ပြောင်းအလုပ်သမားအခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးတို့အတွက် လုပ်ငန်းအစီအစဉ်များရေးဆွဲချမှတ်ခြင်းနှင့် ကောင်းမွန်သည့်ကျင့်ထုံးများ မျှဝေပေးခြင်းတို့ကို ဆွေးနွေးချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

**စာမျက်နှာ ၉ ကော်လံ ၁ သို့●**



ဒုတိယသမ္မတ ဦးညဏ်ထွန်း ခန်းမအတွင်းပြသထားသည့် ရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာ လှုပ်ရှားမှုဓာတ်ပုံများနှင့် အလုပ်သမားများအတွက် အထောက်အထားထုတ်ပေးရေးလုပ်ငန်းသုံးစက်ကိရိယာများအား လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

# အင်ဒိုနီးရှားကုမ္ပဏီ ၂၅ ခု ပါဝင်သော ကိုယ်စားလှယ်အဖွဲ့မှ နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများ မြှင့်တင်ရန် စီးပွားရေးဆွေးနွေးပွဲနှင့် သင်တန်းများ လာရောက်ပြုလုပ်

**ရန်ကုန် ဒီဇင်ဘာ ၁၈**

အင်ဒိုနီးရှားနိုင်ငံမှ အစိုးရနှင့် ပုဂ္ဂလိကပိုင်ကုမ္ပဏီ ၂၅ ခု ပါဝင်သော စီးပွားရေးကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ လာရောက်ခဲ့ပြီး နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများ မြှင့်တင်ရန်အတွက် မြန်မာစီးပွားရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ ဆွေးနွေးပွဲနှင့် စီးပွားရေးစွမ်းဆောင်ရည်မြှင့်တင်နိုင်မှု သင်တန်းတိုများကို လာရောက်ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

မြန်မာနှင့် အင်ဒိုနီးရှားနိုင်ငံတို့အကြား နှစ်နိုင်ငံစီးပွားရေးဆွေးနွေးပွဲများကို မကြာခဏ ပြုလုပ်မှုများရှိခဲ့ပြီး ယခုတစ်ကြိမ်တွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံးတွင် ဒီဇင်ဘာ ၁၈ ရက်က ကျင်းပခဲ့သည်။ ဒီဇင်ဘာ ၁၉ ရက်တွင် မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေး စသည့်ကဏ္ဍများနှင့် စပ်လျဉ်း၍ စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်ရေး သင်တန်း၊ သတ္တုတွင်းထွက်ကဏ္ဍများနှင့် စပ်လျဉ်း၍ သင်တန်း၊ ဘိလပ်မြေထုတ်လုပ်မှုအရည်အသွေး မြှင့်မားလာစေရေးနှင့် စပ်လျဉ်း၍ သင်တန်း၊ ချေးငွေနှင့်အကြွေးပေးစနစ် ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍများနှင့် စပ်လျဉ်း၍ သင်တန်းတိုများကို ခရီးစဉ်အတွင်း ပေးအပ်ခဲ့သည်ဟု သိရသည်။

အင်ဒိုနီးရှား စီးပွားရေးကိုယ်စားလှယ်အဖွဲ့သည် ခရီးစဉ်အတွင်းတွင် သတ္တုတွင်းထွက်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ဘိလပ်မြေလုပ်ငန်း၊

**စာမျက်နှာ ၉ ကော်လံ ၃ သို့■**

## ယနေ့မာတိကာ


လူလိုက်ပါခြင်းမရှိသော ထိပ်ဖူးတပ်အကြီးမားဆုံးဒုံးယာဉ် အိန္ဒိယလွှတ်တင် **စာမျက်နှာ - ၄**

မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး (သို့မဟုတ်) မြန်မာနိုင်ငံအတွက် စီးပွားရေး အခွင့်အလမ်းကောင်းများ **စာမျက်နှာ - ၆**

ဇန်နဝါရီဈေးကွက်အတွင်း ကစားသမားသစ်ထပ်ခေါ်မည် မဟုတ်ကြောင်း မော်ရင်ဟိုဆို **စာမျက်နှာ - ၁၃**




# မြန်မာအသင်း ယှဉ်ပြိုင်ခွင့်ရရှိထားသည့် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ဖေဖော်ဝါရီ ၁၁ ရက်တွင် မဲခွဲမည်

**သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်**

မြန်မာယူ-၂၀ အသင်းဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိထားသည့် ၂၀၁၅ ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုမဲခွဲပွဲ အခမ်းအနားကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။ လက်ရှိတွင် ပြိုင်ပွဲဝင်ခွင့်ရရှိထားသည့် အသင်းအားလုံးထွက်ပေါ်ခြင်းမရှိသေးဘဲ ၂၄ နေရာတွင် ၁၂ သင်းသာ ထွက်ပေါ်သေးသည်။

နယူးဇီလန်နိုင်ငံတွင်ကျင်းပမည့် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိထားသည့် အသင်းများမှာ အာရှဇုန်မှ မြန်မာ၊ကာတာ၊ မြောက်ကိုရီးယား၊ဥဇဘက်ကစ္စတန်၊ ဥရောပဇုန်မှ ဂျာမနီ၊ ပေါ်တူဂီ၊ ဩစတြီးယား၊ ဟန်ဂေရီ၊ ဆားဘီးယား၊ ယူကရိန်း၊ သမုဒ္ဒရာပိုင်းဇုန်မှ ဖီဂျီနှင့် အိမ်ရှင်နယူးဇီလန်အသင်းတို့ဖြစ်သည်။ တောင်အမေရိက၊အာဖရိကနှင့် ကွန်ကာကက်ဖ်ဇုန်တို့မှ အသင်းများ ကျန်ရှိနေသေးပြီး အာဖရိက ယူ-၂၀ ပြိုင်ပွဲ၊ တောင်အမေရိက ယူ-၂၀ ပြိုင်ပွဲနှင့် ကွန်ကာကက်ဖ် ယူ-၂၀ ပြိုင်ပွဲတို့ကို ဇန်နဝါရီလအတွင်း အပြီးကျင်းပသွားမည်ဖြစ်သည်။ ပထမဆုံးယှဉ်ပြိုင်ခွင့်ရရှိထားသည့် မြန်မာယူ-၂၀ အသင်းမှာလည်း ရလဒ်ကောင်းများရရှိရန် ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ နယူးဇီလန်နိုင်ငံ သံအမတ်ကြီးနှင့်

**စာမျက်နှာ ၉ ကော်လံ ၄ သို့○**






themirror.npt@gmail.com www.facebook.com/themirrordaily Hot Line No-09-30500100 R/184

ရွှေလပမ်းဦး ပြည်-အကောက်တောင် ကျိုက်ထီးရိုး ချောင်းသာ
* ပုဂံ(စွယ်တော်လေးဆူ)၊ ညောင်ဦး၊ ပုပ္ပါး (ဟိုတယ်တည်း၊ ဆိုင်ကျွေး)
* မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်ကဿပ
* တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ အောင်ပန်း၊ ကလော
ထားဝယ်ရှင်ကိုးရှင်၊ မြောက်ဦး၊ မော်လမြိုင်၊ ကျိုက္ခမီ၊ စက်ခဲ
ကားမျိုးစုံစီးလုံးငှား စီစဉ်ပေးပါသည်။
09-251013759, 09-31738840, 09-32276307

# ဂုဏ်ယူဝမ်းမြောက်ကြောင်း

မြန်မာနိုင်ငံ ဂျပန်ပြန်ပညာသင်ဟောင်းအသင်းနာယကများဖြစ်ကြသော ဒေါက်တာ **အောင်ကျော်**နှင့် **ဦးမြင့်ဝေ** တို့သည် ဂျပန်အစိုးရကချီးမြှင့်သည့် “ **The Order of the Rising Sun, Gold Rays with Rosette**” ဆုကို ချီးမြှင့်ခံရသည့်အတွက် မြန်မာနိုင်ငံဂျပန်ပြန် ပညာသင်ဟောင်းအသင်း အလုပ်အမှုဆောင်အဖွဲ့နှင့် အသင်းသူ အသင်းသား များက ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

**အလုပ်အမှုဆောင်အဖွဲ့**

**မြန်မာနိုင်ငံဂျပန်ပြန်ပညာသင်ဟောင်းအသင်း(MAJA)**

---

မြန်မာ့တိုင်းရင်းဆေးစွမ်းဖြင့် ဆံပင်သန်စွမ်းခြင်းအာနိသင်ကို ထိရောက်စွာ ရရှိစေရန် ကျား၊ မ နေ့စဉ်လိမ်း အထူးဆံပင်သန်ဆေးခေါင်းလိမ်းဆီ

ဂုဏ်မြင့်သူ
ဆံပင်သန်၊ ဆံပင်ပေါက်ဆေး




* ဆံပင်ပျော့ပျောင်း၍ ဖောက်ကင်းရှင်းခြင်း
* ဆံပင်မည်းနက်တောက်ပြောင်စေခြင်း
* ဆံပင်ပါး၍ ကျွတ်ခြင်းအတွက် သန်စွမ်းသော ဆံပင်အသစ်များ ပြန်ပေါက်စေခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR-012368 (0916) ၊ ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ၈/၂၀၁၄ တဆထလ(၂၆၂၃) ၊ ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက (စာနယ်ဇင်း) ၀၅၈/၁၀၁၄

ဖြန့်ချိရေး
ခိုင်ပွင့်
လူသုံးကုန်ဖြန့်ချိရေး
အမှတ် (၁၂၉)၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၃၇၈၉၃၅
၀၉ ၇၃၂ ၄၃၆၃၀

---

## ဆောက်လုပ်ရေးသုံးပစ္စည်းများ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မွန်ပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မော်လမြိုင်ခရိုင်၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်ရန် လိုအပ်လျက်ရှိသော ဆောက်လုပ်ရေးပစ္စည်းများကို အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါသည်။

| | |
|---|---|
| (က) တင်ဒါလျှောက်လွှာရယူနိုင်သည့်ရက် | - ၁၇-၁၂-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) |
| (ခ) တင်ဒါလျှောက်လွှာရယူနိုင်သည့်နေရာ | - မြို့နယ်လက်ထောက်အင်ဂျင်နီယာရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မော်လမြိုင်မြို့ |
| (ဂ) တင်ဒါလျှောက်လွှာပိတ်မည့်ရက် | - ၂၂-၁၂-၂၀၁၄ရက် (တနင်္လာနေ့) |
| (ဃ) တင်ဒါဖွင့်မည့်နေ့ရက် | - ၂၃-၁၂-၂၀၁၄ရက် (အင်္ဂါနေ့) နံနက်၁၀း၀၀နာရီ |
| (င) တင်ဒါဖွင့်မည့်နေရာ | - အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မော်လမြိုင်မြို့၊ |

**တင်ဒါစိစစ်ရေးကော်မတီ ဖုန်း-၀၅၇-၂၄၅၈၅**

## ပျောက်ဆုံးကြောင်း

ကျွန်တော်များ Great Wall Wilmar Holdings ကုမ္ပဏီလီမိတက်၏ ID အမှတ်-158128(9-10-2014)မူရင်းမှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း- ၀၉-၇၃၁၈၇၆၈၅၊ ၀၉-၄၂၀၀၄၆၂၁၉**

## စိန်ရတနာအဆင့်မြင့်ကွန်ဒိုရောင်းမည်

1500 sqft ၊MB,2BR,3AC ရေပူရေအေး/အဆင့်မြင့်ပြင်ဆင်ပြီး၊ကားပါကင်ကောင်း၊Lift/(၂၄)နာရီလုံခြုံရေး၊ကမာရွတ်မြို့နယ်၊စိတ်ငြိမ်ရပ်ကွက်အတွင်း၊ရန်ကုန်အင်းစိန်လမ်းမ၊PISMကျောင်းအနီး၊နေရာကောင်း၊

**ဈေးနှုန်း - (၃၃၀၀) သိန်း**

Ph : 09-5166702, 09-31056676, 09-259196474

## ခြံရောင်းမည်

သုဝဏ္ဏ၊ ကျွန်းရွှေမြိုင်( VIP 1 )

ပေ(၄၀×၁၁၅) (ခြံဝင်းခတ်ပြီး)

**ဆက်သွယ်ရန်ဖုန်း-၀၉-၈၆၃၆၉၃၄**

## အများပြည်သူများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ညည-၁၆၊ (၆၃-က)နေ ကျွန်မ ဒေါ်တင်မိုးကြည် [၉/ပကခ(နိုင်)၀၀၄၈၈၀] ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့် ‘သုံးရာသီ’ ကုန်အမှတ်တံဆိပ်(ယိုမျိုးစုံ)သည် ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၇)၊ အမှတ် (၄၁/ဆ-၃)နေ ဦးတင်ကိုအေး၏ ‘သုံးရာသီ ’ ကုန်အမှတ်တံဆိပ်(ယိုမျိုးစုံ)ထွက်ကုန်များနှင့် တိုက်ဆိုင်နေပါ၍ မှားယွင်းစွာ ကုန်အမှတ်တံဆိပ်အသုံးပြုခြင်းအတွက် ဦးတင်ကိုအေးအား တောင်းပန်ပါကြောင်းနှင့် အများသိရှိစေရန် အသိပေးကြေညာပါသည်။

**ကြေညာသူ-ဒေါ်တင်မိုးကြည်**

## VIP

**အိမ်၊ ခြံ၊ မြေ အကျိုးဆောင်**

**မှော်ဘီ**

| | |
|---|---|
| ပေ ၄၀ × ၆၀ (စလစ်) | ၃၂၀ သိန်း |
| ပေ ၄၀ × ၆၀ (3B) | ၂၀၀ သိန်း |
| ပေ ၄၀ × ၆၀ (စလစ်) | ၁၃၀ သိန်း |

ရောင်း/ဝယ် လိုသူများ ဆက်သွယ်နိုင်သည်။

**ဖုန်း-၀၉၂၅၄၀၈၁၅၇၀၊ ၀၉၇၉၅၈၅၅၉၄၀**

## Mini Condo ငှားမည်
## ပိုင်ရှင်ကိုယ်တိုင်

1000 Sq-ft, AC (2)လုံး၊ ရေပူ/ရေအေး၊ ရေ+မီး၊ 24 Hour ၊ ကားပါကင်+ဓါတ်လှေကားပါ။

**Ph : 09 5019130
09 73191010
09 795293186**

## တိုက်ခန်းရောင်းမည်

*သယ်န်းကျွန်း၊ ငမိုးရိပ်(၃)၊ (၄)လမ်း ပေ(၁၂. ၅×၅၀)၊ ကြွေပြား / ပါကေးခင်း ပ-ထပ်၊ သိန်း(၄၁၀) ညှိနှိုင်း။

*သယ်န်းကျွန်း၊ မွန်တန်းလျားလမ်း ပေ(၁၃×၅၀)၊ မြေညီထပ် သိန်း(၂၇၅) ညှိနှိုင်း။

**ဖုန်း-၀၉-၄၅၀၀၄၇၅၆၉**

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

မှော်ဘီ၊ ပန်းတစ်ပွင့်တောင်လမ်းမဘေး၊ ရန်ကုန်-ပြည်လမ်းမနှင့်နီး၊ ခြံမြေ(၉)ဧက၊ အရှုပ်အရှင်းကင်း၊ ပိုင်ဆိုင်မှုခိုင်မာ၊ အမည်ပေါက် တစ်ဧကသိန်း(၁၆၀)၊ ခွဲမရောင်းပါ။

**ဖုန်း-၀၉-၄၂၀၀၄၄၀၇၈၊
၀၉-၄၂၀၁၀၆၆၄၈**

## ဒီကရီကိုအတည်ပြုလုပ်ရန်
## အမိန့်မထုတ်သင့်ကြောင်းထုချေစေရန်အကြောင်းကြားစာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
## သန်လျင်မြို့နယ်တရားရုံးတော်၌
## ၂၀၁၁ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၁ နှင့် ဆက်သွယ်သည့်
## ၂၀၁၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၃၇

| | | |
|---|---|---|
| ဦးကျော်ဝင်း | နှင့် | ၁။ ဦးကျော်မင်း |
| (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်လှမြင့်) | | ၂။ ဒေါ်စန်းအေး |
| | | ၃။ ဦးစိုးအောင် |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာ၊ (၁၃)နယ်မြေ၊ အောင်ချမ်းသာတိုးချဲ့ရပ်ကွက်၊ ဗဟို ၁၀လမ်း၊ အမှတ် G /၁၇၃ နေ (၁)တရားရှုံးဦးကျော်မင်း၊ (၂)တရားရှုံး ဒေါ်စန်းအေးနှင့် (၃)တရားရှုံး ဦးစိုးအောင် (ယခုနေရပ်လိပ်စာမသိသူများ)သိစေရမည်။

၂၀၁၁ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၁တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးကျော်ဝင်း (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်လှမြင့်)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၁၄ခုနှစ်၊ဒီဇင်ဘာလ ၃၀ရက် (၁၃၇၆ခုနှစ်၊ ပြာသိုလဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့သို့ လာရောက်စေ။

၂၀၁၄ခုနှစ်၊ဒီဇင်ဘာလ ၁၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**ကြူကြူဝင်း
မြို့နယ်တရားသူကြီး
သန်လျင်မြို့နယ်တရားရုံး**

ရွှေဂါမြို့ (ဆေးကုလားမ)
ပျိုးပင် ၂၀၀ ကျပ်
ဓပြီ၊ ဓမ၊ ဒွန် ၊ မိုးကြီးစိုက်ရန် ပျိုးပင်များ ရမည်
ဖုန်း 09 254448617 , 09 799859067

## (၁)ထပ်ခွဲတိုက် ဦးရာလူကိုရောင်းမည်

တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည်(၁၀)လမ်း၊ အမှတ်(၅၄၇/က)၊ ပေ(၂၀× ၆၀) (၁) ထပ်ခွဲတိုက် (ပြင်ဆင်ပြီး အသင့်နေနိုင်) ခြံထဲကားထား၍ရ၊ ခြံခတ်ပြီး၊ အရှေ့လှည့်၊ နှစ်(၆၀)ဂရန် အမည်ပေါက်၊ အောက်ထပ်အိပ်ခန်း(၂)ခန်း၊ အနောက်ဘက် အဆောင်အပါအဝင်၊ သိန်း(၁၈၅၀)၊ **ဖုန်း-၀၉-၅၁၁၀၉၉၅၊ ၀၉-၅၁၆၀၆၆၁**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## သာကေတမြို့နယ်တရားရုံး
## ၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်(၁၃၉)

| | | |
|---|---|---|
| ဦးဒါဝတ်ဟူစိန် | နှင့် | ဦးဇော်ဝင်း(ခ)ရော်ဖိတ် |
| (၎င်း၏ကိုယ်စားလှယ်စာရသူ ဦးမောင်မောင်) | | |

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ ဦးချစ်မောင်လမ်း၊ အမှတ် (၁၆၀)နေ တရားပြိုင် ဦးဇော်ဝင်း(ခ)ရော်ဖိတ် (ယခုနေရပ်လိပ်စာမသိ)သိစေအပ်ပါသည်။

သင့်အပေါ်၌ တရားလို ဦးဒါဝတ်ဟူစိန်က မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိ သည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ၊ သင့်ကိုယ်စားလှယ် အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလ ၂၆ရက်၊ (၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလ ၁၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဒေါ်ယုယုဆွေ)
တွဲဖက်မြို့နယ်တရားသူကြီး
သာကေတမြို့နယ်တရားရုံး**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
# စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
# နည်းပညာတက္ကသိုလ်/ကောလိပ်များ၏
# (၁၁)ကြိမ်မြောက် B.E/B.Arch/B.Tech ဘွဲ့အတွက်
# ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ နည်းပညာတက္ကသိုလ်/ကောလိပ်များ၏ ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း သက်ဆိုင်ရာ နည်းပညာတက္ကသိုလ်/ကောလိပ်များ၏ ဘွဲ့နှင်းသဘင်ခန်းမများတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

**အကြိုလေ့ကျင့်ခြင်း - ၁၄-၂-၂၀၁၅ ရက် (စနေနေ့) နံနက် ၉း၀၀ နာရီ**
**ဘွဲ့နှင်းသဘင်ကျင်းပခြင်း - ၁၅-၂-၂၀၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀ နာရီ**

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ အောက်ဖော်ပြပါ ဘွဲ့ရစာမေးပွဲ အောင်မြင်သူများ တက်ရောက်ဘွဲ့ယူနိုင်သည်-

စက်မှုနှင့် သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ နည်းပညာတက္ကသိုလ်/ကောလိပ်များတွင် ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့သော B.E/B.Arch နှင့် B.Tech စာမေးပွဲအောင်မြင်ပြီးသူများ။

၃။ ဘွဲ့နှင်းသဘင်ကြေးအား အောက်ဖော်ပြပါအတိုင်း သတ်မှတ်ထားပါသည်-
(က) တက်ရောက်ဘွဲ့ - B.E/B.Arch/ B.Tech ဘွဲ့အတွက် -၁၅၀၀ိ/- (ကျပ်တစ်ထောင့်ငါးရာတိတိ)
(ခ) အဝေးရောက်ဘွဲ့ - B.E/B.Arch/ B.Tech ဘွဲ့အတွက် -၁၀၀၀ိ/- (ကျပ်တစ်ထောင်တိတိ)

၄။ ဘွဲ့နှင်းသဘင်အတွက် မြန်မာဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံပြည့်ဖြင့် ဝတ်ဆင်ရိုက်ကူးထားသော (တစ်လက်မခွဲ ×နှစ်လက်မ) အရွယ်ဓာတ်ပုံငါးပုံ(ဓာတ်ပုံ၏ အောက်တွင် မှတ်ပုံတင်နံပါတ်ထည့်သွင်းရိုက်ကူးခြင်းမပြုရန်) နှင့်အတူ လျှောက်လွှာတင်ရမည်ဖြစ်သည်။

၅။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ၅-၁-၂၀၁၅ရက်နေ့မှစ၍ မိမိတို့စာမေးပွဲအောင်မြင်ခဲ့သော နည်းပညာတက္ကသိုလ်/ကောလိပ်များရှိ ကျောင်းသားရေးရာဌာနများမှ ဝယ်ယူ၍ ပြည့်စုံစွာ ဖြည့်စွက်ပြီး ၁၆-၁-၂၀၁၅ရက် (သောကြာနေ့) နောက်ဆုံးထားပြီး လျှောက်ထားရမည်။

၆။ ဘွဲ့နှင်းသဘင်သို့ တက်ရောက်မည့်သူများသည် အကြိုလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်ကျင်းပခြင်း အခမ်းအနားတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား) ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်နိုင်သည်။ (အဆိုပါ အကြို လေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင် ကျင်းပခြင်းအခမ်းအနားတွင် မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသော ဝတ်စားဆင်ယင်မှုမျိုးဖြင့် လုံးဝတက်ရောက်ခွင့်ပြုမည် မဟုတ်ပါ။)

၇။ ဘွဲ့နှင်းသဘင်တက်ရောက်မည် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင် တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး တက်ရောက်ရန် ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်း ထုတ်ပေးမည် မဟုတ်ပါ။

မှတ်ချက်။ ။ အသေးစိတ်အချက်အလက်များ စုံစမ်းသိရှိလိုပါက သက်ဆိုင်ရာ နည်းပညာတက္ကသိုလ်/ကောလိပ်များ ရှိ ကျောင်းသားရေးရာဌာနများတွင်စုံစမ်းနိုင်ပါသည်။

**စက်မှုနှင့် သက်မွေးပညာဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ရွှေပြည်သာစက်မှုဇုန် အပိုင်း(၁)အတွင်းရှိ စက်မှုဇုန်ပိုင် လမ်းများပေါ်တွင် သွားလာ၊ ရပ်တန့်နေသောကားများ၊ ညအိပ်သောကားများအား မြန်မာကျပ်ငွေဖြင့် အခွန်ကောက်ခံရန် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံ လုပ်ငန်းအပ်နှံလိုပါသည်။

၂။ တင်ဒါပုံစံများကို ၂၃-၁၂-၂၀၁၄ရက်တွင် စတင်ရောင်းချ၍ ၁၀-၁-၂၀၁၅ ရက်၊ ညနေ ၃နာရီတွင် တင်ဒါပိတ်ပါမည်။

၃။ အထက်ပါလုပ်ငန်းနှင့်ပတ်သက်သော အသေးစိတ်စည်းကမ်းချက်များနှင့် လိုအပ်ချက်များကို အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက် စုံစမ်းနိုင်ပါသည်။

မှတ်ချက်။ ။စုံစမ်းလေ့လာမှုကို သတင်းစာကြော်ငြာပါသည့်နေ့မှစ၍ စုံစမ်းနိုင်ပါသည်။

လိပ်စာ - စီမံခန့်ခွဲရေးကော်မတီ
ရွှေပြည်သာစက်မှုဇုန်အပိုင်း(၁)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၆၁၀၇၁၂၊ ၆၁၂၅၆၂၊ ၆၁၂၅၆၃

## ဒေါ်နီနီစိုင် (DBN-၀၁၅၀၅၀) နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့ ၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ ၁၅၇-လမ်း၊ အမှတ်(၈၆)နေ ဦးလှမြင့် (AKB-၂၀၉၇၇၇)နှင့် ဦးကိုလေး (ခ) အာမိန်ဟူစိန် (၁၂/တမန(နိုင်)၀၄၂၅၉၅)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာ အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၄-E)၊ မြေကွက်အမှတ် (၄၂-B) အကျယ်အဝန်း (၂၀ ပေ × ၈၀ ပေ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ်(၄၅၅) ဟု ခေါ်တွင်သော နေအိမ်အဆောက်အဦးနှင့်တကွ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် နော်ဘီဟူစိန်(ခ) ဦးကျော်မြင့်အမည်ဖြင့် နှစ် (၆၀)မြေငှားဂရန်စာချုပ်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့မြေစာရင်းတွင် အမည်ပေါက်လျက်ရှိပြီး နော်ဘီဟူစိန်(ခ) ဦးကျော်မြင့်မှာ (၁၅. ၂. ၂၀၁၂)နေ့တွင် ကွယ်လွန်ခဲ့ရာ ဖခင် ဦးဟိန္ဒာဟူစိန်မှ အထက်ပါမြေနှင့်အိမ်ကို သားဖြစ်သူ အမည်ဖြင့် အမည်ခံကာ ဝယ်ယူခဲ့ကြောင်း (၂၃. ၉. ၂၀၁၄)နေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာထည့်သွင်းဖော်ပြ ခဲ့ပါသည်။ ဦးဟိန္ဒာဟူစိန်သည် (၆. ၁၀. ၂၀၁၄)ရက်နေ့က ကွယ်လွန်သွားခဲ့ရာ ဒေါ်နီနီစိုင်မှ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးကျော်မြင့် (ခ)နော်ဘီဟူစိန်၏ တရားဝင်ဇနီး တော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင် ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် လျှောက်ထားကြောင်းသိရသဖြင့် အထက်ပါမြေကွက်နှင့်နေအိမ် တို့မှာ မိဘပိုင်ပစ္စည်းဖြစ်၍ ဦးကျော်မြင့်(ခ)နော်ဘီဟူစိန်ပိုင်ဆိုင်သည့် ပစ္စည်းမဟုတ်သည့်အပြင် ကျွန်ုပ်၏မိတ်ဆွေ မိသားစုအားလုံးမှာလည်း ဘင်္ဂါလီလူမျိုး၊ အစ္စလာမ်ဘာသာဝင်များဖြစ်ကြသဖြင့် အစ္စလာမ်တရားဥပဒေအရလည်း ၎င်းတစ်ဦးတည်း အမွေဆက်ခံခွင့်မရှိကြောင်းနှင့် ဒေါ်နီနီစိုင်အားလည်း တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်နေကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
ဦးစိန်မင်း A.G.T.I (M.T), LL.B (စဉ်-၅၀၆၆)
တရားလွှတ်တော်ရှေ့နေနှင့်ကုမ္ပဏီများ၏အတိုင်ပင်ခံရှေ့နေ
ရုံး -အခန်း(၁၀၁/ခ)၊ တိုက်(၉/၁၁)၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
အိမ် -အမှတ်-၃၃၅၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၀ ၅၆၉၄

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
## B.Tech မှ B.E ပေါင်းကူးဝင်ခွင့်စာမေးပွဲ ကျင်းပမည့် အစီအစဉ်ကြော်ငြာခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများတွင် ဖွင့်လှစ်သင်ကြားလျက်ရှိသော B-Tech သင်တန်းများ၏ အတန်းတင်စာမေးပွဲများတွင် အောင်မြင်ခဲ့ပြီး တစ်ဆင့်မြင့်သင်တန်းများသို့ ဆက်လက်တက်ရောက်ခွင့်မရခဲ့သော ကျောင်းသား၊ ကျောင်းသူအားလုံးအား ပေါင်းကူးဝင်ခွင့် စာမေးပွဲ ဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်။

၂။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုခွင့် လျှောက်လွှာများနှင့် မိမိတို့ဖြေဆိုရမည့် ဘာသာရပ်အလိုက် Scope များကို မိမိတို့ B.Tech သင်တန်းအောင်မြင်ခဲ့သည့် နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများတွင် ၁၂-၁-၂၀၁၅ရက်မှ စတင် ရယူနိုင်ပြီး လိုအပ်သည်များ ဖြည့်စွက်၍ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၂၉-၅-၂၀၁၅ရက် နောက်ဆုံးထားပြီး လျှောက်ထားရမည်ဖြစ်သည်-

(က) B.Tech ဘွဲ့လက်မှတ်မူရင်း၊ (သို့မဟုတ်)အောင်မြင်ကြောင်းထောက်ခံစာ။
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ကိုယ်တိုင်ဝန်ခံချက်နှင့် မိဘအုပ်ထိန်းသူများ၏ ဝန်ခံချက်။
(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၄)ပုံ။

၃။ ပေါင်းကူးဝင်ခွင့်သတ်မှတ်ချက်များအတိုင်း လျှောက်လွှာတင်ထားသည့် စာမေးပွဲဖြေဆိုမည့်သူများသည် မိမိတို့လျှောက်လွှာတင်ထားသည့် နည်းပညာတက္ကသိုလ်/ကောလိပ်/သိပ္ပံများတွင် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ဖြေဆိုရမည်-

| စဉ် | ဖြေဆိုမည့်ဘာသာရပ် | နေ့ရက် | အချိန် |
|---|---|---|---|
| ၁ | အင်္ဂလိပ်စာ | ၂၇-၆-၂၀၁၅ (စနေနေ့) | နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီထိ |
| ၂ | သက်ဆိုင်ရာဘာသာရပ် | ၂၈-၆-၂၀၁၅ (တနင်္ဂနွေနေ့) | နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီထိ |

၄။ အခြားသိလိုသည်များရှိပါက ကျောင်းသားရေးရာဌာန၊ စက်မှုနှင့် သက်မွေးပညာဦးစီးဌာန(ရုံးချုပ်)နေပြည်တော်။ ဖုန်း-၀၆၇-၄၀၄၁၈၂နှင့် သက်ဆိုင်ရာ နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများတွင် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးဦးစီးဌာန
## စိတ်ကျန်းမာရေးဆေးရုံကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်
## ရန်ကုန်တိုင်းဒေသကြီး
## ဆေးဝါးအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ စိတ်ကျန်းမာရေးဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော စိတ်ဝေဒနာရှင်များအတွက် ကုသပေးရန် လိုအပ်သည့် FDA အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရဆေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်-

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၁၅-၁၂-၂၀၁၄ရက် နံနက်(၁၀)နာရီ
တင်ဒါပိတ်ရက် - ၃၁-၁၂-၂၀၁၄ရက် ညနေ(၄)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးပစ္စည်းများစာရင်း အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ စိတ်ကျန်းမာရေးဆေးရုံကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

ဟိုက်ခြောလစ်/လေဖိအား
Full Auto အုတ်ရိုက်စက်
ခေတ်မီမြေအုတ်ရိုက်စက် များမှာယူနိုင်ပါသည်။
(၆၇)၊ သံသုမာလမ်း၊ သုဝဏ္ဏသွားဆေးတက္ကသိုလ်အနီး
PH:09 731 99 410
09420035882, 73199257

ဒဂုံမြို့သစ်
(တောင်ပိုင်း)၊(ဆိပ်ကမ်း)
မြေကွက်များဝယ်လိုသည်
ဖုန်း -0943075129

## “မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ရော(၁၁)လမ်း၊ အမှတ်(၁၂၇)မြေကွက်ပေါ်တွင်(၂)ခန်းတွဲ(၆)ထပ်တိုက်သစ် ဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ အများသိစေရန်ကြေညာချက်”

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေပိုင်ရှင် ဦးသောင်းရှိန်-ဒေါ်သောင်းငွေး၊ ဝေယံမြင့်မြတ်ဆောက်လုပ်ရေးအဖွဲ့ဒါရိုက်တာ ဦးမင်းယုနိုင်တို့၏လွှဲအပ်ချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

အထက်ပါ ကန်ထရိုက်တိုက်သစ်ဆောက်လုပ်ခြင်းနှင့်ပတ်သက်၍မြေပိုင်ရှင်နှင့် ကန်ထရိုက်တာတို့အကြား အခန်းပေးအခန်းယူစနစ်ဖြင့် တိုက်သစ်ဆောက်လုပ်ရန် ၃၀-၅-၂၀၁၄ရက်နေ့ပါ သဘောတူကတိစာချုပ် ချုပ်ဆိုသဘောတူညီခဲ့ကြခြင်းနှင့်ပတ်သက်၍ “ခေါင်းရင်းခြမ်း၊ ခြေရင်းခြမ်း” အခန်းပေးအခန်းယူကိစ္စနှင့်ပတ်သက်၍ နှစ်ဖက်သဘောတူညီမှု လွဲမှားပြီး အငြင်းပွားခဲ့ကြခြင်းနှင့်ပတ်သက်၍ နှစ်ဦးနှစ်ဖက်လူကြီးများရှေ့မှောက်တွင် ညှိနှိုင်းဆွေးနွေးခဲ့ကြရာ ယခင်သဘောတူညီမှုကတိစာချုပ်ပါအတိုင်း ညှိနှိုင်းပြေလည်ပြီးဖြစ်သည့် အလျောက် မြေရှင်နှင့်ကန်ထရိုက်တာတို့မှ မိမိတို့အသီးသီးအကျိုးခံစားခွင့်ရရှိမည့် အခန်းများကို မိမိတို့သဘောဆန္ဒအလျောက် လွတ်လပ်စွာ စီမံခန့်ခွဲပိုင်ခွင့်ရှိပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူများ**
ဦးသောင်းရှိန်-ဒေါ်သောင်းငွေး
ဦးမင်းယုနိုင်(ဒါရိုက်တာအဖွဲ့ဝင်)
ဝေယံမြင့်မြတ်ဆောက်လုပ်ရေးအဖွဲ့

**လွှဲအပ်ညွှန်ကြားချက်အရ-**
ဦးလှမြင့် (LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ
အမှတ်-၅၀၊ ပထပ်၊ D-၂၊ ဘဏ်လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၁၆၀၃၈၃၊ ၀၉-၅၀၈၈၆၀၅

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးဦးစီးဌာန
## အထွေထွေရောဂါကုနှင့်သင်ကြားရေးဆေးရုံကြီး၊ မြောက်ဥက္ကလာပ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြောက်ဥက္ကလာပအထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ဆေးကုသပေးရန် လိုအပ်သော FDA အသိအမှတ်ပြုဆေးနှင့် ဆေးပစ္စည်း၊ ဓာတ်ခွဲခန်း/ဓာတ်မှန်ခန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် လိုင်စင်ရဆေးကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် - ၁၂-၁၂-၂၀၁၄ ရက်
တင်ဒါပိတ်မည့် နေ့ရက်နှင့်အချိန် - ၉-၁-၂၀၁၅ ရက်၊ ညနေ (၁၆း၀၀) နာရီထိ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဝယ်ယူမည့် ဆေးဝါး/ပစ္စည်းစာရင်း အသေးစိတ်ကို သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါဖွင့်ဖောက်ရေးကော်မတီ**
**မြောက်ဥက္ကလာပဆေးရုံကြီး၊ ဖုန်း-၀၁-၉၆၉၉၄၁၀၊ ၀၁-၉၆၉၀၂၉၅**

## အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန
## လူမှုဖူလုံရေးအဖွဲ့
## တည်ဆောက်ရေးလုပ်ငန်းများအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လူမှုဖူလုံရေးအဖွဲ့မှ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်များရှိ မြို့နယ်များတွင် လူမှုဖူလုံရေးအဖွဲ့ပိုင် ရုံးနှင့်ဆေးခန်းများ၊ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခြင်း၊ အုတ်ခြံစည်းရိုးနှင့် ဂိတ်တံခါး ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါဖြင့် လုပ်ငန်းအပ်နှံ လိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းမည့်ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံဝယ်ယူရမည့်ရက် - ၂၉-၁၂-၂၀၁၄ရက်မှ ၅-၁-၂၀၁၅ရက်အထိ (ရုံးချိန်အတွင်း)
တင်ဒါတင်သွင်းရမည့်ရက် - ၂၁-၁-၂၀၁၅ရက်၊ ၉း၃၀နာရီမှ ၁၆း၀၀နာရီအတွင်း တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။
တင်ဒါဖွင့်မည့်ရက် - ၂၉-၁-၂၀၁၅ရက်၊ နံနက် ၁၀း၀၀နာရီ

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၃၀၃၇၀၊ ၀၆၇-၄၃၀၃၇၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လူမှုဖူလုံရေးအဖွဲ့၊ ရုံးအမှတ်(၅၁)၊ နေပြည်တော်**

## သတ္တုတွင်းဝန်ကြီးဌာန
## မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | အမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ရေယာဉ်သုံးပစ္စည်း(၆)မျိုးနှင့် မီးသတ်ဆေးဘူး(၃၁)ဘူး | 1 Lot |

၂။ တင်ဒါပိတ်သိမ်းမည့်နေ့ရက်မှာ ၁၆-၁-၂၀၁၅ရက် ညနေ ၁၆း၀၀နာရီဖြစ်ပြီး တင်ဒါပုံစံများအား ၁၇-၁၂-၂၀၁၄ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပါသည်။ တင်ဒါဖွင့်ဖောက်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ဝယ်ယူသိုလှောင်ဖြန့်ဖြူးရေးဌာန၊ ဖုန်း-၀၆၇-၄၁၄၀၈၃သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း**

## အများသိစေရန်ကြေညာချက်

ရွှေပြည်သာစက်မှုဇုန် အပိုင်း(၁)အတွင်းရှိ လမ်းများကို ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် စက်မှုလုပ်ငန်းရှင်များ၏ အများထည့်ဝင်ငွေများဖြင့် ကွန်ကရစ်လမ်းများ ခင်းလျက်ရှိပါသည်။

သို့အတွက် ရွှေပြည်သာစက်မှုဇုန် အပိုင်း(၁)အတွင်း ဝင်ထွက်သွားလာနေကြသည့် မော်တော်ယာဉ်များ၊ ထော်လာဂျီ၊ သုံးဘီးဆိုင်ကယ်များအားလုံးကို ၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ ၁ရက်နေ့မှစတင်၍ သတ်မှတ်နှုန်းထားဖြင့် လမ်းဝင်/ထွက်ကြေးများ ကောက်ခံမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**စီမံခန့်ခွဲရေးကော်မတီ**
**ရွှေပြည်သာစက်မှုဇုန် အပိုင်း(၁)**

## အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးရန်နိုင်(ခ) ဦးရန်နိုင်အုန်း-ဒေါ်စန်းစန်းတင့်တို့၏ သားကြီးဖြစ်သူ ကိုဖြိုးဇွန်(ခ)ကိုမျိုး[၁၃/ ကခန(နိုင်) ၀၅၆၅၈၇]သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲ ဂုဏ်သိက္ခာကျဆင်းအောင် ပြုလုပ်ပါသဖြင့် အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စမဆို မသက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(မေးမြန်းစုံစမ်းခြင်းသည်းခံပါ)

**ဦးရန်နိုင်-ဒေါ်စန်းစန်းတင့်**

# ဂုဏ်ယူဝမ်းမြောက်ကြောင်း

နိုင်ငံတကာ အသိအမှတ်ပြု အရည်အသွေးစီမံခန့်ခွဲမှုစနစ်**(ISO. 9001:2008)**လက်မှတ်ရရှိသည့် **AUTHENTIC PRODUCT-ION CO., Ltd** အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ယခုထက်ပို၍ တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့ဝင်များ**

**Bo Minn Bo Construction Co., Ltd**


ထွက်ပြီ

the bookhouse

စိတ်ဝင်စားဖွယ် နိုင်ငံတကာ ဖြစ်ရပ်မှန်စာအုပ်များ ရရှိနိုင်ပါပြီ
၀၉-၇၃၀၈၅၅၅၀၊ ၀၉-၃၀၂၃၂၃၂၀




၂၀၁၅ ခုနှစ် လူသားတို့၏ တစ်နှစ်တာ ကံကြမ္မာ
***ဟိန်းလတ်***

အမေရိကန်သမ္မတ ထိပ်တန်း လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး၏ ကိုယ်တွေ့ဖြစ်ရပ်များ
***မြတ်ငြိမ်း***

အမေရိကန်သမ္မတ အဆက်ဆက်၏ မိန့်ခွန်းများကို ရေးသားခဲ့သူ၏ နိုင်ငံရေးလောက အတွေ့အကြုံများ
***ဇင်သန့်***

လက်စွဲတော် ဂျပန်စာ စားဖိုမှူး ပြောပြသည့် လူမသိသေးသည့် ကင်ဂျုံအန်၏ အတွင်းစိတ်များ
***ဆလိုင်းအောင်မင်းလှိုင်***

ပုံစံခွက်ထဲမှာ စနစ်တကျ လေ့ကျင့်ထားသော မြောက်ကိုရီးယားစပိုင် ဇကေရီတစ်ဦး၏ ဖွင့်ဟချက်များ
***အေးထွန်းမင်း***

ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်တက် သမားတစ်ဦး၏ ကိုယ်တွေ့မှတ်တမ်း
***ဟိန်းလတ်***



MIC

edexcel
Approved Centre No. 93679

Myanmar Imperial College



- Diploma in Business
- Diploma in Advertising & Branding
- Diploma in Hospitality & Tourism
- B.A (Hons) Business Management
- B.A (Hons) Marketing Management

MBA

- MIC တွင်တက်ရောက်နိုင်သော Diploma (HND) ကို UK မှတိုက်ရိုက်ပေးအပ်ပြီး Diploma ရရှိပြီးပါက Bachelor Degree ကို MIC တွင်ဖြစ်စေ၊ နိုင်ငံတကာရှိတက္ကသိုလ်ကြီးများတွင်ဖြစ်စေ အချိန်ကာလ (၁)နှစ်အတွင်း ဆက်လက်သင်ကြားနိုင်ပါသည်။
- အလုပ်အကိုင် အခွင့်အလမ်းကောင်းများကို ရယူလိုသော တက္ကသိုလ်ဘွဲ့ရများအနေဖြင့်လည်း အင်္ဂလန်မှ တိုက်ရိုက်ပေးအပ်သော စီးပွားရေးမဟာဘွဲ့ MBA ကို အချိန်ကာလ (၁)နှစ်ခွဲအတွင်း ရယူနိုင်ပါသည်။

**Enroll Now!** အမှတ် (၆၂/C)၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ **09 73210001/01 537562**


## ဖခင်အမည်မှန်

ကျိုက်ထိုမြို့နယ်၊ အထက(ခွဲ)အင်ဘို အဌမတန်းမှ မအိစန္ဒီထွေး၏ဖခင်အမည်မှန်မှာ ဦးခင်မောင်ထွေး[၁၀/ကထန(နိုင်) ၀၉၄၈၁၈]ဖြစ်ပါကြောင်း။ **ဦးခင်မောင်ထွေး**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ခေါင်လွမ်း[၁/မကန(နိုင်)၁၂၀၈၃]၏ ပတ်စပို့(No-မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၂၈၈၇၄၅၆**

## အမည်ပြောင်း

မြစ်ကြီးနားတက္ကသိုလ်၊ ဂုဏ်ထူးတန်း(ပထမနှစ်-စိတ်ပညာ)ဖြင့် အောင်မြင်ပြီးသူ (အဖ)ဦးဇော်ထွယ်နော်၏သား မောင်ဘွယ်စိမ်းဒူ၏ အမည်မှန်မှာ မောင်ဘွမ်ဆင်းဒူ[၁/မကန(နိုင်)၁၇၁၇၃၇]ဖြစ်ပါသည်။

## ပျောက်ဆုံးကြောင်း

ကျွန်မ မပန်လတ်[၁/မကန(နိုင်)၁၃၅၁၃]၏ ပတ်စပို့(No-မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၁၅၆၂၈၈၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈/ဝါဆို မြေကွက်အမှတ်-၄၈၇၊ မြေကွက်တည်နေရာ အမှတ်(၁၈)၊ ရွှေစေတီလမ်း၊ ဝါဆိုရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဒေါ်အမာ[၁၂/ဒပန(နိုင်)၀၁၃၆၁၂]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်အမာ(မိခင်)နှင့် ဦးမောင်ညွန့်(ဖခင်)သားများဖြစ်သူ ဦးရဲလှနှင့် ဦးရဲမြင့်တို့ကွယ်လွန်သဖြင့် ဦးရဲလှ၏ တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်ရီရီအေး[၁၂/ဒပန(နိုင်)၀၁၂၈၁၇]၊ ဦးရဲမြင့်၏ တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်ခင်ရီ[၁၂/ဒပန(နိုင်)၀၁၂၈၁၀]နှင့် ဒေါ်အမာ၏အမွေစားအမွေခံ ကိတ္တိမမွေးစားသမီးဖြစ်သူ ဒေါ်လှဲ့လှဲ့ဝင်း[၁၂/ဒပန(နိုင်)၀၀၈၃၈၉]တို့မှ ကျမ်းကျိန်လွှာ သေစာရင်းများနှင့် မွေးစားစာချုပ်၄၃၂၇/၂၀၀၆တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် တင်ပြလာမှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂အီး^၁၊ မြေကွက်အမှတ်-၄၂၁အေ-၅/၈အေ-၂၊ ဦးဘိုးလုံးအမည်ပေါက် မြေပိုင်မြေ အမျိုးအစား ဧရိယာ(၀. ၆၁၉)ဧကအနက်မှ အမှတ်-၂၀၈၊ စခန်းလမ်း၊ ဗဟန်းမြို့နယ်ဟုခေါ်တွင်သော (အလျား၂၂ပေ×အနံ ပေ၈၀)အား ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော် တရားမကြီးမှုအမှတ်-၁၅၅၇/၂၀၁၁၏ ၁၆-၁၀-၂၀၁၂ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီ၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမဇာရီမှုအမှတ်-၁၇၂/၂၀၁၂တွင် ချမှတ်သော၂၅-၂-၂၀၁၃ရက်စွဲပါ တရားရုံးအမိန့်၊ အရောင်းအဝယ်စာချုပ်အမှတ်-၆၃၆၆/၂-၁၀-၂၀၁၄တို့အားတင်ပြ၍ ဦးမင်အောင်[၁၄/ဖပန(နိုင်)၀၀၈၈၂၃]မှ မြေကွက်ခွဲစိတ်ရန် မြေပုံကူး လျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**